# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြု။**

ပန်းရန့်သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြု၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)**


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၆)၊ အမှတ် (၂၁၂)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘယ်လ်ဂျီယံဘုရင်၊ ဘယ်လ်ဂျီယံဝန်ကြီးချုပ်နှင့် ဥရောပကောင်စီဥက္ကဋ္ဌတို့ သီးခြားစီတွေ့ဆုံ

**ဘယ်လ်ဂျီယံ (ဘရပ်ဆဲလ်) မေ ၂**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe၊ ဘယ်လ်ဂျီယံဝန်ကြီးချုပ် H.E. Mr.Charles Michel၊ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့ ယနေ့တွင် သီးခြားစီတွေ့ဆုံဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❀



**ကြိုဆိုနှုတ်ဆက်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe တို့ တွေ့ဆုံစဉ်**

(သတင်းစဉ်)

# ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံသားများ ပါဝင်သည့်အဖွဲ့ မြန်မာနိုင်ငံ၌ လည်ပတ်ရန် မြဝတီ-မဲဆောက်ဂိတ်မှ ဝင်ရောက်

**ထိန်လင်းအောင်(မြန်/ဆက်)**

**မြဝတီ မေ ၂**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် နိုင်ငံ ခြားသား လူဝင်/လူထွက်နှင့်ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့် အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ စတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုခဲ့ရာ မေ ၂ ရက် နံနက် ၉ နာရီက All Asia Exclusive Travels & Tours Co.,Ltd. ၏အစီအစဉ်ဖြင့် ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံသားများ ပါဝင်သည့် အဖွဲ့ဝင် ၃၈ ဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ် ၂၈ စီးဖြင့် မြဝတီ-မဲဆောက်ဝင်ထွက်ဂိတ်မှ ဝင်ရောက်ပြီး မြဝတီမှ ပဲခူး၊ နေပြည်တော်၊ ဘားအံမြို့တို့သို့

*စာမျက်နှာ ၃ ကော်လံ ၃* ✪

**ထူးခြားသည့်နေ့အပူချိန်များ**

**နေပြည်တော် မေ ၂**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းမူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဇလွန်မြို့တွင် ၀ ဒသမ ၇၅ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၄၈ လက်မ၊ ဗန်းမော်မြို့၊ မိုးညှင်းမြို့နှင့် မိုးကောင်းမြို့တို့တွင် ၀ ဒသမ ၄၀ လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ ကသာမြို့၊ တမူးမြို့နှင့် ခရမ်းမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# လွတ်လပ်မှု၊ တာဝန်နှင့် ဆင်ခြင်တုံတရား

ကမ္ဘာတစ်ဝန်းနိုင်ငံအသီးသီးရှိ စာနယ်ဇင်းလွတ်လပ်ခွင့်အခြေအနေများကို သုံးသပ်အကဲဖြတ်ရန်၊ သတင်းမီဒီယာများ၏ လွတ်လပ်မှုအပေါ်တိုက်ခိုက်မှုများမှ အကာအကွယ်ပြုရန်၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်း သတင်းလုပ်ငန်းခွင်များတွင် လုပ်ကိုင်ဆောင်ရွက်ရင်း အသက်ကိုစတေးခဲ့ကြရသည့် သတင်းသမားများကို ချီးကျူးဂုဏ်ပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် မေလ ၃ ရက်နေ့ကို ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အဖြစ် ကျင်းပရန် ၁၉၉၃ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ နှစ်စဉ် ကမ္ဘာ့နိုင်ငံများ၌ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ပင်မအခမ်းအနားကို လှည့်လည်ကျင်းပရာတွင် သတင်းစာလွတ်လပ်ခွင့်၏ အရေးပါမှုကို ပိုမိုအလေးအနက်ထားလာကြစေရန်၊ အစိုးရများအနေဖြင့် မိမိတို့၏တာဝန်များကို လေးစားသမှုပြုကြစေရန်အတွက် သတိပေးနှိုးဆော်ရန်၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၉) (Article 19) နှင့်အညီ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်း ရည်ရွယ်ချက်များထားရှိသည်။

"လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာစွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ်အယူအဆများကို သတင်းမီဒီယာတစ်ရပ်ရပ်မှတစ်ဆင့် နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။"ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၉) တွင် ဖော်ပြထားသည်။ သတင်းစာလွတ်လပ်ခွင့်ဟု ဆိုရာတွင် သတင်းမီဒီယာများတွင် ရေးသားဖော်ပြမှုများနှင့်စပ်လျဉ်း၍ အစိုးရ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြုမှုအတိုင်းအတာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိကြသည်။ သာဓကအားဖြင့်လည်း သတင်းစာများ စတင်ပေါ်ပေါက်ခဲ့သည့် ရှေးခေတ်ကာလမှစ၍ သတင်းစာနှင့် အုပ်စိုးသူအာဏာပိုင်တို့အကြား သတင်းစာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ဝိရောဓိအသွင်ဆောင်ကာ ဆန့်ကျင်ခဲ့ကြသည်မှာ ကမ္ဘာတစ်ဝန်းမျက်မှောက်ခေတ်ကာလတိုင်ဖြစ်ပြီး အနာဂတ်တွင်လည်း ဆက်၍ရှိနေဦးမည်ဟု မှန်းဆရသည်။ သတင်းမီဒီယာများက အချုပ်အချယ်ကင်းစွာ လွတ်လပ်မှုကိုရယူလိုကြပြီး အာဏာပိုင်များဘက်ကလည်း သတင်းမီဒီယာများ၏လွတ်လပ်ခွင့်နှင့်စပ်လျဉ်း၍ ကန့်သတ်ရန်၊ ချုပ်ချယ်ရန်၊ ဖိနှိပ်ရန် စသည်ဖြင့် ကြိုးပမ်းနေမည်သာဖြစ်သည်။ ယင်းသို့သော အခြေအနေမျိုးမှာ ဒီမိုကရေစီအမည်ခံနိုင်ငံ၊ အာဏာရှင်နိုင်ငံမျိုးတွင်သာဖြစ်ပြီး ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများအနေဖြင့်မူ သတင်းစာလွတ်လပ်ခွင့်ကို ဒီမိုကရေစီ၏အချက်အချာအနှစ်သာရတစ်ရပ်အနေဖြင့် အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။

စင်စစ်အားဖြင့် "လွတ်လပ်မှု" ဟု ဆိုရာတွင် "တာဝန်" သည်လည်း တွဲလျက်ပါပြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ သတင်းစာဆရာ(ဝါ) ဂျာနယ်လစ်သည် ဥပဒေ၏အထက်တွင် ရှိသူမဟုတ်သည့်အလျောက် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်။ သတင်းစာဆရာသည် အခွင့်ထူးခံများမဟုတ်သည့်အလျောက် သတင်းစာဆရာ၏ အခွင့်အရေးသည် အခြားပုဂ္ဂိုလ်တို့၏ အခွင့်အရေးအတိုင်းသာဖြစ်ရမည်ဖြစ်သည်။ သတင်းသမားတစ်ယောက်၏ ရေးသားထုတ်ဖော်ပြောဆိုမှုမှာမူ သာမန်အရပ်သားတစ်ဦး၏ ရေးသားပြောဆိုမှုနှင့်မတူဘဲ အကျိုးသက်ရောက်မှုအတိုင်းအတာ ကြီးမားတတ်သည့်အလျောက် မိမိရေးသားပြောဆိုမှုတစ်ခုကြောင့်ဖြစ်လာနိုင်သည့် အကျိုးဆက်ကို မှန်းဆသိမြင်ကာ ဆင်ခြင်တုံတရား လက်ကိုင်ထားကြဖို့ လိုသည်ဟု ရှုမြင်ပါသည်။ အထူးသဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးရန်ဖြစ်သည်ဟု ဆိုလိုပါကြောင်း။ ။

# သူနာပြုတက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆုပေးအပ်

နေပြည်တော် မေ ၂

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် မေ ၁ ရက် မွန်းလွဲ ၂ နာရီက Sule Shangri-La Hotel Ballroom တွင် ကျင်းပသည့် Making Healthcare More Accessible သူနာပြု တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၂၀ အား ပညာသင်ဆုပေးအပ်ခြင်းနှင့် Zuellig Pharma and Pacific AA Group တို့ လုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းစာချုပ် ချုပ်ဆိုသည့် အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် Zuellig Pharma မှ ဒုတိယဥက္ကဋ္ဌ Mr. Yves Hermes နှင့် Pacific AA Group မှ Managing Director ဦးဇော်မိုးခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တက်ရောက်လာသူများအား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု Video အား ပြသခဲ့သည်။ ထို့နောက် Zuellig Pharma မှ ဒုတိယဥက္ကဋ္ဌ နှင့် Pacific AA Group မှ Managing Director တို့က လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းစာချုပ်ကို လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ Mr. Frederik, Geneal Manager, Zuellig Pharma က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုကျောင်းသား ကျောင်းသူ ၂၀ အား ပညာသင်ထောက်ပံ့ဆုပေးမည့် အစီအစဉ်အား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် Pacific AA Group မှ Executive Director ဒေါက်တာစောနေနွယ်က ပညာသင်ဆုပေးရခြင်း အကြောင်းရင်းကို တင်ပြခဲ့ပြီး သူနာပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ဗီဒီယိုအား ပြသခဲ့သည်။ ထို့နောက် သူနာပြုကျောင်းသား ကျောင်းသူ ၂၀ အား ပညာသင်ထူးချွန်ဆု ချီးမြှင့်ပေးမည့် Commitment Letter အား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေး၊ Pacific AA Group မှ Executive Director ဒေါက်တာ စောနေနွယ်နှင့် Mr. Frederik Geneal Manager Zuellig Pharma တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၈) ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် စာအုပ်များဖိတ်ခေါ်

**ရန်ကုန် မေ ၂**

(၈) ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လိုသော စာအုပ်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ဖိတ်ခေါ်လျက်ရှိသည်။

အသေးစိတ်အချက်အလက်များမှာ ပြိုင်ပွဲဝင်စာမူရှင်သည် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ နှစ်သက်ရာအမျိုးအစားတွင် ဘာသာရပ်တစ်ခု၌ တစ်မျိုးစီသာ တင်သွင်းနိုင်သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းက အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ရမည်။ ပြိုင်ပွဲဝင်စာအုပ်သည် (၁)လူမျိုးနှင့်ယဉ်ကျေးမှုကွဲပြားမှုအပေါ်တွင် လူသားဆန်စွာရှုမြင်သုံးသပ်သည့်အမြင်ဖြင့် ရေးသားပြုစုသော စာအုပ် (သို့မဟုတ်) (၂)မြတ်နိုးချစ်ခင် ပတ်ဝန်းကျင်ဟူသည့် အကြောင်းအရာကို အထောက်အကူပြုရေးသားသော စာအုပ်ဖြစ်ရမည်။ သက်ဆိုင်ရာမဲခေါင်စာပေဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့၏ အချိန်ကန့်သတ်ချက်အရ ပြိုင်ပွဲဝင်စာအုပ်များကို မေ ၁၀ ရက်နေ့ နောက်ဆုံးထားကာ ကိုယ်တိုင်ရေးပြိုင်ပွဲဝင်လျှောက်လွှာနှင့်အတူ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့် ၄ လက်မ × ၆ လက်မအရွယ် ဓာတ်ပုံ နှစ်ပုံပူးတွဲ၍ ပြိုင်ပွဲဝင်စာအုပ် လေးအုပ်ကို ပဏာမ မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ၇ လွှာနှင့် ၈ လွှာ ပန်းဆိုးတန်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြေညာထားသည်။

**(မြန်မာ့အလင်း)**



မေ ၂ ရက်က ဂျပန်နိုင်ငံ အိုဆာကာ ကင်းထောက်အမျိုးသမီးကောင်စီ နှစ် (၇၀)ပြည့်အခမ်းအနား တက်ရောက်ရန်သွားရောက်မည့် မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာ တင်ညိုနှင့်အတူ ကင်းထောက်ကြီးများအား တွေ့ရစဉ်
(မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်)

# အမျိုးသားသတင်းဆုပေးပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)က ကြီးမှူး၍ ပဉ္စမအကြိမ် အမျိုးသားသတင်းဆုပေးပွဲ အခမ်းအနားကို မေ ၃ ရက်(ဗုဒ္ဓဟူး) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အမျိုးသား သတင်းဆုပေးပွဲတွင် သတင်းသူရဲကောင်းဆုနှင့်အတူ အမျိုးသားသတင်းဆု ငါးဆုအား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **အောင်သူရ**

## ပြင်ဆင်ဖတ်ရှုပါရန်

မေလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းစာမျက်နှာ ၂ တွင် ဖော်ပြပါရှိသော နာဂစ်- နဝမမြောက်နှစ်ပတ်လည် အယ်ဒီတာ့ အာဘော် ကဏ္ဍ၏ ပထမစာပိုဒ် အစတွင် ၂၀၀၈ ခုနှစ် မတ်လ ၂ ရက် အစား မေလ ၂ ရက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။
(မြန်မာ့အလင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ | ·၂၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၇ | ·၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၁ | ·၉၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ***ရှေ့ဖုံးမှ***

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံဆွေးနွေးသည်။

**တွေ့ဆုံဆွေးနွေး**

ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘရပ်ဆဲလ်မြို့ Egmont Palace ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘယ်လ်ဂျီယံဝန်ကြီးချုပ် H.E. Mr. Charles Michel တို့ တွေ့ဆုံဆွေးနွေးကြသည်။

**အကူအညီပေး**

တွေ့ဆုံစဉ် မြန်မာနှင့် ဘယ်လ်ဂျီယံနှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရည်အသွေးမြှင့်တင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကိစ္စရပ်များအား ဘယ်လ်ဂျီယံနိုင်ငံက ဆက်လက်အကူအညီပေးနေသည့်ကိစ္စ၊ မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာနိုင်ငံဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံက အကူအညီပေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီ အဆောက်အအုံ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီးယူဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့ရသော အခက်အခဲ အောင်မြင်မှုရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

အလုပ်သဘော နေ့လယ်စာစားပွဲတွင် မြန်မာ-အီးယူဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး အီးယူမှ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိရေးအတွက် ဆက်လက်ကူညီပံ့ပိုးသွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ရှင်းလင်းဖြေကြား**


နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အတူ ဥရောပသမဂ္ဂကော်မရှင် အဆောက်အအုံ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိပြီး မြန်မာသံရုံးမိသားစုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် ညစာအတူတကွသုံးဆောင်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သောအဖွဲ့နှင့် ဘယ်လ်ဂျီယံဝန်ကြီးချုပ် H.E. Mr. Charles Michel တို့ တွေ့ဆုံဆွေးနွေးစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့ တွေ့ဆုံဆွေးနွေးစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini တို့ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်



❂ ***ရှေ့ဖုံးမှ***

သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအဖွဲ့နှင့်အတူ All Asia Exclusive Travels &Tours Co.,Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးဝေရာဇာနှင့် ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးစိုင်းသီဟစိုး၊ မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည်တို့သည် မေ ၅ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ တိုးနေမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စစ်ရေးယာဉ်များ အပြန်အလှန်ချစ်ကြည်ရေးခရီး စေလွှတ်ရေး၊ စင်ကာပူနိုင်ငံရှိ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် နိုင်ငံတကာဆက်ဆံရေး မဟာဘွဲ့သင်တန်းများ၊ အခြားကာလတိုသင်တန်းများတွင် သင်တန်းသားများ စေလွှတ်တက်ရောက်ရေး၊ စင်ကာပူနိုင်ငံ၌ ပြုလုပ်မည့် Shangri-La Dialogue တွင် ပါဝင်တက်ရောက်ဆွေးနွေးရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာတို့ တွေ့ဆုံဆွေးနွေးစဉ်**



# နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များ ညောင်ရွှေမြို့နယ်အတွင်း လှည့်လည်လေ့လာ

**ညောင်ရွှေ မေ ၂**

အင်းလေးခေါင်တိုင်အပန်းဖြေစခန်း၌ရောက်ရှိနေသည့် ဘက်စုံပညာထူးချွန် လူငယ်ကျောင်းသား ကျောင်းသူများ ယနေ့နံနက်ပိုင်းတွင် အင်းလေးကန်အတွင်း အထင်ကရနေရာများ လေ့လာခြင်းနှင့် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါ လေ့လာရေးခရီးအတွင်း ဘက်စုံပညာထူးချွန်လူငယ်များသည် နံနက်ပိုင်းတွင် စက်လှေများဖြင့် အင်းလေးဒေသရိုးရာစိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကေလာရေခြံ၊ အင်းလေးဒေသ၏ ဂုဏ်ယူဖွယ်ရာ ဟဲယာရွာမ ငွေထည်လုပ်ငန်းမှ စိန်သမာဓိ ငွေထည်ဆိုင်၊ အင်းလေးရိုးရာရက်ကန်းခုံဖြစ်သည့် အင်းပေါခုံရက်ကန်း စက်ရုံစသည့် နေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် အလိုတော်ပေါက်ဘုရားနှင့် ရှေးဟောင်းသမိုင်းဝင်ဖောင်တော်ဦးဘုရားများကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ ထို့နောက် ဘက်စုံပညာထူးချွန်လူငယ်များသည် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့သို့ ဆက်လက်ထွက်ခွာကြသည်။

ညောင်ရွှေမြို့တွင် ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ် စံပြစပါးစိုက်ခင်း၊ ညောင်ရွှေဟော်နန်းလေ့လာခြင်းနှင့် ရတနာမာရ်အောင်စေတီတော်အား ဖူးမြော်ကြည်ညိုပြီးနောက် အင်းလေးအပန်းဖြေစခန်းသို့ ပြန်လည်ရောက်ရှိကြပြီး ညပိုင်းတွင် ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများကို ဖျော်ဖြေရေးကဏ္ဍများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘိ**

# ပင်မဓာတ်အားခွဲရုံရှိ သဘာဝဓာတ်ငွေ့တာဘိုင် အင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အားပေးပို့နေမှုစစ်ဆေး

**နေပြည်တော် မေ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ပြေီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များက ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်ရန်နှင့်ပတ်သက်၍ မေးမြန်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောက်ဖြူမြို့ လိပ်မော်ကျေးရွာတွင် တည်ရှိသော Kyauk Phyu Intial Gas Station (SEAGS) မှ ဓာတ်ငွေ့ပို့လွှတ်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း(OGT) အစည်းအဝေးခန်းမဆောင်၌ စီမံကိန်းတာဝန်ခံ Mr. Y.B. CHO မှ စီမံကိန်းအကြောင်း Video Clip များဖြင့် ရှင်းလင်းတင်ပြပြီး ဓာတ်ငွေ့တူးဖော်ပုံအဆင့်ဆင့်ပြသထားသော ပြခန်းအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဂုံးချိန်ကျေးရွာ ကံ့ကော်တောဘုရားအနီး တည်ရှိသည့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ၊ ပင်မဓာတ်အားခွဲရုံရှိ သဘာဝဓာတ်ငွေ့တာဘိုင်အင်ဂျင်များဖြင့် လျှပ်စစ်ဓာတ်အား ပေးပို့နေမှုတိုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘက်စုံပညာထူးချွန်လူငယ်များ ပုပ္ပားတောင်ကလပ်၊ ဥယျာဉ်နှင့် အပန်းဖြေနေရာသို့ လေ့လာ

**ညောင်ဦး မေ ၂**

ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)၌ အပန်းဖြေခရီး ရောက်ရှိနေသော အဋ္ဌမတန်းဘက်စုံ ပညာထူးချွန်ကျောင်းသားကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုရာ မြနန်းဘုံ ROYAL EMERALD RIVER VIEW RESORT မှ ပုပ္ပားနယ်တစ်ဝိုက်ရှိ အထင်ကရနေရာများနှင့် စိတ်ဝင်စားဖွယ်ကောင်းသော နေရာများသို့ သွားရောက်လေ့လာကြသည်။

ထူးချွန်ကျောင်းသားကျောင်းသူများသည် ပထမဦးစွာ ပုပ္ပားတောင်ကလပ်သို့ သွားရောက်လေ့လာသည်။ ထို့နောက် ပုပ္ပားတောင်ဥယျာဉ် ပညာပေးပြခန်းအတွင်းရှိ ပုပ္ပားတောင်ဆေးဘက်ဝင် အပင်များစိုက်ခင်း၊ ပရဆေးစိုက်ခင်းနှင့် ပြတိုက်အတွင်း ပြသထားသည့် ပြကွက်များအား လေ့လာကြသည်။ ပရဆေးစိုက်ခင်းတွင် ပရဆေးပင်




မြန်မာမျိုးရင်းမျိုးစိတ်ပေါင်း ၃၆၀ ရှိပြီး အများစုမှာ ပုပ္ပားနယ် တစ်ဝိုက်တွင်သာ ပေါက်ရောက်သည့် ပရဆေးပင်များဖြစ်ကြောင်း သိရသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများသည် POPPA MOUNTAIN RESORT သို့ သွားရောက်လေ့လာကြသည်။

**နိုင်လင်းကြည်**

# စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာဆွေးနွေး

**တပ်ကုန်း မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲက စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာဆွေးနွေးပွဲကို မေ ၂ ရက် နံနက်က တပ်ကုန်းမြို့နယ် ရေအေး KC ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့မှ တောင်သူလယ်သမားများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က အမှာစကားပြောကြားပြီး စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်နှင့် စပါးပညာရှင်များက ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ GAP စနစ်စိုက်ပျိုးရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသော တောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ပြည်သူနှင့်အတူ

## ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာ ပူးပေါင်းပါဝင်

**ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ဟူသည် အများပြည်သူတို့ရဲ့ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်တာဖြစ်လို့ အခုလို ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံးတို့က ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာနဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။**

( နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁-၁-၂၀၁၇ ရက်နေ့ နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားမှ ကောက်နုတ်ချက်)

## မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံ

**ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံမို့လို့ တော်တော်မှ ရှုပ်ထွေးတဲ့ သိမ်မွေ့တဲ့ ကိစ္စလေးတွေကို ကျွန်မတို့ ကိုင်တွယ်ရပါတယ်။ ရင်ဆိုင်ရပါတယ်။ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုတာဟာ ကျွန်မတို့အတွက် အကျိုးရှိနိုင်တဲ့ အင်မတန်မှ ကျယ်ပြန့်တဲ့ သယံဇာတကြီးတစ်ခုပဲလို့ ကျွန်မတော့ ဒီလိုပဲမြင်ပါတယ်။ ကျွန်မတို့ မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံ ပိုပြီးတော့ တိုးတက်အောင်လို့၊ ပိုပြီးတော့ ကျွန်မတို့နိုင်ငံဖွံ့ဖြိုးအောင်လို့ ကျွန်မတို့လုပ်နိုင်မယ်ဆိုတာလည်း အဓိကယုံကြည်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*✻ ကျော့ဖုံးမှ*

ဖြင့် လွှမ်းခြုံသည့် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အတူတကွ ဝိုင်းဝန်းဆွေးနွေးနိုင်ရန်ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၂၂ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ရေနှင့်ဆက်နွယ်သည့် ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၇ ခုနှစ် မတ်လတွင် အောင်မြင်စွာကျင်းပခဲ့ကြောင်း၊ အဆိုပါအခမ်းအနားတွင် အမျိုးသားမိုးရေခံလှုပ်ရှားမှုစတင် ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် အစီအစဉ်တစ်ရပ်ကို ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း၊

မြန်မာနိုင်ငံတော်အမျိုးသားအဆင့် ရေမူဝါဒစာအုပ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က သုံးသပ်အကြံပြုချက်များပေးပို့ခဲ့ပြီး အဆိုပါသုံးသပ်အကြံပြုချက်များနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များကိုမူတည်၍ စာအုပ်ပါအချက်များကို အဆင့်လိုက် တည်းဖြတ်ပြုစုရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှုလျော့နည်းသက်သာစေရေး၊ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ အချင်းချင်းဆက်နွယ်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ဆက်လက်ဆောင်ရွက်မည့် အမျိုးသားမိုးရေခံလှုပ်ရှားမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလို ကြောင်း၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့်ဆက်နွယ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက် ၍ ဝန်ကြီးဌာနအဖွဲ့အစည်းများ အချင်းချင်းဝိုင်းဝန်းညှိနှိုင်း၍ အားနည်းချက်နှင့် အားသာချက်များကိုစိစစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက် ဆောင်ရွက်စေလိုကြောင်း၊ ကော်မတီအနေဖြင့် နိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုများဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေမည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန် များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအဖွဲ့အစည်းများအချင်းချင်း အထောက်အကူပြု ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့ဝင်များက မိုးရေခံလှုပ်ရှားမှု၊ ရေကြီးရေလျှံမှုလျော့ပါးရေး၊ ရေရှားပါးမှုလျော့နည်းသက်သာစေရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ ဒုတိယသမ္မတက ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က ဝန်ကြီးဌာနအဖွဲ့အစည်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြချက်များ၊ ကော်မတီရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အကြံပြုဆွေးနွေးချက်များသည် ကော်မတီရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကိုရွေးချယ်ချမှတ်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့်လည်း ဆက်လက်၍အပြန်အလှန်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## သဘာဝဘေးမုန်တိုင်းအန္တရာယ်သတိပေးချက်အပေါ် ပြည်သူများ ပြန်လည်တုံ့ပြန်မှု ကြိုတင်သရုပ်ပြလေ့ကျင့်

**စစ်တွေ မေ ၂**

ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်လျက်ရှိသော မြန်မာနိုင်ငံအနောက်ဖျား ရခိုင်ပြည်နယ်သည် သဘာဝဘေးမုန်တိုင်းအန္တရာယ်ကြုံတွေ့ပါက မိုးလေဝသ သတိပေးချက်အပေါ် ကြိုတင်သိရှိဗဟုသုတရစေရန် ပြည်သူများပြန်လည်တုံ့ပြန်ကြိုတင် သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ချောင်းနွယ်ကျေးရွာအုပ်စု မင်းကန်ကျေးရွာ၌ ကျင်းပသည်။



မင်းကန်ရွာ၌ မုန်တိုင်းအန္တရာယ် ကြိုတင်သရုပ်ပြလေ့ကျင့်မှု မြင်ကွင်း

“ကျွန်တော်တို့ ဒီရခိုင်ပြည်နယ်က ဘင်္ဂလားပင်လယ်အော်နဲ့လည်း ထိစပ်နေတော့ သဘာဝဘေးမုန်တိုင်းအန္တရာယ်က မိုးကြိုကာလနဲ့ မိုးနှောင်းကာလတွေမှာ မကြာခဏဆိုသလို ပြည်သူတွေကြုံတွေ့ရတတ်ပါတယ်။ မုန်တိုင်းကြီး/ငယ်တာပဲကွာတာပါ။ ဒါကြောင့် ပြည်သူတွေ တကယ်သဘာဝဘေးမုန်တိုင်းအန္တရာယ်ကြုံလာရင် အသက်ဘေးက လွတ်မြောက်အောင် မိုးလေဝသက ထုတ်ပြန်တဲ့ မုန်တိုင်းအန္တရာယ် သတိပေးချက် အခြေအနေပေါ်ဘယ်လိုရှောင်တိမ်းရမယ်ဆိုတာကို သိစေချင်၊ ဗဟုသုတရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလို ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို လုပ်ဖြစ်တာပါ။ ခုဆိုရင် အနီရောင်ဆိုတာ ဘယ်အဆင့်၊ အဝါဆိုတာဘယ်အဆင့်ဆိုတာကို သူတို့တော်တော်လေးနားလည်နေကြပါပြီ”ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်း (ရခိုင်ပြည်နယ်ဦးစီးမှူးရုံး)က ပြောသည်။

ယနေ့ကျင်းပသော သဘာဝဘေးမုန်တိုင်းအန္တရာယ် မိုးလေဝသသတိပေးထုတ်ပြန်ချက်အပေါ် ပြည်သူများပြန်လည်တုံ့ပြန်မှု ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဦးဆောင်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် Asian Disaster Preparedness Center (ADPC) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ အဆိုပါသဘာဝဘေးမုန်တိုင်းအန္တရာယ် မိုးလေဝသသတိပေးထုတ်ပြန်ချက်အပေါ် ပြန်လည်တုံ့ပြန်သရုပ်ပြလေ့ကျင့်မှုကို ယခုနှစ်တွင် ရခိုင်ပြည်နယ်၌ ပထမဆုံးကျင်းပခြင်းဖြစ်ပြီး ပြည်နယ်အတွင်းရှိ ပင်လယ်ကမ်းခြေနှင့် နီးစပ်သော ကျေးရွာများတွင် ယခုကဲ့သို့ ကြိုတင်သရုပ်ပြမှုများကို ထပ်မံလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဒေသပြည်သူတွေကို အခုလိုလုပ်ပေးရတဲ့ရည်ရွယ်ချက်ကတော့ ရခိုင်ပြည်နယ်တွင်းမှာရှိတဲ့ ဒေသတွေဟာ မုန်တိုင်းဘေးအန္တရာယ်နဲ့ ထိခိုက်နိုင်တဲ့နေရာတွေဖြစ်နေပါတယ်။ ဒါကြောင့် တကယ်မုန်တိုင်းအန္တရာယ် ကြုံလာရင် အသက်ဘေးကနေ လွတ်မြောက်ဖို့ကို ဘယ်လိုခိုလှုံရမယ်၊ ဘယ်လိုရွှေ့ပြောင်းရမယ်ဆိုတဲ့ ဗဟုသုတတွေ၊ အတွေ့အကြုံတွေကို ဒေသခံပြည်သူတွေ ရသွားစေချင်တယ်။ ကျွန်တော်တို့အနေနဲ့ ဒေသခံတွေကို မေးကြည့်တဲ့အခါ ဒါမျိုးအတွေ့အကြုံ မရှိသေးဘူး။ တကယ်ကြုံတွေ့လာရင် ဘယ်လိုခိုလှုံရမယ်ဆိုတာ ဒီဒေသပြည်သူအများစုတကယ်မသိတာ။ ဒါကြောင့် အခုလိုလုပ်ပေးခြင်းအားဖြင့် ပြည်သူတွေအတွက် မုန်တိုင်းအန္တရာယ်အရေးကြုံလာရင် ဘေးကင်းလုံခြုံစေဖို့ ဘယ်လိုခိုလှုံရမယ်ဆိုတဲ့ဗဟုသုတတွေ အများကြီးရမယ်။ ဒီရည်ရွယ်ချက်ဆန္ဒနဲ့ပဲ ကျွန်တော်တို့အဖွဲ့က လုပ်ဆောင်ပေးတာ ဖြစ်ပါတယ်”ဟု Asian Disaster Preparedness Center (ADPC) မှ ကိုမြတ်မင်းခန့်က ပြောသည်။

ချောင်းနွယ်ကျေးရွာအုပ်စု မင်းကန်ကျေးရွာမှ ဒေသခံ ဦးမောင်စိန်ညွန့်က “အရင်ဒီကျေးရွာမှာ အခုလို ကြိုတင်သရုပ်ပြလေ့ကျင့်တာ တစ်ခါမှ မလုပ်ဖူးပါဘူး။ ပြောရရင် ဒေသခံတွေအနေနဲ့ အခုလို လုပ်ပေးခြင်းအားဖြင့် အဝါ၊ အညို၊ လိမ္မော်ရောင်၊ အနီရောင် အဲဒီအရောင်အဆင့်တွေမှာ ဘယ်လိုရှောင်တိမ်းရမယ်ဆိုတာ သိလာတာပေါ့။ အရင်ကတော့ ကျွန်တော်လည်းမသိပါဘူး။ နောက်နားဖြစ်တုန်းကဆို ကျွန်တော်တို့ အထုပ်တွေသာထုပ်ထားတယ်။ ဘာလုပ်လို့လုပ်ရမှန်း၊ ဘယ်သွားရမှန်းလည်း မသိဘူး။ အခုလိုလုပ်ပေးလိုက်တော့ ဒီဒေသခံပြည်သူတွေအတွက် မုန်တိုင်းအန္တရာယ် ဗဟုသုတအနေနဲ့ တော်တော်လေးအကျိုးရှိပါတယ်”ဟု ပြောသည်။

(ADPC)သည် အဆိုပါမုန်တိုင်းအန္တရာယ် ကြိုတင်သရုပ်ပြမှုလုပ်ငန်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ပြီးခဲ့သော ၂၀၁၆ ခုနှစ် ဧပြီ ၂၆ ရက်က ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ ပထမဆုံးအကြိမ်စတင်ကျင်းပခဲ့ပြီး ဧပြီ ၂၈ ရက်တွင် မြေပုံမြို့နယ်၌ ဒုတိယအကြိမ်၊ အောက်တိုဘာ ၁၁ ရက်တွင် စစ်တွေမြို့နယ် မြစ်နားကျေးရွာအုပ်စု မင်းလုကျေးရွာ၌ တတိယအကြိမ်နှင့် ယခု ချောင်းနွယ်ကျေးရွာအုပ်စု မင်းကန်ရွာတွင် စတုတ္ထအကြိမ် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ယင်းကျေးလက်ဒေသများ အရေးပေါ်မုန်တိုင်းအန္တရာယ်ကြုံတွေ့ပါက လိုအပ်သောပစ္စည်းများကိုလည်း ကူညီထောက်ပံ့ခဲ့ပြီး ယနေ့ကျင်းပသော မင်းကန်ကျေးရွာတွင် ဆက်သွယ်ရေး ရေဒီယိုစက်တစ်လုံး (ကျေးရွာအတွက်)၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် တစ်လုံး၊ အရေးပေါ်အခြေအနေတွင် လိုအပ်သော အသက်ကယ်အင်္ကျီအထည် ၅၀၊ လက်ကိုင်လော်စပီကာ ၁၀ လုံးနှင့် ဘေးကင်းနေရာပြလမ်းညွှန်မြေပုံလေးခုတို့ကို ထောက်ပံ့ခဲ့သည်။ အလားတူ ထပ်မံကျင်းပမည့်ရွာများတွင်လည်း အရေးပေါ်အခြေအနေသုံးပစ္စည်းများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြို့ပြရောဂါနှင့် မြန်မာနိုင်ငံ

**ဦးကြည်သာ(ဂွ)**

"Urban Disease" လို့ ခေါ်တဲ့ မြို့ပြရောဂါဆိုတာ ယနေ့ ကျေးလက်နေပြည်သူများ မြို့ကြီးပြကြီးများသို့ ပြောင်းရွှေ့နေထိုင်လိုတဲ့ဆန္ဒတွေ များပြားလာခြင်းကြောင့် မြို့ကြီးတွေမှာ ဖြေရှင်းစရာပြဿနာတွေ တစ်ပုံတစ်ပင်ကြီးနဲ့ ဝန်ပိလာနေတဲ့ကိစ္စကို တင်စားခေါ်ဝေါ်ခြင်းသာဖြစ်ပါတယ်။

အထူးသဖြင့် လူဦးရေအများဆုံးရှိနေတဲ့ တရုတ်နိုင်ငံမှာ မြို့တော်ပေကျင်းရဲ့ ပြဿနာပေါ့။ လူဦးရေ ၂၅ သန်းနီးပါးရှိတဲ့ ပေကျင်းမြို့ကြီးဟာ ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးမြို့အဆင့်အနေနဲ့ ဆဋ္ဌမနေရာမှာ ရှိနေပါတယ်။ လူဦးရေထူထပ်မှု၊ လေထုညစ်ညမ်းမှု စတဲ့ပြဿနာတွေကြောင့် တရုတ်နိုင်ငံက တာဝန်ရှိသူတွေဟာ ပေကျင်းမြို့နေ လူထုကို စနစ်တကျလျှော့ချဖို့ စီမံချက်ရေးဆွဲရတော့တာပါပဲ။ လက်ရှိလူဦးရေကနေ ၂၀၂၀ ပြည့်နှစ်မှာ ၂၃ သန်းထိရောက်အောင် လျှော့ချမယ့်စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေရပါတယ်။

မနှစ်က လူဦးရေ ၃၅၃၀၀၀ ကို ပေကျင်းက ရွှေ့ပြောင်းပြီးပြီ၊ ဒီနှစ်လည်း ဆက်ရွှေ့မယ်၊ နောင်နှစ်တွေလည်း ဆက်လျှော့မယ်ပေါ့။ ဘယ်လိုပေါ်လစီနဲ့ ဆောင်ရွက်လည်းဆိုတော့ ဈေးဆိုင်အသေးတွေ၊ စီးပွားရေးလုပ်ငန်းအသေးတွေ၊ တရားမဝင်တည်ဆောက်ခဲ့တဲ့ ရပ်ကွက်တွေကို ဦးစားပေးပြောင်းရွှေ့တယ်၊ ဒီလိုလုပ်ငန်း အသေးတွေဟာ မြို့တော်စီးပွားရေးရဲ့ ၃၅ ရာခိုင်နှုန်းရှိပေမယ့် ရရှိတဲ့အခွန်အကောက်က ၇ ဒသမ ၅ ရာခိုင်နှုန်းပဲရှိတယ်၊ ဒီလိုရွှေ့ပြောင်းတဲ့အခါ ပြောင်းရွှေ့ခံရသူတွေအတွက် ပိုမိုကောင်းမွန်တဲ့နေရာမျိုးကို ရောက်ရှိဖို့ စဉ်းစားပေးတယ်၊ ဖန်တီးပေးတယ်၊ တရုတ်နိုင်ငံဟာ လူဦးရေအများဆုံးနိုင်ငံဖြစ်တယ်၊ လူတိုင်းရဲ့အလိုကို ဖြည့်ဆည်းပေးနိုင်ဖို့ဆိုတာ ခက်ခဲလှပါတယ်လို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

**စီးပွားရေးမြို့တော် ရန်ကုန်မြို့ဟာ ယနေ့လူဦးရေခြောက်သန်းကျော် ခုနစ်သန်းလောက်ရှိလာပြီ။ ယနေ့နိုင်ငံတစ်ဝန်းလုံးရဲ့ စီးပွားရေးဟာလည်း ရန်ကုန်ကိုပဲ ဦးတည်နေတော့ မြို့ပြရောဂါဟာ ရန်ကုန်မြို့မှာ အဓိကဖြစ်လာပြီ။ ဒါကြောင့် မော်တော်ကားတွေများပြားလာပြီး Traffic Jam ခေါ်တဲ့ ယာဉ်လမ်းကြောင်း ပွတ်သိပ်ကျပ်ညှပ်ခြင်းဆိုတဲ့ ပြဿနာက အတော်ဆိုးရွားနေပါပြီ**

ပေကျင်းမြို့က အဲဒီလိုလုပ်ငန်းအသေးတွေ၊ ကျူးကျော်ပုံစံတွေလို ရပ်ကွက်တွေကို ၂၀၁၆ ခုနှစ်မှာ စတုရန်းမီတာ ၃၀ ရှင်းပြီးပြီ။ ဒီနှစ်မှာ စတုရန်းမီတာ ၄၀ ရှင်းမယ်။ ၂၀၃၀ ပြည့်နှစ်မှာ မြို့တော်ကို စတုရန်းကီလိုမီတာ ၂၇၆၀ အကျယ်အဝန်းရောက်တဲ့အထိ ချုံ့ပစ်မယ်၊ ရွှေ့ပြောင်းတဲ့နေရာမှာ အဆင့်မြင့်ဈေးဆိုင်ကြီးတွေ၊ ဥယျာဉ်ကြီးတွေနဲ့ အစားထိုးမယ်ပေါ့။ တချို့ တက္ကသိုလ်တွေ၊ ဒုတိယအဆင့်ရှိ အုပ်ချုပ်ရေးရုံးတွေကို နီးစပ်ရာပြည်နယ်က စက်မှုမြို့တွေကို ပြောင်းပစ်ဖို့အထိ စီမံချက်မှာ ရေးဆွဲထားတယ်၊ အထူးသဖြင့် စိတ်ဝင်စားဖို့ကောင်းတာက နာမည်ကြီးရှင်ဇင်း (Shenzhen) မြို့လို မြို့သစ်တွေ ထပ်မံတည်ဆောက်ပြီး ပေကျင်းမြို့က လူတွေကို ခွဲထုတ်လျှော့ချသွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ ရှင်ဇင်းမြို့အကြောင်းကို တင်ပြရရင် ရှင်ဇင်းမြို့ဟာ တရုတ်နိုင်ငံ ဂွန်ဒေါင်းပြည်နယ် (Guangdong Province)မှာ ရှိပါတယ်၊ မူလက ဟောင်ကောင်နယ်စပ်က ကောင်းလွန်နဲ့ ကန်တုန်မြို့ ဆက်သွယ်တဲ့ မီးရထားလမ်းဘေးက လူဦးရေ သုံးသောင်းသာရှိတဲ့ မြို့ငယ်လေးပါ၊ ၁၉၇၉ ခုနှစ်မှာ မြို့အဆင့်တိုးမြှင့်ခဲ့တယ်။ ၁၉၈၀ ပြည့်နှစ် တရုတ်ပြည်ရဲ့ စီးပွားရေးပြောင်းလဲမှုပေါ်လစီအရ အထူးစီးပွားရေးဇုန် SEZ တွေ စတင်တည်ဆောက်ခဲ့တဲ့မြို့ပါ။ တည်နေရာကောင်းမွန်ခြင်း၊ တာဝန်ရှိသူတွေရဲ့ စနစ်တကျစီမံခန့်ခွဲမှုကောင်းမွန်ခြင်းတို့ကြောင့် ရှင်ဇင်းမြို့သစ်ဟာ လုပတယ်။ သပ်ရပ်တယ်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်ခဲ့တယ်။ အံ့မခန်းတိုးတက်ခဲ့တယ်၊ ဒါကြောင့်မို့ အနှစ် ၃၀ အတွင်း ရှင်ဇင်းမြို့သစ်ဟာ ၂၀၁၀ ခုနှစ်မှာ လူဦးရေ ၂၃ ဒသမ ၃၀ သန်းခန့်ရှိလာပြီး ကမ္ဘာ့လူဦးရေထူထပ်တဲ့ မြို့အဆင့် နဝမနေရာအထိ ရယူထားတယ်၊ သူ့အထက် အဋ္ဌမနေရာက အမေရိကန်က နယူးယောက်မြို့ပါ၊ ခုပေကျင်းမြို့ကို အကျယ်အဝန်းရော၊ လူဦးရေရော လျှော့ပစ်ဖို့ကိစ္စမှာ ဒီလိုမျိုး မြို့သစ်တွေအသစ်တည်ဆောက်ပြီး ရွှေ့ပြောင်းလျှော့ပစ်မှာမို့ ကောင်းမွန်တဲ့စီမံချက်လို့ ဆိုရမှာပါပဲ။



တရုတ်နိုင်ငံတွင် အထူးအောင်မြင်လျက်ရှိသော Shenzhen အထူးစီးပွားရေးဇုန်

မြန်မာနိုင်ငံရဲ့ မြို့ပြတွေရဲ့သမိုင်းကြောင်းပြန်ကြည့်ရင် ရှေးယခင်က ရောဝတီ၊ ချင်းတွင်းစတဲ့ မြစ်တွေကို အဓိကထားပြီး ကုန်သွယ်ရေးလုပ်ခဲ့ရတဲ့ခေတ်က မုံရွာ၊ မန္တလေး၊ မြင်းခြံ၊ ပြည်၊ ဟင်္သာတ၊ ပုသိမ် စတဲ့မြို့တွေဟာ ဖွံ့ဖြိုးခဲ့တယ်။ ဆိုရှယ်လစ်အစိုးရလက်ထက်မှာ မှောင်ခိုစီးပွားရေးအားကောင်းခဲ့တော့ မော်လမြိုင်၊ ကျိုင်းတုံ၊ တာချီလိတ်စတဲ့ မြို့တွေ စည်ကားခဲ့တယ်။ တပ်မတော်အစိုးရတက်လာပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးလုပ်နိုင်ခဲ့တဲ့အချိန်ကာလအတွင်းမှာ တရုတ်ပြည်ကြီးကလည်း သိသာထင်ရှားစွာ ဖွံ့ဖြိုးလာတော့ မူဆယ်မြို့နဲ့ တစ်ဖက်ကမ်းက ရွှေလီမြို့တွေဟာ အံ့မခန်းတိုးတက်ခဲ့တယ်။ လားရှိုးကနေ မန္တလေးထိ တစ်လျှောက်လုံး ဒေသတွေတိုးတက်ခဲ့တယ်။ ဒါတွေက အခြေအနေအချိန်အခါအရ မြို့ပြတွေရဲ့ တိုးတက်မှုတွေပါပဲ။

ဒီနေရာမှာ စီးပွားရေးမြို့တော် ရန်ကုန်မြို့ဟာ ယနေ့လူဦးရေ ခြောက်သန်းကျော် ခုနစ်သန်းလောက်ရှိလာပြီ။ ယနေ့နိုင်ငံတစ်ဝန်းလုံးရဲ့ စီးပွားရေးဟာလည်း ရန်ကုန်ကိုပဲ ဦးတည်နေတော့ မြို့ပြရောဂါဟာ ရန်ကုန်မြို့မှာ အဓိကဖြစ်လာပြီ။ ဒါကြောင့် မော်တော်ကားတွေများပြားလာပြီး Traffic Jam ခေါ်တဲ့ ယာဉ်လမ်းကြောင်း ပွတ်သိပ်ကျပ်ညှပ်ခြင်းဆိုတဲ့ ပြဿနာက အတော်ဆိုးရွားနေပါပြီ၊ မလေးရှားနိုင်ငံမှာ မြို့တော်ကွာလာလမ်ပူမှာ ဒီလိုပဲ ယာဉ်ကြောကျပ်ညှပ်ခြင်းပြဿနာဖြေရှင်းဖို့ခက်ခဲတော့ အုပ်ချုပ်ရေးမြို့တော်အဖြစ် ပူထရာဂျားယား (Putrajaya) ကို ၁၉၉၉ ခုနှစ်မှာ ပြောင်းရွှေ့တော့မှပဲ အဆင်ပြေသွားတော့တယ်။

တပ်မတော်အစိုးရလက်ထက်မှာ နေပြည်တော်ကို ၂၀၀၅-၂၀၀၆ ခုနှစ်လောက်က ပြောင်းရွှေ့တဲ့ရည်ရွယ်ချက်က လုံခြုံရေးကို အဓိကထား စဉ်းစားခဲ့တယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် ယနေ့အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ဟာ ယာဉ်ကြောရှင်းလင်းခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်းတို့နဲ့ ပြည့်စုံနေတာမို့ ယာဉ်ကြောပွတ်သိပ်ကျပ်ညှပ်ခြင်း ကင်းဝေးတဲ့ ကိစ္စတစ်ခုနှင့်ပဲ နေပြည်တော်ကို ပြောင်းရွှေ့တည်ဆောက်ခဲ့တာ မှန်ကန်တယ်လို့ ပြောရမှာပါပဲ။

ဒီတော့ ရန်ကုန်မြို့မှာ ဖြစ်ပေါ်နေတဲ့ ယာဉ်ကြောပြဿနာဟာ ဖြေရှင်းရခက်ခဲပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေလို မြေအောက်ရထားလမ်းတွေ ဖောက်ဖို့ကလည်း မလွယ်ကူတော့ပါ။ တိုးချဲ့ရပ်ကွက်၊ ကျူးကျော်ရပ်ကွက်တွေကိုလည်း ရှင်းပစ်ရေးကလည်း မလွယ်ကူပါ။ လက်ရှိ မြို့ပတ်ရထားကို ဒီထက်အဆင့်မြှင့်ဖို့ကလည်း အကန့်အသတ်တွေနဲ့မို့ ခေါင်းကိုက်စရာကိစ္စတွေ တစ်ပုံတစ်ပင်ပါပဲ။ ဒီကြားထဲ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်နေတဲ့ ဒေသက လူဦးရေအများအပြားဟာလည်း ဒေသကိုစွန့်ခွာပြီး ရန်ကုန်မြို့ကြီးလို မြို့ကြီးတွေမှာ ခြေချခွင့်ကို အိပ်မက်မက်နေကြရပြီ၊ ဘာပဲပြောပြော ရန်ကုန်မြို့ရဲ့ မြို့ပြရောဂါပြဿနာကို ပေကျင်းမြို့တော်ရဲ့ စီမံချက်လိုမျိုး ရှင်ဇင်းလို SEZ မြို့တွေများ အသစ်တည်ဆောက်နိုင်ရင်တော့ အားလုံးအဆင်ပြေသွားမှာပဲလို့ တွေးမိပါကြောင်း။

(၂၀၁၇ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ထုတ် Financial Time သတင်းစာမှ Lucy Hornby ၏ Small business court cost as Beijing reins in urban growth ဆောင်းပါးမှ အချက်အလက်များကို ကိုးကားပါသည်)

❋ ကျောဖုံးမှ

ပြောထားပြီးပြီ။ ရန်ကင်းမြို့မဈေးကတော့ ဒီဇိုင်းတင်ဒါတက်လာပြီ။ ရလာတဲ့ ဒီဇိုင်းတင်ဒါထဲကဘုတ်အဖွဲ့နဲ့ သုံးခုပြန်ရွေးမယ်။ ဘုတ်အဖွဲ့က ရွေးပေးတာကို လူကြီးတွေကို ဆက်လက်တင်ပြမယ်။ လူကြီးတွေကတစ်ခါ ပညာရှင်တွေပါဝင်တဲ့ ဘုတ်အဖွဲ့နဲ့တစ်ခါထပ်ရွေးမယ်။ ရွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံဗိသုကာအသင်းချုပ်က ကိုယ်စားလှယ်တွေရယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကိုယ်စားလှယ်ရယ်၊ နောက်အစိုးရရုံးကကိုယ်စားလှယ်တွေရယ်အဖွဲ့ဖွဲ့ပြီး ဘုတ်ထိုင်ပြီးရွေးလိုက်တာပါ။ အဲဒီထဲက သုံးခုရမယ်။ ဘုတ်အဖွဲ့က ရွေးပေးတဲ့သုံးခုကိုလည်း ကျွန်တော်တို့က ဆက်ပြီးတင်ပြမယ်။ အဲဒီအထဲက လူကြီးတွေက ကျွမ်းကျင်တဲ့သူတွေနဲ့ ရွေးလိုက်လို့ တစ်ခုထွက်လာမယ်။ အဲဒီတစ်ခုကိုမှ ကျွန်တော်တို့က အဲဒီဈေးအတွက် ဆောက်ဖို့ ဆက်လက်ဆောင်ရွက်မယ်" ဟု ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများ ဌာနလက်အောက်တွင် ဈေးပေါင်း ၁၇၆ ဈေးရှိကြောင်း သိရသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ရဲလုပ်ငန်းခွင်သင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ မေ ၂ ရက် နံနက် ၁၀ နာရီက ရဲလုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၇/၂၀၁၇) ဖွင့်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးဆွေ၊ ရဲအကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းအုပ်ချုပ်သူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းအား အလုပ်သင်အရာရှိ တစ်နှစ်ပြီးဆုံး၍ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများတွင် တစ်နှစ်တာဝန် ထမ်းဆောင်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ရောက်ရှိလာကြသည့် ဒုရဲအုပ်အရာရှိ ၅၀ တို့အား လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၂ ရက်မှ ၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်း

**နေပြည်တော် မေ ၂**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ၊ နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်းများ၊ ကျွမ်းကျင်လုပ်သားများရရှိရေး၊ အလုပ်သမားစာရင်းဇယားမှန်ကန်ရေး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာစောင်ထုတ်ဝေရေး၊ အငြင်းပွားမှုဖြေရှင်းရေး၊ အမြဲခိုင်းစေမှုပပျောက်ရေး၊ အလုပ်သမားဥပဒေဆိုင်ရာ ပညာပေးဆောင်ရွက်နေမှုများ၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**ကာကွယ်ရေးဝန်ကြီးဌာန**

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က နိုင်ငံတော်အစိုးရ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များဖြစ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှု၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ပြည်လည်ဖွင့်လှစ်ပေးနိုင်မှု၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်တားဆီး ထိန်းသိမ်းဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများဖြစ်သည့် ငွေကြေး မူဝါဒ အကောင်အထည်ဖော်ခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များ အစိုးရကိုယ်စား ရောင်းချပေးခြင်း၊



နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ဘဏ်လုပ်ငန်း အခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်ခြင်း၊ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**နေပြည်တော်ကောင်စီ**

နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးဝင်းရှိန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်/ကန်၊ လျှပ်စစ်မီးလင်းရေး၊ ရေရရှိရေးနှင့် အခြားဖွံ့ဖြိုးရေးကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြေယာနှင့် လုံခြုံရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**တာဝန်ရှိသူများပြန်လည်ဖြေကြား**

ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ**နှင့်ပတ်သက်၍ နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနေမှု၊ အမြဲတမ်း နေထိုင်ခွင့်ပြုရန် ဆောင်ရွက်နေမှု၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ လူဦးရေစာရင်းနှင့် ပြည်ပသို့ အလုပ်ထွက်လုပ်နေမှု၊ အလုပ်လက်မဲ့စာရင်းကောက်ယူနေမှု၊ သာသနာ့နွယ်ဝင်ကတ် ထုတ်ပေးနေမှုတို့ကို လည်းကောင်း၊ **ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ**နှင့် ပတ်သက်၍ တပ်မတော်အား အဆင့်မြှင့်တင်တည်ဆောက်နေမှု၊ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး တက်ရောက်မှု၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လုံခြုံရေးဆောင်ရွက်ခဲ့မှု၊ စီးပွားရေး ဦးပိုင်လီမီတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့၏ လုပ်ငန်းလည်ပတ်နေမှုတို့ကို လည်းကောင်း၊ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များ**နှင့် ပတ်သက်၍ နိုင်ငံခြားငွေကြေးနှုန်း တည်ငြိမ်ရေး၊ ငွေစက္ကူ ၅၀၀၀၀ တန်ကိစ္စ၊ ဝန်ထမ်းများအား လစာပေးရာတွင် ငွေစက္ကူစနစ်မှ ကတ်စနစ်သို့ ပြောင်းလဲဆောင်ရွက်နေမှု၊ နိုင်ငံခြားဘဏ်ခွဲများ ဖွင့်လှစ်နိုင်မည့်အခြေအနေတို့ကို လည်းကောင်း၊ နေပြည်တော်ကောင်စီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ မြေယာနှင့် ဂရန်များထုတ်ပေးနေမှု၊ ကျူးကျော်များနှင့် အမှုကြီးများဖြစ်ပွားမှု၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများတို့ကို လည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# မြန်မာအလုပ်သမားရေးရာကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးရန် အလုပ်သမားသံအရာရှိများ ခန့်ထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

မြန်မာလုပ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အနည်းဆုံးအခကြေးငွေကို သတ်မှတ်၍ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**အလုပ်သမားရေးရာကိစ္စများ ဖြေရှင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) တို့ ပူးပေါင်းပြီး ကောက်ယူခဲ့သည့် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းအနှစ်ချုပ်အစီရင်ခံစာပါ အချက်အလက်များကို ဝန်ကြီးဌာန Websiteတွင် လွှင့်တင်ထားပါကြောင်း၊ မြန်မာအလုပ်သမားများ သွားရောက်အလုပ်လုပ်နေကြသည့် နိုင်ငံများ၌ အလုပ်သမားရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမားသံအရာရှိများကို လိုအပ်သည့်နိုင်ငံများ၌ ခန့်ထားဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာ နိုင်ငံများနှင့် အလုပ်သမားရေးရာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အလုပ်သမားစေလွှတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိပါ ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ**

ပြည်တွင်းအလုပ်အကိုင်နှင့် ပတ်သက်၍ လူဦးရေတိုးနှုန်း၊ ဂျီဒီပီတိုးနှုန်းများ အပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးအတွက် သတ်မှတ်ထားသည့် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်လျက်ရှိပြီး ယခင်ရှိပြီးဖြစ်သည့်စက်ရုံများ၊ အသစ်ပေါ်ပေါက်လာသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ အလုပ်သမား လိုအပ်ချက်များနှင့်အညီ အလုပ်ရှင်များနှင့် အလုပ်ရှာဖွေသူများ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေးကွန်ရက်များ မှတစ်ဆင့်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနိုင်သည့် စနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အရ အာမခံအလုပ်သမားများအဖြစ် လုပ်ငန်းအတည်တကျရှိသည့် အလုပ်သမားများသာမက၊ လုပ်ငန်းအတည်တကျမရှိသည့် အလုပ်သမားများပါ မိမိဆန္ဒအလျောက် ဝင်ရောက်လိုသူများကိုပါ အကျုံးဝင်စေနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ လူမှုဖူလုံရေးအာမခံ အလုပ်သမားအင်အား စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးဆေးရုံကြီးများနှင့် ဆေးခန်းများ အဆင့်မြှင့်တင်ရေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ပိုမိုထောက်ပံ့ပေးနိုင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများ ပိုမိုခန့်ထားနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသရေးကိရိယာများ တိုးတက်တပ်ဆင်ပေးနိုင်ရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဗီဇာထုတ်ပေးမှုဆိုင်ရာ စိစစ်ဖြေလျှော့**

အမည်မည်းစာရင်း (Black List) ရေးသွင်းခြင်းဆိုင်ရာ မူဝါဒများ စိစစ်ဖြေလျှော့ခြင်း၊ Online e-Visa ဖြင့် အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ဂိတ်များမှ ဝင်/ထွက် ခွင့်ပြုခြင်း၊ ပြည်ဝင်ဗီဇာကိစ္စရပ်များအား လူဝင်မှုကြီးကြပ်ရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံသားအဖြစ် ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ဆိုင်ရာ စိစစ်ဖြေလျှော့ခြင်း၊ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားများအတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ စိစစ်ဖြေလျှော့ခြင်း၊ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားများ နေထိုင်ခွင့်ဆိုင်ရာစိစစ်ဖြေလျှော့ခြင်း၊ ပြည်တွင်းနေ နိုင်ငံခြားသားများအား ပြည်ပြန်ဝင်ခွင့်ဗီဇာထုတ်ပေးမှုဆိုင်ရာ စိစစ်ဖြေလျှော့ခြင်းတို့ ဖြစ်ပါကြောင်း။

နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်ကြသူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်အမျိုးမျိုးထုတ်ပေးခြင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်)ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ သက်ဆိုင်သည့် ကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသား စိစစ်ခံရမည့်သူများ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးခြင်း၊ သာသနာ့ဝင်/သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းတို့အား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နေရပ်လိပ်စာ တရားဝင်ရွှေ့ပြောင်းနေထိုင်လိုသည့် သွေးနှောနိုင်ငံသားများအား ကြန့်ကြာမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားများအား Smart Card သို့ ပြောင်းလဲထုတ်ပေးရေးကိစ္စ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ National ID(NID) အထောက်အကူပြု စာရင်းကောက် ယူခြင်းလုပ်ငန်း ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း၊ မေယု FM ရေဒီယိုလိုင်း ထုတ်လွှင့်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာသတင်းများအား စဉ်ဆက်မပြတ် ထုတ်လွှင့်နိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ဆောင်ရွက်မှုတို့ဖြစ်ပါကြောင်း။

**အလွယ်တကူကြည့်ရှုလေ့လာနိုင်**

လွှတ်တော်သုတေသန လုပ်ငန်းကော်မတီဝင်များအား သန်းခေါင်စာရင်းအချက်အလက်များ အသုံးပြုရေးဆောင်ရွက်ခြင်း၊ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ မြို့နယ်အဆင့်သန်းခေါင်စာရင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် အသေးစိတ် ဆန်းစစ်လေ့လာထားသော သုတေသနစာတမ်းများ ထုတ်ပြန်ခြင်း၊ အများပြည်သူသိရှိနိုင်ရန်နှင့် အချက်အလက်အသုံးပြုသူများ အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြည်သူ့အင်အားဦးစီးဌာန၏ Website ဖြစ်သော www.dop.gov.mm နှင့် UNFPA ၏ Website ဖြစ်သော http://myanmar.unfpa.org/census တို့တွင် ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များအရ တိုင်းရင်းသားလူမျိုးစာရင်း ထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းစဉ် အချိန်ဇယားနှင့် စီမံချက်ရေးသားပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် မီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ဖြေကြားကြသည်။

**မြန်မာနိုင်ငံ၏ လူဦးရေစာရင်း**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁၄၈၀၀၀၀ ကျော်ရှိပါကြောင်း၊ ယခင်က လူဦးရေစာရင်းထုတ်ပြန်ရာတွင် သန်း ၆၀ ဖြင့် ထုတ်ပြန်ပေးခြင်းသည် လူဦးရေတိုးနှုန်းအား နိုင်ငံတကာစံနှုန်းဖြင့် တွက်ချက်၍ ခန့်မှန်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ယခုအချိန်တွင် မမှန်တော့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဧပြီ ၂၈ ရက်အထိ လူဦးရေတိုးနှုန်းများအရ လက်ရှိလူဦးရေသည် ၅၃ သန်းကျော်ရှိပါကြောင်း ဖြေကြားသည်။

**(ILO) နှင့် ပူးပေါင်းစာရင်းကောက်**

**အလုပ်လက်မဲ့ဦးရေ စစ်တမ်းကောက်ယူမှု**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က မိမိတို့နိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် အလုပ်သမားရေးရာနှင့် ပတ်သက်သည့် စစ်တမ်းများကို ကောက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO) နှင့် ပူးပေါင်း၍ ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ၊ ကျောင်းမှလုပ်ငန်းခွင်သို့ ကူးပြောင်းသည့် အချက်အလက်များနှင့် မြန်မာနိုင်ငံလုပ်သားအင်အား စစ်တမ်းများကို ကောက်ယူ၍ ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်တွင် အဓိကအားဖြင့် အလုပ်လက်မဲ့နှုန်းဆိုသည့်အချက် ပါဝင်ပါကြောင်း၊ အလုပ်လက်မဲ့နှုန်းတွင် မိမိတို့နိုင်ငံအနေဖြင့် ILO နှင့် ပူးပေါင်းစာရင်းကောက်ခဲ့သည့်အတွက် ILO ၏ အဓိပ္ပာယ် သတ်မှတ်ချက်အရ လူတစ်ဦးအနေဖြင့် တစ်ပတ်အတွင်း တစ်နာရီ အလုပ်လုပ်ပါက အလုပ်ရှိသည့်သူဟု အဓိပ္ပာယ်သတ်မှတ် ကောက်ခံခဲ့ပါကြောင်း။

**အလုပ်လက်မဲ့နှုန်း**

မိမိတို့နိုင်ငံတွင် အလုပ်အကိုင်မျိုးစုံ လုပ်ကိုင်နေကြသည့်အတွက် အဆိုပါအဓိပ္ပာယ်ဖော်ပြချက်အရ နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၀ ဒသမ ၈ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ သို့သော် နိုင်ငံတကာသတ်မှတ်ချက်အရ လုပ်အားကို အပြည့်အဝအသုံးမချနိုင်သည့် ရာခိုင်နှုန်းကို ယူရန်လိုသည်ဟု ပါဝင်သည့်အတွက် နိုင်ငံ၏ နောက်ဆုံးလုပ်အားကို အပြည့်အဝ အသုံးမချနိုင်သည့် ရာခိုင်နှုန်းမှာ ၆ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်သည်ဟု တွေ့ရှိရပါကြောင်း၊ နိုင်ငံအတွင်း အလုပ်လုပ်နိုင်သည့် အသက်အပိုင်း

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

အခြားအရ လူဦးရေသည် ၃၃ ဒသမ ၉ သန်း ရှိပါကြောင်း၊ အမှန်တကယ်လုပ်သားအင်အားမှာ ၂၁ ဒသမ ၉ သန်းရှိပါကြောင်း၊ ၀ ဒသမ ၆၉ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဆိုသည့် အချက်တွင် ပါဝင်နေပြီး တစ်ခါတစ်ရံတွင် အလုပ်ရှိကောင်း ရှိနေမည်ဖြစ်ပါကြောင်း၊ သို့သော် အမြဲတမ်းပုံသေမဟုတ်ဘဲ လုပ်အား တစ်ဝက်တစ်ပျက်သာ အသုံးချနိုင်သည့် ရာခိုင်နှုန်း တစ်ခုအနေဖြင့်သာရှိပါကြောင်း ဖြေကြားသည်။

**တိကျမှန်ကန်သည့် စာရင်းများရရှိရန်စီစဉ်**

**ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် အလုပ်သမားစာရင်း**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် အလုပ်သမားစာရင်းကို အမြဲတမ်း ခန့်မှန်းခြေဖြင့် ထုတ်ပြန်ခဲ့ပြီး နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်း ခန့်သာရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ပြည်ပသို့ တရားဝင် လွှတ်လိုက်သည့်စာရင်းအား စနစ်တကျဖြစ်စေရန် ဒုတိယ သမ္မတဦးစီးသည့် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တရားဝင်ခွင့်ပြုနေသည့် စာရင်းများအရ လူဦးရေ နှစ်သိန်းကျော်ရှိပါကြောင်း၊ သို့သော် ပြည်ပသို့ တရားမဝင်လမ်းကြောင်းမှ သွားရောက်သူအရေအတွက်မှာ များစွာရှိပါကြောင်း၊ တိကျမှန်ကန်သည့် စာရင်းများရရှိရန် စီစဉ်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**နိုင်ငံသားပြန်လည်လျှောက်ထားမှု**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က နိုင်ငံသားဟောင်းများ နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားရာတွင် ပြစ်မှုကျူးလွန်ထားခြင်း ရှိ/မရှိ၊ အမည်မည်းစာရင်းတွင် ပါဝင်ထားခြင်း ရှိ/မရှိတို့ကို



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

အဓိကထား စစ်ဆေးပါကြောင်း၊ အဆိုပါနှစ်ခုကင်းလွတ်ပါက မြန်မာနိုင်ငံသားဟောင်းများကို နိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် မြန်မာနိုင်ငံသားဟောင်းများ နိုင်ငံသားအဖြစ် ပြန်လည်စိစစ်ရေးကော်မတီက အတည်ပြုဆုံးဖြတ်ပေးပါကြောင်း ဖြေကြားသည်။

**တရားမဝင်နေထိုင်မှုများစိစစ်**

**နေပြည်တော်အပါအဝင် မြို့ကြီးများ၌ နိုင်ငံခြားသားများ ဝင်ရောက်မှု**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများ လာရောက်နေထိုင်မှုအား နိုင်ငံခြားသားများမှတ်ပုံတင်ရေး ဥပဒေနှင့် နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံခြားသားတစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်နေထိုင်ပါက ပြည်ဝင်ခွင့်ဗီဇာအရ နေထိုင်ရပါကြောင်း၊ ဗီဇာသက်တမ်းပြည့်ပါကလည်း သက်တမ်းတိုး လျှောက်ထားရပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံခြားသားများ လာရောက်နေထိုင်ခြင်းသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်အရ မိမိတို့ဝန်ကြီးဌာန၏ စိစစ်ခွင့်ပြုချက်ဖြင့် လာရောက်နေထိုင်ခြင်းဖြစ်ပါကြောင်း၊ တရားမဝင် ဝင်ရောက်နေထိုင်သူများရှိပါက ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားမဝင်နေထိုင်မှုများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**အနည်းဆုံး အခကြေးငွေသတ်မှတ်ရေး**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အနည်းဆုံး အခကြေးငွေ သတ်မှတ်ရန် အမျိုးသားအဆင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးကော်မတီက အဓိကဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် အနည်းဆုံးအခကြေးငွေ ပြန်လည်ပြင်ဆင်သတ်မှတ်ရေးအတွက် အစိုးရတာဝန်ရှိသူများ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အကြံပေးပညာရှင်များ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးကော်မတီများဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်းနေပါကြောင်း။

**ဆွေးနွေးညှိနှိုင်းအဖြေရှာ**

အဆိုပါအဖွဲ့များအနေဖြင့် အဓိကဆောင်ရွက်မှုမှာ အနည်းဆုံး အခကြေးငွေကို ပြင်ဆင်ရန်၊ အလုပ်သမားများ၏ လုပ်ခလစာအပေါ် တင်ပြတောင်းဆိုမှုအား အလုပ်ရှင်များက ပေးနိုင်ခြင်း ရှိ မရှိ စသည့်အချက်များကို ဆွေးနွေးရပါကြောင်း၊ အနည်းဆုံးအခကြေးငွေကို သတ်မှတ်ရာတွင် ချက်ချင်းပြောင်းလဲ၍ မရပါကြောင်း၊ အစည်းအဝေးများကျင်းပ၍ ဘက်ပေါင်းစုံမှ အကျေအလည် ဆွေးနွေးညှိနှိုင်း အဖြေရှာရပါကြောင်း၊ ထို့ကြောင့် အစည်းအဝေးပွဲများစွာ ကျင်းပရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

**နိုင်ငံသားများအဖြစ်ရရှိမည်**

**မြန်မာနိုင်ငံသား လျှောက်ထားသူဦးရေ**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ယခင်အစိုးရလက်ထက်တွင် ၁၈၈ ဦး လျှောက်ထားခဲ့ပြီး ၁၄၃ ဦး ခွင့်ပြုခဲ့ပါကြောင်း၊ ကျန်ရှိသူ ၄၅ ဦး အနက် နိုင်ငံသားအရည်အချင်း မပြည့်ဝသူ ၁၆ ဦး၊ အချက်အလက်မပြည့်စုံသူ ၁၂ ဦး၊ အမှုအခင်းကြီး ဖြစ်ထားသူ ၁၁ ဦးနှင့် အစိုးရအပြောင်းအလဲကာလတွင် လျှောက်ထားသူ ခြောက်ဦး ဖြစ်ပါကြောင်း၊ သတ်မှတ်အရည်အချင်းများဖြင့် ပြည့်စုံသူများကို မြန်မာနိုင်ငံသားအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် လျှောက်ထားသူ ၅၅ ဦးရှိပြီး ၎င်းတို့အနက် နိုင်ငံသားအရည်အချင်းမပြည့်သူ တစ်ဦး၊ အချက်အလက်မပြည့်စုံသူ တစ်ဦး၊ မြန်မာနိုင်ငံသားဟောင်းများ ပြန်လည်စိစစ်ရေးကော်မတီသို့ မတင်ပြရသေးသူ ၃၃ ဦးနှင့် တင်ပြပြီးသူ ၂၀ ဦး ပါဝင်ပါကြောင်း၊ တင်ပြထားသူများအနက် ၂၀ ဦးမှာ စိစစ်ပြီး ဖြစ်၍ မကြာမီတွင် နိုင်ငံသားများအဖြစ် ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှုနှင့် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းမှုတို့ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တစ်နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုကရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး**

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှု၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ပြန်လည်ဖွင့်လှစ်ပေးနိုင်မှု၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်း ဆောင်ရွက်မှုတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်တို့တွင် စေတီပုထိုးများနှင့် လူနေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရာ တပ်မတော်မှ ဘုရားစေတီ ၉၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၅၈ ကျောင်း၊ အိမ်ခြေ ၄၆၈၇ လုံး၊စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံ ငါးရုံကို ပြုပြင်ပေးခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၆ သန်းကျော် ကူညီထောက်ပံ့ခဲ့ပါကြောင်း။

**အလှူငွေ ၇၉၈ သန်းကျော် ပေးအပ်လှူဒါန်း**

၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သော စစ်ကိုင်း၊ ပဲခူး ၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မြစ်ရေကြီးမှုဖြစ်ပွားခဲ့သော တနင်္သာရီတိုင်းဒေသကြီး၌ အိမ်ထောင်စု ၇၇၇၇ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရာတွင် တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄၁ ခေါက်၊ ကုန်တန်ချိန် ၁၂၇ တန် ပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၁၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း၌ ဖြစ်ပွားခဲ့သည့် ပုဂံ ငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များမှ အလှူငွေကျပ် ၇၉၈ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင် နှင့် ရှမ်းပြည်နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၅၈၀ ကို ကူညီရွှေ့ပြောင်းပေးခဲ့ခြင်းနှင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

**ဝက်သက်ကာကွယ်ဆေးထိုး**

၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ နာဂဒေသ လဟယ်မြို့နယ် ထန်ခေါ်လမ္မရွာနှင့် နန်းယွန်းမြို့နယ် ကဲဆန်ကားလန်ရွာတို့တွင် ဝက်သက်ရောဂါပြန့်ပွားမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူ ၁၇၈၅ ဦးကို ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးကုသခြင်း၊ ၁၅၀၅၃ ဦးကို ဝက်သက်ကာကွယ်ဆေးထိုးခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ဒေသခံပြည်သူ ၈၆၃၂၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ပါရဂူ၊ ဆေးမှူးအရာရှိများအနေဖြင့် နာဂဒေသရှိ မြို့နယ် ၂၂ မြို့နယ်တွင် ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့်အပြင် ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေးတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nations Country Task Force Monitoring and Reporting (UNCTFMR) တို့အကြား ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း စီမံချက်စာချုပ်ကို ၂၀၁၂ခုနှစ် ဇွန်လ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

**လွှဲပြောင်းပေးအပ်**

CTFMR အဖွဲ့ဝင်များသည် ခြေလျင်/ခြေမြန်တပ်ရင်းများနှင့် လက်ရုံးဝန်ထမ်းတပ် ၁၃ ခုကို သွားရောက်စစ်ဆေးခဲ့ပြီး တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၆ ဦးကို မိဘ၊ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် CTFMR နှင့် ပူးပေါင်း၍ Plan of Action စာချုပ်ကို လက်မှတ် ရေးထိုးကာ စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်ကို ကလေးစစ်သားအသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး CTFMR (မြန်မာနိုင်ငံစောင့်ကြည့် လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့)နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်ချုပ်စိုးနိုင်ဦးတို့က ဖြေကြားကြသည်။**

**ကာကွယ်ရေးအသုံးစရိတ် နည်းပါး**

**ကာကွယ်ရေးအဆင့်မြှင့်တင်မှု**နှင့် စပ်လျဉ်း၍ မေးခွန်းကို ဖြေကြားရာတွင် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့တပ်မတော်ကို ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်ရာ၌ အဆင့်အတန်းမီ တပ်မတော်တစ်ခုအဖြစ် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ယခင်က ပြည်တွင်းသောင်းကျန်းမှုကို အဓိကထားဆောင်ရွက်နေရာမှ ပြီးပြည့်စုံသည့် ပြည်ပရန်ကာကွယ်ရေးအတွက် စဉ်းစား၍ အဘက်ဘက်မှ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးပါကြောင်း။

**အချိုးအစားမျှတအောင် စီမံဆောင်ရွက်**

စစ်လက်နက်ပစ္စည်းများ ဖြည့်ဆည်းရာတွင် ကိုယ်တိုင်ထုတ်လုပ်နိုင်ရန်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် သက်ဆိုင်ရာ ခြေလျင်တပ်ရင်းမှူးများအနေဖြင့် မိမိတို့၏ တိုက်ဖော်တိုက်ဖက်စစ်သည်များအတွက် သက်သာချောင်ချိရေးကို အမြဲဦးစားပေး၍ ဆောင်ရွက်ပေးပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်နှင့် စီးပွားရေးအင်အား ဖွံ့ဖြိုးတိုးတက်ပါက မိမိတို့စစ်သည်များ၏ ချပ်ဝတ်တန်ဆာများကို အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူယှဉ်နိုင်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်၏ အင်အားစာရင်းများကို အချို့နိုင်ငံများ၌ ထုတ်ပြန်မှုများရှိသော်လည်း



ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်

မိမိတို့နိုင်ငံတွင် တိတိကျကျ ထုတ်ပြန်နိုင်ရန်အတွက် အကန့်အသတ်များ ရှိပါကြောင်း၊ တပ်မတော်အင်အားကို တိုးချဲ့ပါက နိုင်ငံတော်၏ ဘတ်ဂျက်အသုံးစရိတ် ကုန်ကျမှုသည် များပြားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်ကို စွမ်းရည်ပြည့်ဝအောင် ဆောင်ရွက်နိုင်မည့် အခြေအနေပေါ်မူတည်ပြီး အချိုးအစားမျှတအောင် စီမံဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**တပ်မတော်စီးပွားရေးလုပ်ငန်းများ**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ရည်ရွယ်ချက်သည် တပ်မတော်သားများနှင့် ၎င်းတို့၏ မှီခိုဇနီးသားသမီးများ သက်သာချောင်ချိရေး၊ စစ်မှုထမ်းဟောင်း ဇနီးသားသမီးများ သက်သာချောင်ချိရေး၊ ပြည်သူလူထု သက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်စေရေး၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုရေးဟု ဖော်ပြထားပါကြောင်း၊ စတင်ဖွဲ့စည်းချိန် ၁၉၉၀ ခုနှစ်မှစပြီး ကာကွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ရှယ်ယာမတည်ငွေကျပ် သန်း ၄၀၊ တပ်မတော် စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းများ အစုရှယ်ယာထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၀၉၈ သန်း စုစုပေါင်းကျပ်သန်းပေါင်း ၅၆ ဒသမ ၀၉၈ သန်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်အထိ စစ်မှုထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စစ်မှုထမ်းဟောင်း အစုရှယ်ယာထည့်ဝင်မှုမှာ ကျပ် ၁၆၀၈၄ ဒသမ ၇၅၅ သန်း ဖြစ်ပါကြောင်း။

နိုင်ငံတော် အခွန်ပေးဆောင်မှုနှင့် ပတ်သက်ပြီး ၁၉၉၀ - ၁၉၉၁ ဘဏ္ဍာနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျပ် ၈၉၉၉၂ ဒသမ ၂ သန်း ဖြစ်ပြီး အခွန်အခများ နှစ်စဉ်ပေးသွင်းလျက်ရှိပါကြောင်း။

**သက်သာချောင်ချိစေရေး**

မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ရည်ရွယ်ချက်တွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ တပ်မတော်အသုံးစရိတ်များကို လျှော့နည်းသက်သာစေရန်၊ တပ်မတော်မှလိုအပ်သော အထောက်အပံ့ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ တပ်မတော်သားများ၏ မိသားစုဝင်များ သက်သာချောင်ချိစေရေးကို ဆောင်ရွက်ပေးရန်၊ တပ်မတော်၏ အခြားသောကိစ္စရပ်များကို ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါကြောင်း၊ တပ်မတော်၏ အသုံးအဆောင်ပစ္စည်းများ၊ အဆောက်အအုံသုံးပစ္စည်းများကို သက်သာစွာ ထုတ်လုပ်ရန်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# ဝန်ထမ်းလစာများအား ကတ်စနစ်ဖြင့် ပြောင်းလဲထုတ်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးနေ

**နေပြည်တော် မေ ၂**

ငွေကြေးတည်ငြိမ်ရေးတွင် အဓိကဖြစ်သော ငွေကြေးဖောင်းပွမှုနှုန်းထိန်းသိမ်းရန် တစ်နည်းအားဖြင့် ဈေးနှုန်းများတည်ငြိမ်စွာ စီးပွားရေးတိုးတက်မှုရရှိစေရန် ငွေကြေးပမာဏအား ရည်မှန်းချက်ထားရှိသည့် Reserve Money Targeyting နည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးပမာဏတိုးတက်မှုနှုန်းသည် ရည်မှန်းချက်ထက် ကျော်လွန်နေပါက အပ်ငွေလေလံခေါ်ယူပြီး ပိုလျှံသည့် ငွေကြေးပမာဏများအား နုတ်သိမ်းရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံအကြိမ် ၂၃ ကြိမ်ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှ ၃၄၃ ဘီလီယံကျပ်ဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်

### အတိုးနှုန်းမူဝါဒချမှတ်

ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာ၌ ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အတိုးနှုန်းမူဝါဒ ချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ ငွေလဲလှယ်နှုန်းမူဝါဒကို ချမှတ်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်သော ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဈေးပြိုင်ရောင်းချခြင်းစနစ်စတင်ခဲ့

ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်သည့် နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြည့်ဆည်းပေးရခြင်းကို လျှော့ချနိုင်ရန်နှင့် ထိရောက်သော အစိုးရကြွေးမြီစီမံခန့်ခွဲမှုဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှစတင်၍ အစိုးရငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို စတင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစ၍ အစိုးရငွေတိုက်စာချုပ်ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းစနစ်ကို စတင်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်ပမာဏ ကျပ် ၁၂၀၁ ဘီလီယံကို ရောင်းချနိုင်ခဲ့ပါကြောင်း၊ ထို့အတူ အစိုးရငွေတိုက်လက်မှတ်ပမာဏ ကျပ် ၃၆၂၂ ဘီလီယံကို ရောင်းချနိုင်ခဲ့ပါကြောင်း။

### နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီနှစ်ခု ဖွင့်လှစ်

ဘဏ်လုပ်ငန်း အခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ ဘဏ်ခွဲပေါင်း ၁၄၈၁ ခု၊ ပုဂ္ဂလိကငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်ရုံး ၄၅ ခု၊ နိုင်ငံခြားငွေရေးကြေးရေး ကုမ္ပဏီနှစ်ခု ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ထုတ်ဝေခွင့်ပြုခဲ့

ငွေပေးချေမှုစနစ်အား လျင်မြန်လုံခြုံထိရောက်မှုရှိပြီး ခေတ်မီသော ငွေပေးချေမှုစနစ်ဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံရှိဘဏ်များအားလုံးကို အီလက်ထရွန်နစ်နည်းပညာဖြင့် ချိတ်ဆက်ထားသော CBM-Net ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပါကြောင်း၊ အများပြည်သူများအနေဖြင့် ငွေသားကိုင်တွယ်သုံးစွဲမှုအား လျှော့ချပြီး အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ကတ်စနစ်အသုံးပြုပြီး ငွေပေးချေမှုများအား ပြုလုပ်နိုင်ရန် နိုင်ငံတကာကတ်များဖြစ်သည့် Visa Card၊ Master Card၊ JCB Card၊ UPI Card တို့ကို ပြည်တွင်း၊ ပြည်ပအတွင်း အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်းဘဏ်များအား Prepaid Card များကိုလည်း ထုတ်ဝေခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံရှိ ဘဏ်များအား International Card ( Master / Visa / JCB/ UPI) များကို ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော International Credit Card ( Clean Card ) များ ထုတ်ဝေခွင့်ပြုခဲ့ပါကြောင်း။

### ဗဟိုအပေါင်အပ်နှံသည့်စနစ်ကို အသုံးပြု

ဘဏ်များအချင်းချင်း ငွေကြေးဈေးကွက် စနစ်တကျဖြစ်စေရေးအတွက် ဘဏ်များအချင်းချင်း ငွေချေးသက်သေခံလက်မှတ်များကို အပေါင်ပြု၍၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လက်မှတ်များကို အပေါင်ပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ ဗဟိုအပေါင်အပ်နှံသည့်စနစ်ကို အသုံးပြု၍ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘဏ် အချင်းချင်းသော်လည်းကောင်း၊ ဘဏ်များနှင့် ၎င်းတို့၏ ဖောက်သည်များဖြင့်သော်လည်းကောင်း နိုင်ငံခြားငွေလဲလှယ်ရာမှ ဖြစ်ပေါ်လာနိုင်သည့်ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်အတွက် Currency SWAP စနစ်နှင့် Currency Forward စနစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံခြားငွေဝယ်ယူခြင်း၊ ရောင်းချခြင်းမှ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် အနာဂတ်ငွေလဲလှယ်နှုန်းများကို သတ်မှတ်နိုင်သည့် SWAP နှင့် Forward စနစ်များကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ဖြေကြားသည်။

### လေ့ကျင့်ရေးစင်တာတစ်ခု ထူထောင်မည်

**ကမ္ဘာ့ဘဏ်မှ သန်း ၁၀၀ ချေးယူခြင်း**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ကမ္ဘာ့ဘဏ်မှ သန်း ၁၀၀ ချေးယူသည့် ငွေများအနက် ၂၅ သန်းကို ဗဟိုဘဏ်အတွက် အသုံးပြုသွားမည်ဖြစ်ပြီး ကျန်သည့် ၇၅ သန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ ချေးငွေဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးစနစ်အား ခိုင်မာအောင် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ အဆင့်မြှင့်တင်ခြင်းဖြင့် ငွေကြေးကဏ္ဍ၌ ယခုလက်ရှိ ငွေပေးချေမှုစနစ်ထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ငွေကြေးဆိုင်ရာ အသိပညာများ တိုးတက်ရန်အတွက် လေ့ကျင့်ရေးစင်တာတစ်ခု ထူထောင်သွားမည်ဖြစ်ပါကြောင်း။

### ဒေါ်လာဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်

အမေရိကန်ဒေါ်လာဈေး အတက်အကျသည် ခန့်မှန်းရန်ခက်ပါကြောင်း၊ မြန်မာနိုင်ငံသာမက နိုင်ငံတကာတွင်လည်း သက်ဆိုင်ရာ နိုင်ငံ၏မူဝါဒသာမက နိုင်ငံတကာမူဝါဒနှင့် အခြေအနေများကို ထည့်သွင်းတွက်ချက်ရပါကြောင်း၊ ထို့ကြောင့် အမေရိကန်ဒေါ်လာဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန် ခက်ခဲရခြင်းဖြစ်ပါကြောင်း၊ အဓိကအနေဖြင့် အမေရိကန်ဒေါ်လာဈေးတည်ငြိမ်ရန်အတွက် နိုင်ငံအတွင်း မိုက်ခရို စီးပွားရေးဝန်းကျင်ကောင်းမွန်အောင် တည်ဆောက်ရပါကြောင်း။

အမေရိကန်ဒေါ်လာအပါအဝင် နိုင်ငံခြားသုံးငွေ ဈေးကွက်တည်ငြိမ်ရေးအတွက် International Monetary Fund (IMF)မှ နည်းပညာနှင့် အကူအညီများကိုရယူ၍ ဆောင်ရွက်နေပါကြောင်း၊ ငွေကျပ် ၅၀၀၀၀ တန် ငွေစက္ကူထုတ်ရန်ကိစ္စကို မိမိအနေဖြင့် ကြားသိခြင်းမရှိပါကြောင်း၊ ဝန်ထမ်းလစာများအား ကတ်စနစ်ဖြင့် ပြောင်းလဲထုတ်ပေးနိုင်ရန် ပထမဦးဆုံးအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးနေပါကြောင်း၊ ဝန်ထမ်းလစာများကို ကတ်စနစ်သာမက မိုဘိုင်းဖုန်းစနစ်ဖြင့် ပေးချေနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအကြား ငွေပေးချေမှုများကို ကတ်စနစ်ဖြင့် လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် စက်အားဆိုင်ကြီးများသာမက ဆိုင်ငယ်များအထိ ပျံ့နှံ့အောင်စီစဉ်နေပါကြောင်း၊ ယခုအချိန်တွင် စက်အလုံးရေ ၉၀၀၀ ကျော်အား ဈေးကွက်အတွင်း အသုံးပြုနေပြီး ထပ်မံ၍ အလုံးရေ သိန်းချီ ဖြန့်ဖြူးအသုံးပြုရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

**ငွေစာရင်းတောင်းခံမှုကိစ္စ**နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကြေးခဝါချမှုနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအရ ငွေစာရင်းတောင်းခံမှုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသာမက ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများက လိုအပ်သည့် ငွေစာရင်းဆိုင်ရာ သတင်းအချက်များ တောင်းခံလာပါက ပေးရပါကြောင်း၊ ထိုသို့ပေးရသည့် စာရင်းသည် လျှို့ဝှက်သတင်း အချက်အလက်ဖြစ်သည့်အတွက် ထုတ်ပြန်ပေး၍ မရပါကြောင်း၊ ဗဟိုဘဏ်နှင့် သက်ဆိုင်သော ငွေကြေးဆိုင်ရာ အချက်အလက်များအား စာရင်းပြုစု၍ စာအုပ်ထုတ်ဝေပေးရန် စီစဉ်နေပါကြောင်း၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အချက်အလက်များ ပြည့်ပြည့်စုံစုံပါဝင်သည့် စာအုပ်ကို ထုတ်ဝေနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထား

**နိုင်ငံခြားဘဏ်ခွဲဖွင့်လှစ်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် လက်ရှိပြည်တွင်း၌ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုမှ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားပါကြောင်း၊ အဆိုပါရုံးများအနေဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိဘဲ၊ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးအတွက်သာ ဖြစ်ပါကြောင်း၊ နိုင်ငံတကာဘဏ်များအနေဖြင့် ဘဏ်ခွဲတစ်ခု ဖွင့်လှစ်မည်ဆိုပါက နိုင်ငံအတွင်း ငွေကြေးဈေးကွက် ခိုင်မာတည်ငြိမ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားစဉ်းစားပြီးမှ ဘဏ်ခွဲဖွင့်လှစ်မှုကို ဆောင်ရွက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဘဏ်ခွဲများဖွင့်လှစ်မှု လက်ရှိတွင် ခေတ္တဆိုင်းငံ့ထားပါကြောင်း၊ ဆက်လက်ဖွင့်လှစ်ခွင့်ပြုနိုင်ရန် နည်းလမ်းများ ရှာဖွေနေပါကြောင်း၊ နိုင်ငံခြားဘဏ်ခွဲများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းအပါအဝင် လိုအပ်ချက်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**မိုဘိုင်းဘဏ်၊ ငွေကြေးလွှဲပြောင်းမှုကိစ္စများ**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိုဘိုင်းဘဏ်နှင့် ငွေကြေးလွှဲပြောင်းမှုကိစ္စများတွက် လိုက်နာဆောင်ရွက်ရမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်း တရားမဝင်မိုဘိုင်းစနစ်ဖြင့် ဘဏ်လုပ်ငန်း၊ ငွေကြေးလွှဲပြောင်းမှုများ ပြုလုပ်နေခြင်းလုံးဝမရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# နေပြည်တော်ကောင်စီနယ်မြေတွင် သန်းပေါင်း ၁၆ ဘီလီယံအသုံးပြုပြီး အိမ်ရာများဆောက်လုပ်ရန် အစီအစဉ်ရှိ

**နေပြည်တော် မေ ၂**

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးဝင်းရှိန်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် အစိုးရသစ်တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုဘတ်ဂျက်၊ နေပြည်တော်ကောင်စီဘတ်ဂျက်၊ လွှတ်တော်နှင့် ဒေသအလှူရှင်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်/ကန်၊ လျှပ်စစ်မီးလင်းရေး၊ ရေရရှိရေးနှင့် အခြားဖွံ့ဖြိုးရေးကဏ္ဍများအတွက် လုပ်ငန်းစုစုပေါင်း ၁၄၃၁ ခုကို ငွေကျပ် ၄၁၆၃၂ ဒသမ ၂၄၇ သန်း အကုန်အကျခံ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးဝင်းရှိန်

### ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးကဏ္ဍကို မြို့နယ် ရှစ်မြို့နယ်တွင် လုပ်ငန်း ၂၃၄ ခုအား ငွေကျပ် ၅၄၁၄ သန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး မူလတန်းကျောင်းခွဲမှ အထက်တန်းကျောင်းအထိ ကျောင်းပေါင်း ၇၀ အား အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အထက်တန်းပြ ၈၈၄ ဦး၊ အလယ်တန်းပြ ၂၈၂၆ ဦး နှင့် မူလတန်းပြ ၃၆၅၂ ဦး စုစုပေါင်း ၇၃၆၂ ဦးတွင် ၈၈၅ ဦးပိုမိုတိုးမြှင့်ခန့်ထားနိုင်ခဲ့ပြီး ဆရာများနှင့် ကျောင်းသားအချိုးမှာ အထက်တန်းတွင် ၁ အချိုး ၂၆၊ အလယ်တန်းတွင် ၁ အချိုး ၂၅ နှင့် မူလတန်းတွင် ၁ အချိုး ၃၁ ရှိပါကြောင်း။

### ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့် ကလေးအထူးကုဆေးရုံကြီး၊ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း နှင့် လည်ချောင်းရောဂါအထူးကုဆေးရုံကြီးနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁ အချိုး ၁၉၃၃ နှင့် သူနာပြုနှင့် လူဦးရေအချိုးမှာ ၁ အချိုး ၁၀၅၆ တို့ ဖြစ်ပါကြောင်း။

### မြေယာကိစ္စများစီမံခန့်ခွဲမှု

မြေယာကိစ္စများစီမံခန့်ခွဲမှု ဆောင်ရွက်မှုအခြေအနေမှာ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် ခွင့်ပြုပေးနိုင်ခဲ့မှုမှာ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများနှင့်အညီ လယ်ယာမြေ ၅၈ ဒသမ ၅၄ ဧကကို လျှောက်ထားသူ ၂၃ ဦးထံ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်မြေများကို တောင်သူ ၆၅ ဦးထံ ၂၁၁ ဒသမ ၄၆ ဧကကို နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ အစိုးရတစ်နှစ်တာကာလအတွင်း လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

### လုံခြုံရေးကဏ္ဍ

လုံခြုံရေးကဏ္ဍအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အမှုကြီး ၁၀ မှု ဖြစ်ပွားမှု ၈၁ မှု ဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အမှုသုံးမှုပိုခဲ့ကာ ဖြစ်ပွားမှု အများဆုံးမှာ စားပြမှု၊ လုယက်မှုနှင့် မုဒိမ်းမှုများဖြစ်ပါကြောင်း၊ အခြားအမှု ၁၀ မှု ဖြစ်ပွားမှုမှာ ၁၉၉၃ မှုဖြစ်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အမှု ၁၃၀မှုပိုခဲ့ကာ ဖြစ်ပွားမှုအများဆုံးမှာ ဆိုင်ကယ်ခိုးမှုနှင့် ယာဉ်တိုက်မှုများဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်မှုအနေဖြင့် ၄၈၆၀ ဆောင်ရွက်ခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အမှုပေါင်း ၃၇၈၄ မှု တိုးမြှင့်၍ ကာကွယ်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရှစ်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဌာနဆိုင်ရာ ၁၀ ခုဖြင့် ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းဝန်ဆောင်မှုပေးနိုင်ခဲ့မှုမှာ ၃၂၇၂၁ ခု ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ခုနှစ် (ဆန်) ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ ၁၀၀ ဒသမ ၂၀၊ (ဆီ) ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ ၁၆၂ ဒသမ ၁၆၊ (ပဲ)ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ ၄၇၈ ဒသမ ၆၉ ဖြစ်ပါကြောင်း။

### မွေးမြူရေးဆောင်ရွက်ထားရှိမှု

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြစ်မ်းရောင် (အသားကဏ္ဍ)၊ မျိုးကောင်းမျိုးသန့်/မွေးဘဏ်စနစ်ဖြင့် မွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေမှာ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာပေါင်း ၁၁ ရွာသို့ ကျပ်သန်းပေါင်း ၁၂၀ ထုတ်ချေးခဲ့ပြီး နို့စားနွား၊ ဆိတ်၊ ဝက်နှင့် ကြက်တို့ကို မွေးမြူနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် အဝေးပြေးခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းပြေးဆွဲမှု အခြေအနေမှာ မြို့တွင်းယာဉ်လိုင်းပြေးဆွဲမှုအနေဖြင့် ယာဉ်အစီး ၂၈၀ ဖြင့် ယာဉ်လိုင်းငါးခုမှ ပြေးဆွဲလျက်ရှိရာ ယခုနှစ်အတွင်း Mini Bus ၁၆ စီးထပ်မံပြေးဆွဲနိုင်ခဲ့ပါကြောင်း၊ အဝေးပြေးပို့ဆောင်မှုအနေဖြင့် ယာဉ်အသင်းပေါင်း ၁၇ သင်းထပ်မံတိုးချဲ့ပြီး ယာဉ်လိုင်းပေါင်း ၂၆ လိုင်း၊ ယာဉ် ၂၇၄ စီးဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

### အိမ်ရာများဆောက်လုပ်ရန် အစီအစဉ်ရှိ

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျူးကျော်နေထိုင်သူများကိစ္စအား ကိုင်တွယ်ဖြေရှင်းနေမှု**နှင့် ပတ်သက်၍ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဝင်းရှိန်က ဖြေကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာ

*စာမျက်နှာ ၁၁ ကော်လံ ၅ သို့*

# ကင်ဂျုံအန်းနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်လိုကြောင်း ထရန့်ဖွင့်ဟလာ




**ဝါရှင်တန် မေ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကောင်းမွန်သင့်မြတ်သော အခြေအနေတစ်ခု၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံဆွေးနွေးသွားလိုကြောင်း ပြောကြားခဲ့သည်။

ထရန့်သည် တနင်္လာနေ့က Bloomberg News နှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့စဉ်က ထိုသို့ တွေ့ဆုံဆွေးနွေးရပါက ဝမ်းမြောက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များရှေ့တိုးဆောင်ရွက်နေမှုကို စွန့်လွှတ်ရန် ဖိအားပေးလျက်ရှိသည်ဖြစ်ရာ ယင်းသို့ ပြောဆိုခဲ့မှုက ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ညှိနှိုင်းဆွေးနွေးခြင်းကို စွန့်လွှတ်လိုဟန်မရှိသေးကြောင်း ဖော်ပြသည့်ကြိုးပမ်းမှုတစ်ခုဟု ဆိုရမည်ဖြစ်သည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ စပိုက်ဆာက အကယ်၍ မြောက်ကိုရီးယားသည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဆတ်ဆတ်ထိမခံ ရှေ့တိုးဆောင်ရွက်ခဲ့ပြီး ဒေသတွင်းနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုအား ခြိမ်းခြောက်ရန် ကြိုးပမ်းလာခဲ့မည်ဆိုလျှင် ဆွေးနွေးမှုများ မဖြစ်မနေ ဆက်လက်ပြုလုပ်သွားရန် လိုအပ်လိမ့်မည်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း မြောက်ကိုရီးယားအနေဖြင့် ရန်စောင်သော အပြုအမူများကိုသာ လုပ်ဆောင်နေပါက ညှိနှိုင်းဆွေးနွေးနိုင်မည့် အခြေအနေအချိန်အခါကောင်းတစ်ခု ဘယ်သောအခါမျှရှိလာတော့မည်မဟုတ်ဟု စပိုက်ဆာကပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# သမ္မတဒူတာတေး၏ မူးယစ်တိုက်ဖျက်ရေးဆောင်ရွက်ခဲ့မှုကို ထရန့်ချီးမွမ်း



**မနီလာ မေ ၂**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် မူးယစ်ဆန့်ကျင်သည့် စစ်ဆင်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံအား နိုင်ငံတကာကဝေဖန်ရှုတ်ချနေမှုများကို သတိပြုမိပြီးဖြစ်သော်လည်း ဖိလစ်ပိုင်သမ္မတနှင့် ဖုန်းပြောချိန်တွင် ချီးမွမ်းပြောဆိုခဲ့ကြောင်း သမ္မတဒူတာတေး၏ပြောရေး ဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၁၀ လအတွင်းက သမ္မတ ဒူတာတေးလုပ်ဆောင်ခဲ့သည့် မူးယစ်တိုက်ဖျက်ရေးစစ်ဆင်မှုအတွင်း လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရချိန်တွင် သမ္မတထရန့်က ဖိလစ်ပိုင် သမ္မတဒူတာတေးအား အိမ်ဖြူတော်သို့လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုက်ခြင်းက အမေရိကန်အပေါ် ဝေဖန်ရှုတ်ချမှုများစွာကို ပေါ်ပေါက်လာစေခဲ့သည်။

စနေနေ့က ဖုန်းဖြင့်ဆက်သွယ် ပြောကြားခဲ့ချိန်တွင် အိမ်ဖြူတော်က လူ့အခွင့်အရေးရပိုင်ခွင့်များသည် အရေး ကြီးပြီး မြောက်ကိုရီးယား၏နျူကလီးယား လက်နက် ဖွံ့ဖြိုးတိုးတက်လာမှုက တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လာချိန်တွင် အမေရိကန်အနေဖြင့် အရှေ့တောင် အာရှ၌ မဟာမိတ်များလိုအပ်နေကြောင်း ပြောကြားကာ သမ္မတဒူတာတေးအား အိမ်ဖြူတော်သို့ ဖိတ်ကြားခဲ့ခြင်းဖြစ် သည်။

သမ္မတဒူတာတေး၏ ပြောရေးဆို ခွင့်ရှိသူ အာနက်စတိုအဘယ်လာက ထရန့်သည် ဒူတာတေးအပေါ်ဝေဖန် ထိုးနှက်မှုများကို အထူးသတိထား စောင့်ကြည့်ခဲ့ပြီးဖြစ်သော်လည်း ဖိလစ်ပိုင်တွင်ဖြစ်ပွားနေသည့် ကြီးကျယ်သောအခြေအနေတစ်ခုကို ကောင်းစွာထိန်းချုပ်ဆောင်ရွက်ခဲ့သည်ဟုဆိုကာ ချီးမွမ်းပြောဆိုခဲ့ကြောင်း ပြောကြားခဲ့သည်။

ထရန့်က အိမ်ဖြူတော်သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားရာတွင် အချိန်ကန့်သတ်ခြင်းမရှိခဲ့သော်လည်း ဒူတာတေးကမူ ပင်လယ်ရပ်ခြား နိုင်ငံများသို့ ခရီးထွက်ခွာရန်ရှိသေးသည့်အတွက် လာရောက်လည်ပတ်ရန်က ကတိပြုနိုင်ခြင်း မရှိသေးကြောင်း ပြောကြားခဲ့သည်။
**(ရိုက်တာ)**

# တရုတ်နိုင်ငံရှိ မီးရထားဖြတ်သန်းသည့် ဥမင်လိုဏ်ခေါင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား

**ကွမ်ကျိုး မေ ၂**

တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ်အတွင်းရှိ ဆောက်လုပ်ဆဲဖြစ်သည့် ရထားဖြတ်ဥမင်လိုဏ်ခေါင်းတစ်ခုတွင် အင်္ဂါနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၂ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၁၂ ဦးမှာ ပေါက်ကွဲမှုဖြစ်ပွားသည့်အတွင်းပိုင်းတွင် ပိတ်မိနေခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုသည် မွန်းလွဲ ၂ နာရီ ၅၀ မိနစ်တွင် ဒါဖန်းစီရင်စု လီလူလောင်မြို့နယ်အတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Qishanyan ဥမင်ကို ကျောက်မီးသွေးအလွှာတစ်လျှောက်ဖြတ်သန်းနိုင်ရန် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ရာ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားသည်ဟု ယူဆရကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့အမြန်ဆုံးပို့ဆောင်ခဲ့ကြသည်။ အခင်းဖြစ်ပွားသည့်နေရာ၌ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့သိပ်သည်းစွာပျံ့နှံ့နေသည့်အတွက် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ခေတ္တရပ်နားထားကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို သေချာစွာသိရှိနိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေပြင်းမုန်တိုင်းတိုက်ခတ်လူ ခုနစ်ဦးထက်မနည်းသေဆုံး

**ဒါကာ မေ ၂**



ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၁ရက်က လေပြင်းမုန်တိုင်းတစ်ခု လေးနာရီကြာ တိုက်ခတ်ခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် မြို့တော်ဒါကာအနောက်ဘက် ၂၅၆ ကီလိုမီတာအကွာရှိ ရက်ဂျ်ဂျဟီး ခရိုင်မှ လေးဦး၊ မြို့တော်ဒါကာ အနောက်မြောက်ဘက် ၃၀၂ ကီလိုမီတာအကွာရှိ ချာပါနာဝဂမ်ဂျ်ခရိုင်မှ သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သစ်ပင်များ အမြစ်မှကျွတ်ထွက်ခြင်း၊ အဆောက်အအုံများပြိုလဲခြင်း၊ အိုးအိမ်များပျက်စီးခြင်း စသည်တို့ဖြစ်ပွားခဲ့ကြောင်း၊ ထို့အပြင် လမ်းပန်းဆက်သွယ်မှုများပြတ်တောက်ခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

မတ်လမှ မေလအတွင်း လေဆင်နှာမောင်းများနှင့် လေပြင်းမုန်တိုင်းများ နိုင်ငံအတွင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**




# မြောက်ကိုရီးယားကို ပုံစံငယ်များအဖြစ် နမူနာထားကာ အမေရိကန်ဗုံးကြဲလေယာဉ်များ တိုက်ခိုက်မှုများ စမ်းသပ်ပြုလုပ်

**ပြုံယမ်း မေ ၂**

အမေရိကန်နိုင်ငံ၏ B-1B ဗုံးကြဲလေယာဉ်တပ်ဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံကို ပစ်မှတ်ထားသည့် ပုံစံငယ်တိုက်ခိုက်မှုများ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနက မေ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂူအန်ကျွန်းမှ ထွက်ခွာလာသည့် ဗုံးကြဲလေယာဉ်တပ်ဖွဲ့သည် ယမန်နေ့က မြောက်ကိုရီးယားအရှေ့ဘက်ပင်လယ်ပြင်သို့ လျှို့ဝှက်ပျံသန်းလာခဲ့ပြီး အဆိုပါဒေသတွင် တပ်ဖြန့်ချထားသော ကားလ်ဗင်ဆန်လေယာဉ်တင်သင်္ဘောနှင့် မီချီဂန်ရေငုပ်သင်္ဘောတို့ဖြင့် ပူးတွဲလေ့ကျင့်မှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနယ်နိမိတ်အတွင်း မြောက်ကိုရီးယား၏ အဓိကပစ်မှတ်များကို ဥပမာထား သတ်မှတ်၍ ဗုံးကြဲလေ့ကျင့်တိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ စစ်ရေးရန်စမှုပြုလုပ်ခြင်းသည် ကိုရီးယားကျွန်းဆွယ်အရေးကိစ္စကို ဆိုးသထက်ဆိုးအောင် လုပ်ဆောင်နေပုံပေါ်ကြောင်း အဆိုပါသတင်းဖော်ပြချက်တွင် ဆက်လက်ဖော်ပြခဲ့သည်။
**(ဆင်ဟွာ)**

# ကျောင်းပြင်ပ မူလတန်းပညာရေး မြို့နယ်ပညာရေးမှူးများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၂**

၂၀၁၇-၂၀၁၈ ကျောင်းပြင်ပ ပညာရေး အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ကျောင်းပြင်ပ ပညာရေး မြို့နယ်ပညာရေးမှူးများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သိင်္ဂီမြိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန ဥက္ကဋ္ဌဒေါက်တာ ဦးသန်းဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံနယ်စပ်ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်နှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်တို့က ရှင်းလင်းပြောကြားကြသည်။



ထို့နောက် မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ညိုက မြန်မာနိုင်ငံ ကျောင်းပြင်ပမူလတန်းပညာရေးအကောင်အထည်ဖော်မှု၊ အဖွဲ့ဝင် ဒေါက်တာထူးထူးအောင်က ကျောင်းပြင်ပ မူလတန်းပညာရေး သင်ကြားသင်ယူမှု၊ အဖွဲ့ဝင် ဒေါ်အေးအေးခိုင်က ကျောင်းပြင်ပ မူလတန်းပညာရေး စီမံခန့်ခွဲမှုဆိုင်ရာ ထိရောက်သောကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ အဖွဲ့ဝင် ဦးထွန်းကြည်က အစီအစဉ်ကြီးကြပ် ကွပ်ကဲခြင်းနှင့် စာရင်းကောက်ယူခြင်း တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက အုပ်စုခွဲများအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်မြဲ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မြို့နယ်များမှ ပညာရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဇလွန်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်

**ဇလွန် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မေ ၁ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ရပ်ကွက်တစ်ခု၊ ကျေးရွာအုပ်စု(၄)အုပ်စုတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၅၄ လုံး အမိုးလန်ခြင်း၊ အိမ် ၁၀ လုံးမှာ ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ယင်းလူနေအိမ်များမှ အမျိုးသား ၁၁၀၊ အမျိုးသမီး ၁၁၁ ဦးတို့သည် လေဘေးသင့်ခဲ့ပြီး စာသင်ကျောင်းတစ်ကျောင်း ၊ ဓမ္မာရုံတစ်ရုံ ၊ နွားတင်းကုပ် တစ်လုံးနှင့် ဈေးဆိုင်ခန်း တစ်ခန်းမှာ ပြိုလဲကာ နှစ်ခန်းမှာ အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာအုပ်စုများမှာ အနောက်လေးတူး၊ အုပ်ရှစ်ကွင်း၊ စစ်ကွင်း၊ သရက် (မြောက်) ၊ ညောင်ကုန်း ၊ ကျောင်းစု ၊ အညာစု ၊ သရက်(တောင်)၊ ကြပ်ကြီး ၊ ညောင်ပင်ဈေး ၊ စက်ကြီးအရှေ့ ၊ သရက်(တောင်) အုပ်စု ဆင်ကုန်း၊ အုတ်ရှစ်ကွင်း ၊ အုန်းပင်စုကျေးရွာတို့ဖြစ်ပြီး လူနှင့် တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း၊ လူနေအိမ် ပျက်စီး ဆုံးရှုံးမှုနှင့် အခြားအဆောက်အအုံပျက်စီး ဆုံးရှုံးမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃ ဒသမ ၃၇ သန်းဖြစ်ကြောင်း၊ ပြိုလဲအိမ် မိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် နီးစပ်ရာ ဆွေမျိုးနေအိမ်များတွင် နေရာချ နေထိုင်စေခဲ့ကြောင်း သိရသည်။

ယင်းနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲမှူးသန်းဌေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ သွားရောက်ပြီး ပြိုလဲအိမ် မိသားစုများအား ယာယီနေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# နာဂ၌ အစာအဆိပ်သင့် မိသားစုဝင်များအနက် နှစ်ဦး ကျန်းမာရေးအခြေအနေကောင်းမွန်

**မြစ်ကြီးနား မေ ၂**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့နယ် ထဟော(၁) ကျေးရွာတွင် မှိုဟင်းချက်စားရာ မိသားစုဝင် ငါးဦး အစာအဆိပ်သင့်ရာမှ ကျန်နှစ်ဦး၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာကြောင်း သိရသည်။

အဆိုပါ မိသားစုသည် ဧပြီ ၂၂ ရက်က တောင်ပို့မှိုတစ်မျိုးကို ဟင်းအဖြစ် ချက်စားခဲ့ရာ မိသားစုဝင် ငါးဦးစလုံး အစာအဆိပ်သင့်သဖြင့် နန်းယွန်း ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဧပြီ ၂၆ ရက်က အသက် ၂၀ နှစ်အရွယ်နှင့် အသက် ၁၃ နှစ်အရွယ် သမီးနှစ်ဦး သေဆုံးသွားကြောင်း၊ ဧပြီ ၂၉ ရက်က အသက် ၁၁ နှစ်အရွယ် ယောက်ျားလေးတစ်ဦးထပ်မံ သေဆုံးခဲ့ခြင်းဖြစ်သည်။

"အခုနှစ်ဦးကတော့ ကျန်းမာရေး အခြေအနေကောင်းလာပြီ"ဟု ဆွေမျိုးတော်စပ်သူ ဦးလော်တူးက ပြောသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နန်းယွန်းပြည်သူ့ဆေးရုံမှ ဆရာဝန်က ၎င်းမှိုသည် အစာအဆိပ်ရှိခြင်းကြောင့် စားသုံးရန်မသင့်ကြောင်း သုံးသပ်ပြောဆိုကြောင်း ကူညီဆောင်ရွက်သူများထံမှ သိရသည်။ ယခုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ထဟော (၁)ကျေးရွာသည် ပန်ဆောင်မြို့နှင့် သုံးမိုင်ဝေးကွာ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မောင်တောမြို့နယ် မာဇီးကျေးရွာ၌ နေအိမ်တစ်လုံးနှင့် နွားတင်းကုပ်နှစ်လုံး မီးရှို့ခံရ

**နေပြည်တော် မေ ၂**

မောင်တောမြို့နယ် ရဲအောင်စံရဖွေ ကျေးရွာအုပ်စု မာဇီးကျေးရွာနေ မူဇေမေလ်ဟောက်၏ နေအိမ်နှင့် နွားတင်းကုပ်နှစ်လုံး ယမန်နေ့ နံနက်ပိုင်းက မီးရှို့ခံရပြီး ကာလတန်ဖိုးငွေကျပ် ငါးသိန်းဖိုးခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးရှို့ခံရမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက အိမ်ရှင်အား မေးမြန်းရာ ယနေ့ နံနက် ၂ နာရီခွဲတွင် နေအိမ်ခေါင်မိုး မီးလောင်မှုကြောင့် အပြင်ထွက်ကြည့်စဉ် တစ်ရွာတည်းနေ ရှူနာယာအား တွေ့မြင်လိုက်ကြောင်း ထွက်ဆိုခဲ့ပြီး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ အိမ်ရှင် မူဇေမေလ်ဟောက်မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အောင်သပြေနယ်မြေရဲစခန်းက အမှုဖွင့်၍ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တော၌ တန်ဖိုးငွေကျပ် သိန်း ၈၈၀၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြားလေးသိန်းကျော် ဖမ်းဆီးမိ

**နေပြည်တော် မေ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ၃ မိုင် စစ်ဆေးရေးဂိတ်၌ မေ ၂ ရက် နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၈၈၀၀ ခန့် ဖမ်းဆီးရမိ ကြောင်း သိရသည်။



မောင်တောမြို့နယ်ရှိ ၃ မိုင် စစ်ဆေးရေးဂိတ်တွင် ပုံမှန်ရှာဖွေ စစ်ဆေးမှုများ ပြုလုပ်နေစဉ် မေ ၁ ရက် နံနက် ၁၀ နာရီခွဲ ခန့်က ဘူးသီးတောင်မှ မောင်တောမြို့သို့ ယာဉ်မောင်း သန်းထွန်းနိုင်(၃၆နှစ်) မောင်းနှင်လာသည့် ပါဂျဲရိုး ခဲရောင် ယာဉ်အမှတ် 4 C/-------ကို စစ်ဆေးရာ ယာဉ်ပေါ်၌ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၈၈၀၀ ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း၊ ယာဉ်မောင်း သန်းထွန်းနိုင်နှင့်အတူ ဇော်ဦး(၃၂နှစ်)နှင့် အရာရှိ၊ စစ်သည် နှစ်ဦးတို့အား ယာဉ်ပေါ်တွင် တွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား နယ်မြေခံတပ်များသို့ လွှဲပြောင်း၍ အရေးယူမှုများဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း။

ယာဉ်မောင်း သန်းထွန်းနိုင်နှင့် ဇော်ဦးတို့အား ပြင်ဖြူ နယ်မြေရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၉ မှ*

မြေ၊ ပုဂ္ဂလိကပိုင်မြေ၊ သစ်တောမြေနှင့် စိုက်ပျိုးမြေများပေါ်တွင် ကျူးကျော်နေထိုင်သူများရှိပါကြောင်း၊ ကျူးကျော်များနှင့် ပတ်သက်၍ ရှင်းလင်းခြင်းတစ်ခုတည်းမဟုတ်ဘဲ ပြန်လည်နေရာ ချထားပေးရေး အစီအမံများကို ဆွေးနွေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုနှစ်တွင် ကျပ်သန်းပေါင်း ၁၆ ဘီလီယံအသုံးပြု၍ အိမ်ရာများဆောက်လုပ်ရန် အစီအစဉ်ရှိပါကြောင်း၊ ယင်းနေရာများတွင် ပြန်လည်နေရာချထားပေးရန်ရှိပါကြောင်း၊ ယင်းအပြင် အငှားအိမ်ရာစနစ်ဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ရှာဖွေစစ်ဆေးမှုများဆောင်ရွက်

**နေပြည်တော်ကောင်စီနယ်မြေအတွင်း အမှုကြီးများ ပိုမို ဖြစ်ပွားလာမှုနှင့်စပ်လျဉ်း၍** ရဲမှူးကြီး ဇော်ခင်အောင်က နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်စဉ် မှုခင်းဖြစ်ပွားမှု အခြေအနေများကို ပြန်လည်သုံးသပ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမှုကြီး ၇၀ ဖြစ်ပွားခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အမှုကြီး ၈၄ မှုဖြစ်ပွားခဲ့ပြီး အမှု ၁၄ မှုတိုးလာပါကြောင်း၊ ပြီးခဲ့သည့်နှစ် အတွင်း အမှုကြီး ၈၄ မှုဖြစ်ပွားခဲ့သည့်အတွက် ပျမ်းမျှ တစ်လလျှင် ခုနစ်မှုခန့် ဖြစ်သည်ဟု သုံးသပ်ပါကြောင်း၊ ယခု ပထမလေးလပတ်တွင် အမှုကြီး ၂၃ မှု ဖြစ်သည့်အတွက် သိသိသာသာတိုးလာသည့် အနေအထားမရှိဟု သုံးသပ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မှုခင်းကျဆင်းရေးအတွက် ကြိုတင်ကာကွယ်မှု၊ ပြေး လေးပြေး ဖမ်းဆီးမှု၊ ကျူးကျော်တဲများနှင့် ပတ်သက်၍ လစဉ်စာရင်းကောက်ယူ၍ ကွပ်ကဲမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေ့စဉ်ပိတ်ဆို့၍ ရှာဖွေစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### ကျူးကျော်အိမ်ရာများ စာရင်းကောက်ယူ

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျူးကျော်အိမ်ရာများ စာရင်းကောက်ယူမှုနှင့် စပ်လျဉ်း၍** နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးမျိုးအောင်က နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဇမ္ဗူသီရိ မြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ကျူးကျော်အိမ်ရာများ အဓိကအများဆုံးတွေ့ရှိရပြီး လူဦးရေ တစ်ထောင်ကျော်ခန့် စာရင်းကောက်ယူထားပြီး ဖြစ်ပါကြောင်း၊ ကျူးကျော်နေထိုင်သူများအား မည်သို့အစားထိုး နေရာချထားမည်၊ မည်သို့ဆောင်ရွက်ပေးမည်ဆိုသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန် စီစဉ်နေပါကြောင်း၊ အငှားအိမ်ရာစနစ် ဆောင်ရွက်ရန်လည်း စီစဉ်နေပါကြောင်း၊ ကျူးကျော်အများစုတွင် စီးပွားရေးလာရောက်လုပ်ကိုင်ကြသူများသည့်အတွက် ၎င်းတို့အား မည်သည့်အိမ်ရာစနစ်မျိုးဖြင့် ဖန်တီးပေးနိုင်မည်ကို စဉ်းစား ဆောင်ရွက်နေပါကြောင်း၊ နေပြည်တော်ကို Geographic Information System (GIS) စနစ်ဖြင့် မြို့ပြစီမံကိန်းများ ပြန်လည်ရေးဆွဲနေပါကြောင်း၊ ရေးဆွဲရာတွင်လည်း ကျူးကျော်ကိစ္စကို ကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**နေပြည်တော်ကောင်စီနယ်မြေအတွင်း တက္ကသိုလ်များ ဆောက်လုပ်ရန်နှင့် မြို့ပတ်ရထားလမ်းဖောက်လုပ်ရန် သတင်းများထွက်ပေါ်နေမှုနှင့် ပတ်သက်၍** အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခုလက်ရှိအချိန်ထိ တရားဝင်တက္ကသိုလ်တည်ထောင်ရန် ဆောင်ရွက်မှုများ မရှိသေးပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပတ်ရထားလမ်းဖောက်လုပ်ရန် ဆောင်ရွက်မည်ဆိုသည့်ကိစ္စမှာလည်း မဟုတ်ပါကြောင်း၊ ယင်းမြို့ပတ်ရထားလမ်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့် စီမံချက်များလည်း မရှိသေးပါကြောင်း ဖြေကြားသည်။

### မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်နေ

**နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြစီမံကိန်း ရေးဆွဲဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍** အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က မြို့ပြစီမံကိန်းဆောင်ရွက်ရန်အတွက် တရားဝင် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြစီမံကိန်းများရေးဆွဲရေးအတွက် မူဝါဒများတင်ပြပြီး ဆောင်ရွက်နေပါကြောင်း၊ ယခုလက်ရှိတွင် အချက်အလက်များ စုဆောင်းခြင်းလုပ်ငန်းမှာ ခရီးရောက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများထံ တင်ပြထားပြီး ဆက်လက်အကောင် အထည်ဖော်နေပါကြောင်း၊ မျှော်မှန်းထားသည်မှာ ၂၀၁၈ ခုနှစ်တွင် စီမံချက်ကို ရေးဆွဲပြီးစီးနိုင်ရန်နှင့် အကြမ်းအကောင်အထည်ဖော်နိုင်ရန် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက အစိတ်အပိုင်းတစ်ပိုင်းချင်းအလိုက် အကောင်အထည်ဖော်သွားရန်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# မောင်ကြီးတောင်ကျေးရွာ၌ လူသတ်မှုဖြစ်ပွား

**နေပြည်တော် မေ ၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာအုပ်စု မောင်ကြီးတောင်(၂)ရပ်ကွက်၌ နေထိုင်သူတစ်ဦးမှာ မေ ၂ ရက် နံနက်ပိုင်းတွင် မျက်နှာဖုံးစွပ်ငါးဦးမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ၎င်းအားဓားဒဏ်ရာများဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

မောင်ကြီးတောင် (၂) ရပ်ကွက်နေ မာမတ်ဖွေယောဆိုသူအား ယနေ့ နံနက် ၁ နာရီခန့်တွင် အမည်မသိ မျက်နှာဖုံးစွပ်ငါးဦးသည် နေအိမ်သို့ ဝင်ရောက်လာပြီး ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ ဆော်ဘီနာခါတူက ရဲတပ်ဖွဲ့ထံ သတင်းပို့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မိသားစုဝင်များနှင့်အတူ လိုက်လံရှာဖွေခဲ့ရာ ဒါးပိုင်ဆရာအုပ်စုတွင် မာမတ်ဖွေယောအား ရင်ဘတ်၊ ညာဘက်ညှပ်ရိုး အောက်၊ လည်ပင်းတို့တွင် ထိုးသွင်းဒဏ်ရာများ၊ ဘယ်ဘက်လက်ကောက်ဝတ် ပွန်းရှဒဏ်ရာများနှင့်အတူ သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်နိုင်ရေး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်ကျွန်း၌ နာဂစ် (၉)နှစ်ပြည့်အထိမ်းအမှတ် ရေစက်ချအမျှပေးဝေ ပရိတ်ရွတ်ဖတ်ပူဇော်

**မော်လမြိုင်ကျွန်း မေ ၂**

(၇၁) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အကြို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော နာဂစ် (၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လှူဖွယ်ဝတ္ထုလှူဒါန်းပွဲ၊ ရေစက်ချ အမျှပေးဝေပွဲနှင့် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို မေ ၂ ရက် ညနေ ၃ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုကြီးနှင့် တာဝန်ရှိသူများက နာဂစ်တွင် သေဆုံးသွားသော ပြည်သူများအား ရည်စူး၍ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ အဂ္ဂဝံသနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(အောက်ဝဲပုံ)** ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် မော်လမြိုင်ကျွန်း တစ်မြို့နယ်လုံး ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်သံဃနာယက ဆရာတော်များနှင့် ကျောင်းတိုက်များမှ ဆရာတော် သံဃာတော် ၂၀ ပါးတို့က မြို့တစ်ပတ် မော်တော်ယာဉ်တန်း ၁၅ စီးဖြင့် ပရိတ်ရွတ်ဖတ်ပူဇော်ကြပြီး ပရိတ်ရေများကို မော်လမြိုင်ကျွန်းမြို့ပေါ် အနှံ့ ပက်ဖျန်းပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဝင်းဌေးနှင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**မော်ကျွန်း-မြင့်အောင်**





# သီပေါမြို့နယ် နားမခေါ်ကျေးရွာ၌ လေပြင်းတိုက်ခတ်

**သီပေါ မေ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နားမခေါ်ကျေးရွာ၌ ဧပြီ ၃၀ ရက် ည ၆ နာရီကျော်က လေပြင်းတိုက်ခတ်သဖြင့် နားမခေါ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) စာသင်ဆောင် နှစ်ဆောင်မှာ အမိုးများအကုန်လန်သွားပြီး **(အပေါ်ပုံ)** ကျေးလက်ပြည်သူ အိမ် ၂၂ လုံး၊ ကျေးရွာစည်ပင်သာယာရေးရုံးတို့မှာ အမိုးများလန်ကျကာ လျှပ်စစ်ဓာတ်တိုင် နှစ်တိုင်တို့မှာလည်း ကျိုးကျပျက်စီးသွားပြီး နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများက သန့်ရှင်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ အဆောက်အအုံများ လေတိုက်ခတ်ပျက်စီးရာဒေသသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများက မေ ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအဆောက်အအုံနှင့် ကျိုးကျပျက်စီးသွားသော လျှပ်စစ်ဓာတ်တိုင်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်လျက်ရှိသည့်အပြင် ပျက်စီးသွားသော လူနေအိမ်များကိုလည်း ဒေသအစီအမံဖြင့် အချိန်မီပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စက်မှုလုပ်ငန်းရှင်များပိုင်ဆိုင်သော လျှပ်စစ်မြေနေရာပေါ်သို့ အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် မြို့နယ်အမည်ပေါက် ဂရန်ပြုလုပ်ခြင်းတို့ကို လက်မခံနိုင်ကြောင်း ဆန္ဒဖော်ထုတ်

**မိတ္ထီလာ မေ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံသာအုပ်စု စက်မှုဇုန်နေ စက်မှုလုပ်ငန်းရှင်များပိုင်ဆိုင်သော လျှပ်စစ်မြေနေရာပေါ်သို့ နိုင်ငံတော်ဘတ်ဂျက်လျှောက်ပြီး အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စက်မှုလုပ်ငန်းရှင်များပိုင်သော မြေနေရာကို မြို့နယ်အမည်ပေါက် ဂရန်ပြုလုပ်ခြင်းတို့ကို လုံးဝလက်မခံနိုင်ကြောင်း မေ ၂ ရက် နံနက် ၉ နာရီက ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပွဲကို စက်မှုလုပ်ငန်းရှင်များဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးကျော်ကျော်၊ ဦးသန်းရွှေနှင့် ဦးကျော်မြင့်(ဆီစက်လုပ်ငန်းရှင်) တို့က ဦးဆောင်ပြီး စက်မှုဇုန်(၄)လမ်းပေါ်ရှိ (ကိုယ့်အားကိုယ်ကိုးဈေးအနီး)မှ ရန်ကုန်-မန္တလေး လမ်းမကြီးအတိုင်း အင်အား ၁၀၀ ကျော်တို့သည် ဗီနိုင်းပိုစတာများ ကိုင်ဆောင်၍ (၃)လမ်းပေါ်ရှိ အများပိုင်ခန်းမဟုတ်ဆင့် မိတ္ထီလာမြို့ဘက်သို့ တက်၍ နဂါးရုံဘုရားအနီးမှ ခရိုင်အုပ်ချုပ်ရေးမှူးရုံးကိုပတ်၍ တံတားပေါ်တွင် စီတန်းလှည့်လည်ပြီး လျှပ်စစ်ရုံးစိုက်ရာ ပန်းခြံအထိ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

၎င်းနောက် လျှပ်စစ်ရုံးစိုက်ရာ ပန်းခြံရှေ့တွင် ဦးဇော်ဦး(ဝါစက်လုပ်ငန်းရှင်)၊ ဦးကျော်မြင့်(ဆီစက်လုပ်ငန်းရှင်) နှင့် ဦးထိန်လင်း(စက်မှုလုပ်ငန်းရှင်) တို့က မိတ္ထီလာစက်မှုဇုန်ကို ၁၉၉၆-၉၇ ခုနှစ်တွင် စက်မှုလုပ်ငန်းရှင်များ ရန်ပုံငွေဖြင့် ဓာတ်အားခွဲရုံမြေနေရာနှင့် ဓာတ်အိုးများ တည်ဆောက်ခဲ့ပြီး ၎င်းတည်ဆောက်ခဲ့သော လျှပ်စစ်မြေနေရာကို မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ခရိုင်လျှပ်စစ်မန်နေဂျာတို့ ပူးပေါင်း၍ မြို့နယ်လျှပ်စစ်အမည်ပေါက် ဂရန်ပြုလုပ်ခြင်းကို လုံးဝလက်မခံနိုင်ကြောင်းနှင့် စက်မှုလုပ်ငန်းရှင် အများပိုင်သောမြေကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအမည်ပေါက်ဂရန် မည်ကဲ့သို့ လွှဲပြောင်းရယူထားကြောင်း အများသိရှိနိုင်ရန် ချပြပေးနိုင်ရန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ခရိုင်လျှပ်စစ်မန်နေဂျာတို့ ပူးပေါင်းပြီး စက်မှုလုပ်ငန်းရှင် အများပိုင်သော လျှပ်စစ်မြေနေရာပေါ်သို့ ဥပဒေမဲ့ ဘတ်ဂျက်လျှောက်ပြီး Control Building နှင့် Switchyard များ တည်ဆောက်ရန် စီစဉ်ခဲ့မှုအပေါ် ခရိုင်/မြို့နယ်အဆင့်များကို စက်မှုလုပ်ငန်းရှင်များက အကြိမ်ကြိမ်တားမြစ်ခဲ့သော်လည်း ကုမ္ပဏီ၏အလိုကျ ဆက်လက်ဆောင်ရွက်ခဲ့သဖြင့် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သုံးစွဲရန် ချထားပေးသည့် ပြည်ထောင်စုရန်ပုံငွေကို သုံးစွဲခြင်းမပြုဘဲ ထုတ်ယူထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကျော်၍ လွဲမှားစွာသုံးစွဲခြင်းအပေါ် ဖော်ထုတ်အရေးယူပေးပါရန် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# မြစ်သားဘူတာ၌ ရထားထွက်ခွာနေစဉ် ခုန်တက်သဖြင့် ခြေချော်ပြုတ်ကျကာ ရထားဘီးဖြင့်ကြိတ်မိ သေဆုံး

**မြစ်သား မေ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားဘူတာ၌ ဧပြီ ၃၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မန္တလေးမြို့ဟောင်းမှ သာစည်မြို့သို့ အမှတ်(၂၄) လော်ကယ်ရထားသည် ဘူတာသို့ ရောက်ရှိစဉ် အရက်အမူးလွန်နေသော ကျော်စိုးဦး (၄၄ နှစ်)သပြေတောင်းကျေးရွာ မြစ်သားမြို့နယ်နေထိုင်သူသည် ရထားထွက်ခွာနေစဉ် အတင်းခုန်တက်သဖြင့် ခြေချော်ပြုတ်ကျကာ ရထားဘီးကြိတ်မိပြီး ဝဲယာပေါင်နှစ်ချောင်းစလုံး ကြေမွဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မြစ်သားရဲပိုင်ကြီး ဦးနန္ဒလင်းအောင်က တရားလိုပြုလုပ်တိုင်ကြားကာ မြို့မစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြစ်သားဆေးရုံမှ ကျောက်ဆည်ဆေးရုံသို့ လွှဲပြောင်းဆေးကုသပြီး မန္တလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေစဉ် မေ ၁ ရက် ညနေ ၃ နာရီက သေဆုံးသွားကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# အပျော်စီးလှေများထားရှိသည့် ရေကန်အတွင်း ကလေးတစ်ဦးသေဆုံး

**တာချီလိတ် မေ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ရောင်နီဦးကစားကွင်းရှိ အပျော်စီးလှေများထားရှိသည့် ရေကန်အတွင်း ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှု မေ ၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ပြည်သူ့ဆေးရုံတွင် ရေနစ်သေဆုံးသည့် ကလေးငယ်တစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း၊ မြို့နယ်ရဲမှူး ယာယီရဲမှူး သန်းနုနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မေ ၁ ရက် ညနေပိုင်းက ဆေခမ်းရပ်ကွက် ရောင်နီဦးကစားကွင်းသို့ ဒေါ်မျိုးသန္တာဦး လွန်းကျိုင်းရွာ ပါဆပ်ရပ်ကွက်နေသူသည် သားဖြစ်သူ ကောင်းစစ်သန့် (၆ နှစ်)နှင့်အတူ ရောက်ရှိလာပြီး ညနေ ၆ နာရီ ကျော်ခန့်တွင် ကောင်းစစ်သန့်မှာ အကာအရံမရှိသော ပေ ၁၂၀ ပတ်လည်ရှိ အပျော်စီးလှေများထားရှိသည့် ရေကန်ဘက်သို့ တစ်ဦးတည်း ထွက်သွားရာမှ ရေကန်အတွင်း ရေနစ်နေသည်ကို ကစားကွင်းအပျော်စီးလှေတာဝန်ခံ စိုင်းအောင်ခမ်းက တွေ့ရှိ၍ ဆယ်ယူခဲ့ရာ သေဆုံးနေသည်ကို တွေ့ရှိရပြီး တာချီလိတ် မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၅၀၊ သွင်းကုန် ၅၃၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၇၅ ဒသမ ၄ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၄၂၂ သန်းခန့် စုစုပေါင်း ၁၆ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁ ဒသမ ၈၂၂ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၃၀ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Mitsubishi Canter ယာဉ်ကို ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ အလှကုန်ပစ္စည်းများနှင့် ပိုးသတ်ဆေးဘူးများအောက်၊ ကားကိုယ်ထည်အံဝှက်အတွင်း၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ ၂၁၂ တုံး (1795) Kg ၊ အလှကုန်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇ ဒသမ ၁၉၀ သန်းခန့်အား တွေ့ရှိ၍ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး အရွယ်အစားမျိုးစုံနှင့် သယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်**

# AFC Cup ပြိုင်ပွဲမှ ရတနာပုံအသင်း ထွက်ခဲ့ရ

**မန္တလေး မေ ၂**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (H) နောက်ဆုံးနေ့အဖြစ် ရတနာပုံ(မြန်မာ)နှင့် ထန်ကွမ်နင်(ဗီယက်နမ်)အသင်းတို့ ယနေ့ ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပရာ ထန်ကွမ်နင်အသင်း သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

အကောင်းဆုံးအုပ်စုဒုတိယနေရာအတွက် မျှော်လင့်ချက်ရှိနေသည့် ရတနာပုံအသင်းသည် ယခုပွဲတွင် မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

အသင်းခေါင်းဆောင် ရန်ပိုင် အပါအဝင် ရဲကိုဦး၊ သက်နိုင်တို့ ပွဲပယ်ခံထားရသည့် ရတနာပုံအသင်းသည် အောင်သူ၊ စည်သူအောင်၊ သိန်းသန်းဝင်း၊ ဝီလျှံ၊ နေမျိုးအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း လူမစုံသောကြောင့် ရတနာပုံအသင်း ရှုံးကန်ခဲ့ရပြီး ထန်ကွမ်နင်အသင်းကို အသာမရခဲ့ပေ။ ထန်ကွမ်နင်အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း အားကုန်ထုတ်ကစားခဲ့သည်။ ၃၈ မိနစ်တွင် ရတနာပုံနောက်ခံလူ နေမျိုးအောင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် ထန်ကွမ်နင်အသင်းဂိုးစရခဲ့သည်။ ၅၇ မိနစ်တွင် ဒေါင်မန်ခူက ပြစ်ဒဏ်ဘောမှ ဒုတိယဂိုး၊ ၇၄ မိနစ်တွင် ငုယင်ဟိုင်ဟီက တတိယဂိုးတို့ သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ပထမအကျော့အဝေးကွင်း၌ သရေကစားနိုင်ခဲ့သော်လည်း ဒုတိယအကျော့တွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အုပ်စုလေးပွဲကစားရာတွင် လေးမှတ်သာရပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အုပ်စု(F) နောက်ဆုံးပွဲအဖြစ် ဂျိုဟိုးဒါရူးလ်(မလေးရှား)နှင့် မကွေး(မြန်မာ) အသင်းတို့မှာ မေ ၃ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ခရိုင်ပေါင်းစုံဘော်လီဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ပထမနေ့ အမျိုးသားပြိုင်ပွဲတွင် အရှေ့ပိုင်းခရိုင်အသင်းနှင့် အနောက်ပိုင်းခရိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် ခရိုင် လေးခရိုင်မှ အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲမှ GFA အသင်း ထွက်ခွာရ

**ရန်ကုန် မေ ၂**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ပထမအဆင့်(ပထမနေ့)ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ဖုန်ဂန်နှင့် စီးတီးစတားအသင်း ဒုတိယအဆင့် တက်ရောက်သွားသည်။

GFA နှင့် ဖုန်ဂန်ပွဲတွင် MNL ကလပ် GFA က ကစားပုံပိုကောင်းခဲ့သည်။ မိနစ် ၂၀ တွင် GFA ဂိုးစရပြီး ကွင်းလယ်လူ မတ်ခ်က သွင်းယူခဲ့သည်။ ၄၂ မိနစ်တွင် GFA အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း တိုက်စစ်မှူး အီမန်နျူရယ်၏ ကန်သွင်းမှုကို ဖုန်ဂန်ဂိုးသမား ဖုန်းပြည့်တိုး ကာကွယ်နိုင်ခဲ့သည်။ ဖုန်ဂန်အသင်း ချေပဂိုးကို ၇၇ မိနစ်တွင် ခမ်ကျင့်မန်က သွင်းယူပေးခဲ့သည်။ မိနစ် ၉၀ တွင် သရေကျနေသလို အချိန်ပိုတွင်လည်း ဂိုးထပ်မသွင်းနိုင်သောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် ဖုန်ဂန်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး စုစုပေါင်း ဂိုးရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် ဒုတိယအဆင့်တက်ရောက်ခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် စီးတီးစတားက ငွေကြယ်ပွင့်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မေ ၃ ရက်**(ယနေ့)** တွင် အောင်ဆန်းကွင်း၌ မြဝတီနှင့် စီးတီး ရန်ကုန်၊ သုဝဏ္ဏကွင်း၌ ဗီးနစ်(က)နှင့် မောရဝတီတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဇွဲကပင်အသင်း အနိုင်ရ

**ရန်ကုန် မေ ၂**

၂၀၁၆ - ၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပထမနေ့ကို ယနေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ မြဝတီအသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းအတွက် အနိုင်ဂိုးကို ပွဲအစ ၂ မိနစ်တွင် ဝင်းသီတာထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ ပွဲစဉ် (၃) ဒုတိယနေ့ကို မေ ၃ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် အားကစား/ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ငါးကန်လမ်းအထက်စခန်းအနီး၌ မေ ၂ ရက် နံနက် ၉ နာရီခွဲက လိုက်ထရပ်ယာဉ်နှင့် ထော်လာဂျီတို့ မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့တွင် မင်္ဂလာဒုံမှ ရွှေပြည်သာသို့ ယာဉ်မောင်း မင်းထွန်းနှင့် ယာဉ်နောက်လိုက် အကြီးကောင် လိုက်ပါ၍ မောင်းနှင်လာသော ထော်လာဂျီ(ယာဉ်နံပါတ်မရှိ)သည် အထက်စခန်းအနီးအရောက် ဂီယာညပ်၍ ယာဉ်ဆက်မထွက်နိုင်ဘဲ လမ်းတွင် ရပ်တန့်သွားစဉ် ရွှေပြည်သာမှ မင်္ဂလာဒုံဘက်သို့ ယာဉ်မောင်း ဦးမောင်ဝင်း မောင်းနှင်လာသော လိုက်ထရပ် YGN 8F/---- က အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် တိုက်မိကြရာ ယာဉ်နှစ်စီးစလုံး၏ ဦးခေါင်းပိုင်းများ ကြေမွပျက်စီးခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်တွင် လိုက်ထရပ်ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ထော်လာဂျီယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အင်းစိန်ယာဉ်မှုစစ်မှ ရဲအုပ်မြင့်ကျော်ဆွေက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# လှိုင်သာယာ (၁၆)ရပ်ကွက် အအေးဆိုင်အတွင်း ဝင်ရောက်လာသူနှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းပေါ်ရှိ ကောင်းကောင်းအအေးဆိုင်အတွင်းသို့ ဝင်ရောက်လာသူနှစ်ဦးထံမှ ဧပြီ ၃၀ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့ဝင်တို့က သတင်းအရ ရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။ **(ယာပုံ)**



အဆိုပါ ညနေပိုင်းက အအေးဆိုင်အတွင်း ဝင်လာသည့် မသင်္ကာသူနှစ်ဦးကို အမှတ်(၁၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရှာဖွေရာ မငုဝါခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၉၇ ပြား သိမ်းဆည်းရမိခဲ့သည်။

မငုဝါခိုင်နှင့် အောင်ကိုကိုဦးတို့ နှစ်ဦးအား ဆက်လက်စစ်မေးရာ နေအိမ်တွင် မူးယစ်ဆေးဝါးများ ကျန်ရှိသေးကြောင်း သတင်းရရှိသဖြင့် မ(၅၆၅/က) ချင်းတွင်းလမ်း အမှတ်(၁၄)ရပ်ကွက်ရှိ နေအိမ်တွင်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ဆေးခြောက် အရိုးအရွက် အစေ့ခြောက်များ ပါရှိသည့် အလေးချိန် လေးဂရမ်ခန့် အထုပ်တစ်ထုပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ခဲပြားလိပ် တစ်လိပ်ကို ထပ်မံသိမ်းဆည်းရမိသည်။

ထိုသို့ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်တွေ့ရှိသော ၎င်းတို့အား လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၆၄)**

**ဓာတ်ပုံ-သစ္စာ**

# ကျောက်တောင် မြို့မသုသာန်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူနှင့် ထိုင်းဘတ်ငွေများ ဖမ်းဆီးရမိ

**တာချီလိတ် မေ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင် မြို့မသုသာန်အတွင်း တဲထိုးပြီး မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းချနေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆက်စပ်ပစ္စည်းများ၊ ဘိန်းဖြူနှင့် ထိုင်းဘတ်ငွေများကို မေ ၂ ရက် နံနက် ၁၀ နာရီခွဲက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင် (မြို့မသုသာန်)အတွင်း၌ ကျော်ကြီး(ခ) ကိုကျော်(ခ)ညိုဝင်းသည် တဲထိုး၍ မူးယစ်ဆေးဝါးသုံးစွဲ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ကျော်ကြီး(ခ)ကိုကျော်(ခ)ညိုဝင်းသည် ထွက်ပြေးရန် ကြိုးစားသဖြင့် ပူးပေါင်းအဖွဲ့မှ ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ဆက်လက်ရှာဖွေရာ တဲအတွင်း ကြမ်းပြင်ပေါ်နှင့် ၎င်း၏ ခန္ဓာကိုယ်ပေါ်မှ ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၄ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှ ရရှိသည်ဟု ယူဆရသော ထိုင်းဘတ် ငွေရောရာ ၃၆၉၂၀ တို့ကို ရှာဖွေတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ **(အပေါ်ပုံ)**



သို့ဖြစ်၍ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ ကျော်ကြီး (ခ) ကိုကျော် (ခ) ညိုဝင်း (၄၃ နှစ်) အမှတ်(၈/၂၀) ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေတာရှည်မြို့နယ်၌ ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးအား ယာဉ်ဖြင့်တိုက်မိပြီး မောင်းနှင်ထွက်ပြေး၊ တစ်ဦးသေဆုံး

**ရေတာရှည် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့တောင်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်း၌ မေ ၁ ရက် နံနက် ၁၀ နာရီခန့်က ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးကို လမ်းကြောင်းတူ နောက်မှမောင်းနှင်လာသော ယာဉ်တစ်စီးက တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားကြောင်း သိရပြီး ဆိုင်ကယ်နောက်၌ စီးနင်းလာသူမှာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

သာဂရမြို့ တောင်ဘက်အထွက်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သာဂရနယ်မြေရဲစခန်းမှ တာဝန်မှူး ရဲအုပ်စိန်သောင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မြောက်မှတောင်သို့ ကားလမ်းအတိုင်း စိုးထက်အောင် (၂၇ နှစ်) သစ်ထုတ်ရေး ပိတောက်မြိုင်ရပ်ကွက် ဆွာမြို့နေသူ မောင်းနှင်ပြီး နောက်မှ ကိုဌေးဝင်း (၄၄ နှစ်)ရှမ်းရွာ ဆွာမြို့နေသူ လိုက်ပါလာသည့် ၄၇ယ/---- နယူးဇင်းနစ်ဆိုင်ကယ်သည် မိုင်တိုင် ၂၀၃/၄ နှင့် ၅ အကြား အရောက် နောက်မှမောင်းနှင်လာသော(အမျိုးအစား စိစစ်ဆဲ) ကုန်တင်ယာဉ်တစ်စီးက ဝင်ရောက်တိုက်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် နောက်တွင်လိုက်ပါလာသော ကိုဌေးဝင်းသည် ကားလမ်းပေါ်သို့ ပြုတ်ကျကာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ စိုးထက်အောင်၌(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့၍ သာဂရနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကားအင်ဂျင်အပူလွန်ရာမှ မီးလောင်မှုဖြစ်

**ကျိုက်ထို မေ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာအုပ်စု ပျဉ်းမစခန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(နောင်ဘို)အနီး မေ ၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီး ကားလမ်းမပေါ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့ဘက်သို့ ယာဉ်မောင်း ဦးမြင့်ဦး(ဇဟန်းမြို့နယ်) မောင်းနှင်လာသော ကလူဂျာ ယာဉ်အမှတ် 1F/---- သည် မိုင်တိုင် ၅/၁၁၁ နေရာအရောက်တွင် ကားအင်ဂျင် အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ရာ ကားပေါ်တွင် ပါလာသူများ ဆင်းပြေးကြကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ သတင်းရသည်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပြည်သူများနှင့်အတူ ကျိုက်ထို၊ သထုံမြို့များမှ မီးသတ်ယာဉ်များ ရောက်ရှိငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ယာဉ်မောင်း ဦးမြင့်ဦးအား မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ထိုမြို့မရဲစခန်းမှ အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။



**ခွန်(ဝင်းပ)**

# ပြည်မြို့၌ မီးလောင်မှုဖြစ်ပွား

**ပြည် မေ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် မေ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပြည်မြို့ ရွာဘဲနယ်မြေ စကားတောင်ရပ်ကွက်ရှိ ဦးစိုးလွင်၏ ပေ(၃၀×၂၀) သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ်တွင် ရေခဲသေတ္တာ ဆော့ဖ်ဂတ်အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းနေအိမ်အပါအဝင် စုစုပေါင်း နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုကို ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၂၂ စီးဖြင့် ပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့ပြီး မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ဥကပ်နေသောပုစွန်တုပ်ကြီးများဖမ်းဆီးပါက ဥပဒေအရအရေးယူမည်

**ရန်ကုန် မေ ၂**

ယခုရာသီသည် ရေချိုပုစွန်တုပ်ကြီးများ ဥကပ်၊ ဥချသောရာသီဖြစ်သည်။ ထို့အတွက် ဥကပ်နေသော သို့မဟုတ် ဥပြည့်၊ ဥချနေသော ရေချိုပုစွန်တုပ်ကြီးများကို ဧပြီ၊ မေနှင့် ဇွန်လကုန်အထိ ဖမ်းဆီးခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက "ဒီလိုကြေညာချက်ထုတ်ရတာကလည်း တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရေး၊ မျိုးသုဉ်းမှု ကာကွယ်ရေးနဲ့ အမျိုးသား စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုရေးတို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ရတာပါ" ဟု ရှင်းပြသည်။

တားမြစ်ချက်များ လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်ထီးတန်းဈေးကလေးမှ ပုစွန်များရောင်းသည့် ဒေါ်ချိုက "ပုစွန်က တဖြည်းဖြည်းနဲ့ အဝင်ပါးလာတယ်။ ဥပါတဲ့ ပုစွန်ဆိုဝယ်တဲ့သူတွေကမကြိုက်ကြဘူး။ ဖယ်ဖယ်ပြီးမှ ချိန်ခိုင်းတတ်ကြတယ်" ဟုပြောသည်။



မြန်မာနိုင်ငံ၏ အဓိကငါးဈေးကြီးဖြစ်သည့် ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ရေချိုပုစွန်၊ ပုစွန်တုပ်ကြီးများဝင်ရောက်မှု တဖြည်းဖြည်းနှင့် တန်ချိန်ကျဆင်းလာခဲ့သည်ဟု သိရသည်။

ဗဟိုစံပြ ငါးဈေးကြီးဝန်းကျင်နတ်စင်လမ်းအတွင်းသို့ ထိုင်းနိုင်ငံမှ တရားမဝင်ရောက်ရှိလာသော ပုစွန်များကို လာရောက်ရောင်းချလေ့ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းအရောင်းအဝယ်ပြုလုပ်နေသော ဦးစိန်လှိုင်က "အခုရေချိုပုစွန်က နှစ်စဉ်အဝင်နည်းလာတယ်။ အဲဒီတော့ထိုင်းနိုင်ငံက ပုစွန်တုပ်တွေက ကတ်ပုံးနဲ့ဝင်လာတယ်။ ရောင်းကြတယ်။ နေ့စဉ်တော့မဟုတ်ဘူးပေါ့။ လစ်ရင်လစ်သလို ဝင်လာတဲ့သဘောရှိတယ်" ဟု ပြောသည်။တရားမဝင်လာရောက်ရောင်းဝယ်ခြင်းဖြစ်၍ လာရောက်ရောင်းချသည်နှင့် ဈေးများဌာနနှင့် လုံခြုံရေးအဖွဲ့ဝင်များကဖမ်းဆီးသိမ်းဆည်းမှုများရှိသည်ဟု သိရသည်။

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ဘော်ဂါသွေး**

# ရွှေပြည်သာမြို့နယ်၌ စွန့်ပစ်အမှိုက်များ နေ့ညမပြတ် သိမ်းဆည်းလျက်ရှိ

**ရန်ကုန် မေ ၂**

သင်္ကြန်ပြီးကာလနောက်ပိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ယူသိမ်းဆည်းရမည့် မီးဖိုချောင်အတွက် အမှိုက်စို၊ အမှိုက်ခြောက်များအပြင် သစ်ပင်သစ်ကိုင်းများ၊ ခြံထွက်အမှိုက်များ၊ လုပ်ငန်းသုံးအမှိုက်များကိုပါ ဧပြီ ၃၀ ရက်အထိ အပိုဆောင်း နေ့ညမပြတ်စွန့်ပစ်အမှိုက်များကို သိမ်းဆည်းလျက်ရှိကြောင်း ဧပြီ ၂၉ ရက်က မြို့နယ်သန့်ရှင်းရေးတာဝန်ခံရုံးမှ သိရသည်။

ရွှေပြည်သာမြို့နယ်အတွင်း၌ အိမ်ထောင်စု ၅၀၀၀၀ ကျော်ရှိသည့်အနက် အိမ်ထောင်စု ၁၀၀၀၀ ကျော်သာ သန့်ရှင်းရေးဆောင်ရွက်ခ တစ်ရက်လျှင်ငွေကျပ် ၁၀ ရာခိုင်နှုန်းဖြင့် သုံးလလျှင်တစ်ကြိမ် ငွေကျပ် ၉၀၀ ကို ပေးဆောင်မှုရှိကြောင်း ကျန်အိမ်ထောင်စု ၄၀၀၀၀ ကျော်မှာ ကင်းလွတ်နေကြောင်း သိရသည်။

"ပြည်သူအများစုက သန့်ရှင်းရေး ဆောင်ရွက်ခကိုသာ လိုလိုလားလား မပေးဆောင်ချင်ကြတာ ဌာနကအမှိုက်နဲ့ပတ်သက်လို့ တစ်စုံတစ်ရာမှားယွင်းပျက်ကွက်သွားရင် သက်ဆိုင်ရာတာဝန်ရှိသူကို တိုင်ကြားတယ်။ သတင်းမီဒီယာတွေက ထည့်သွင်းကြတယ်။ ကျွန်တော်တို့ဌာနက ပြည်သူတွေအပေါ် ဘယ်လောက်ပဲ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးတွေလုပ်လုပ် ယနေ့အထိ အမှိုက်ကိုခွဲခြားပြီး မပစ်တတ်သေးဘူး။ စည်းကမ်းမဲ့စွန့်ပစ်တာများတယ်။ အမှိုက်သိမ်းယာဉ်တွေနဲ့ သန့်ရှင်းရေးလုပ်သားတွေ နေ့ရောညပါ အမှိုက်ကင်းစင်ပြီး မြို့နယ်သန့်ရှင်းသပ်ရပ်လှပရေးအတွက် တာဝန်ယူပြီး စနစ်တကျသိမ်းဆည်းနေပါတယ်" ဟု မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးနေလင်းက ပြောသည်။

ရွှေပြည်သာမြို့နယ်သန့်ရှင်းရေးဌာနတွင် အမှိုက်သိမ်းယာဉ်ကြီးတစ်စီး၊ ယာဉ်လတ်ခုနစ်စီး၊ တိုးမြှင့်အမှိုက်ကန် ၅၂ ကန်၊ အမှိုက်ပုံး ၂၇၅ လုံး၊ သတ်မှတ်နေရာမဟုတ် စည်းကမ်းမဲ့အမှိုက်ပုံ ၁၀၀ ကျော်တို့အား နေ့စဉ် နေ့ဆိုင်းညဆိုင်းခွဲ၍ အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# ပဋိပက္ခနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရေးသားဖော်ပြခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား မေ ၂**

မြန်မာပါတီစုံ ဒီမိုကရေစီအစီအစဉ်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းပြုလုပ်သော ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရေးသားဖော်ပြခြင်းနှင့် လူထုအသံမြှင့်တင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃၀ က မြစ်ကြီးနားမြို့စီတာပူရပ်ကွက် palm spring ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာပါတီစုံဒီမိုကရေစီ အစီအစဉ် မီဒီယာဆက်သွယ်ရေးအရာရှိ ဒေါ်ဆုမွန်အောင်က မြန်မာပါတီစုံဒီမိုကရေစီ အစီအစဉ်အနေဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အဖွဲ့က ခေါင်းစဉ်ငါးခုဖြင့် လူငယ်ပေါ်လစီ အမျိုးသမီးများ ပါဝင်လာမှု၊ ပါတီပေါင်းစုံနှင့် စကားဝိုင်းဆွေးနွေးမှု၊ သတင်းမီဒီယာပါတီများ တွေ့ဆုံစကားဝိုင်းပြုလုပ်နိုင်မှု၊ ပါတီပေါင်းစုံနှင့်တွေ့ဆုံပြီး နိုင်ငံရေး နည်းဗျူဟာများလုပ်ဆောင်နိုင်ရန်အတွက် လုပ်ဆောင်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောက မြန်မာသတင်းမီဒီယာကောင်စီ စတင်ဖွဲ့စည်းခဲ့မှု ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို သတင်းမီဒီယာများ ဖြစ်ပွားခဲ့သော ပြဿနာများကိုကူညီဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ သတင်းမီဒီယာများက အုပ်စုဖွဲ့၍ လက်ရှိဖော်ပြနေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခအတွေ့အကြုံများ လတ်တလော မီဒီယာလွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပဋိပက္ခအခြေအနေရေးသားတင်ပြခြင်း၊ ဆိုရှယ်မီဒီယာ၊ တိုင်းရင်းသားမီဒီယာ Citizen Journalists များ၏အခန်းကဏ္ဍများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပဋိပက္ခအခြေအနေတင်ပြခြင်းအပေါ်တာဝန်ယူမှု နိုင်ငံရေးပါတီ၏ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် မီဒီယာများ၏ တင်ပြမှုနှင့် နိုင်ငံရေးပါတီများ၏ ပံ့ပိုးနိုင်မှု မီဒီယာများပြည်သူ့အသံမြှင့်တင်မှုနှင့် သတင်းဖော်ပြမှုအပေါ် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အမြင် အနာဂတ်ပူးပေါင်းလုပ်ဆောင်မှုများ၊ လာမည့်နှစ်များအတွင်း မီဒီယာနှင့် ပါတီများမည်သို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာအင်စတီကျု၏ မြန်မာပါတီစုံဒီမိုကရေစီနှင့်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများအပေါ်လူထုအသံကိုပိုမိုကောင်းမွန်စွာ ပုံဖော်ထင်ဟပ်စေရန်နည်းလမ်းများကို ပါတီများနှင့် မီဒီယာများဆွေးနွေးနိုင်စေရန်အတွက် ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# သောက်သုံးရေကန်တည်ဆောက်မည့် မြေနေရာကြည့်ရှုစစ်ဆေး

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) က တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဆန်း၊ ညောင်ဦးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဦးစီးမှူး ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများ ဧပြီ ၃၀ ရက်က ညောင်ဦးမြို့နယ် လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာတွင် စိုက်ပျိုးရေးသာမက ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေပေးဝေရန် ရေကန်အသစ်တည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ခံဦးစီးအရာရှိဦးသိန်းလင်းက သောက်သုံးရေကန် အသစ်တည်ဆောက်ရန် ရွေးချယ်ထားသည့် မြေနေရာကို ကုက္ကိုကုန်းကျေးရွာရှိ အိမ်ထောင်စုဝင်များ ရာသီမရွေး သောက်သုံးရေအလုံအလောက်ပေးဝေရန် ဂါလန် ၂၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဦးစီးမှူးက ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) သည် ယခင်က စိုက်ပျိုးရေကိုသာ ပေးဝေခဲ့ပြီး ယခုအခါ ကျေးလက်ဒေသပြည်သူများ၏ စိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးရေအလုံအလောက် ပေးဝေရေးသာမကသောက်သုံးရေဖူလုံမှုကိုပါ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလက်ပံခြေပေါ်လျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာမှ ကုက္ကိုကုန်းကျေးရွာ ပြည်သူများအတွက် သောက်သုံးရေကန်ကို အမြန်ဆုံးတည်ဆောက်ရန်နှင့် သန့်ရှင်းသောသောက်သုံးရေပေးဝေနိုင်ရေးနှင့် ရေသန့်စနစ်ထည့်သွင်း တည်ဆောက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်ကော်မတီများဖွဲ့စည်း

**သုံးခွ မေ ၂**

ကိုရီးယား-မြန်မာချစ်ကြည်ရေး အစီအစဉ်အရ ကိုရီးယားနိုင်ငံ (KOICA) အဖွဲ့၏ ကူညီထောက်ပံ့ငွေဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုံ (SMU) ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များမှ ကျေးရွာပေါင်း ၁၀၀ အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာအား ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့ရာ သုံးခွမြို့နယ်ရှိ နန်းခလဲကျေးရွာပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် သုံးနှစ်စီမံကိန်းဖြစ်ပြီး တစ်နှစ်လျှင်ကျေးရွာတစ်ရွာအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ထောက်ပံ့ပေးမည်ဟု သိရသည်။

အဆိုပါကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ပြီး ကျေးရွာသူ/သားများ၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးတိုင်ပင်ကာ အဖွဲ့လိုက်လုပ်ငန်းစီမံချက်များရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတသောတရားစီရင်ရေးဆိုင်ရာမွမ်းမံသင်တန်းဖွင့်

**စစ်တွေ မေ ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရခိုင်ပြည်နယ်တရားလွှတ်တော်၌ တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတသောတရားစီရင်ရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၁ ရက်က ပြည်နယ်တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်က အမှာစကားပြောကြားပြီး UNDP မှ Rule of Law Officer Ms.Natalie Matranga က မွမ်းမံသင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးကဏ္ဍပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ ချမှတ်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန်အတွက် UNDP ၏ပံ့ပိုးကူညီမှုများဖြင့် ယခုလိုမွမ်းမံသင်တန်းများကို ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမွမ်းမံသင်တန်းသို့ ပြည်နယ်အတွင်းရှိ အမှုထမ်း ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(စစ်တွေ)**

မြန်မာ့အလင်း

ဗုဒ္ဓဟူး၊ မေ ၃၁၊ ၂၀၁၇



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စိန်ပန်းပွင့်၊ အသားကင်ညှော်နှင့် မိတ္တူလမ်းမတော်

## ဆူးငှက်

*ယခင်အပတ်မှအဆက်*

ထိုအမြင်အသိများ ကျယ်ပြန့်လာမှုက မိရိုးဖလာ အတွေးတွေ၊ အမြင်တွေကို ဖယ်ရှား တွန်းထိုးပစ်လိုက်ကြတော့သည်။ အရင်ကတော့ အရပ်ထဲမှာ အငယ်တဲ့၊ အနှောင်းတဲ့၊ အမြှောင်တဲ့ဟုဆိုလျှင် နှာခေါင်းရှုံ့ချင်ကြသည်။ စာရိတ္တပျက်စီးကာ ကိုယ်ခန္ဓာကိုငွေကြေးနှင့်လဲလျှင်တော့ ဆိုဖွယ်ရာမရှိတော့။ အခုတော့ ထိုအတွေးအမြင်များကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင်၊ တိုက်တစ်လုံး၊ ကားတစ်စီး၊ ဆယ်လူလာတစ်လုံး၊ ရတနာအစုံပေါင်းများစွာဖြင့် ရှုတ်ချစိတ်ကို အားကျစိတ်အဖြစ်ပြောင်းလဲစေတော့သည်။

သတိထားမိကြပါရဲ့လား။ မဂ္ဂဇင်းတွေထဲမှာ ကြော်ငြာနေသည့် အမျိုးသမီးဆေးပစ္စည်း၊ အသုံးအဆောင်တွေတိုင်းသည် အမျိုးသမီးများ၏ ဆွဲဆောင်မှုအတွက် တွန်းအားပေးသည့် ပစ္စည်းများချည်းဖြစ်နေတာ သေချာသည်။ ထိုအခါ ငွေရှိလျှင် အရာရာအောင်နိုင်သည်။ ငွေကန့်လန့်ကာက အရာရာကိုဖုံးလွှမ်းနိုင်သည်ဆိုသည့် အတွေးအမြင်တွေက မြန်မာအမျိုးသမီးများကို တွန်းချတော့သည်။

ကျွန်တော့်မိတ်ဆွေ အော်ပီကျယ်၏ ကာတွန်းတစ်ကွက်ကို သတိရမိသေးတော့။ ကိုယ်ဟန်ပြနေသော မိန်းကလေးတစ်ယောက်ကိုကြည့်ပြီး လူတစ်ယောက်က '၃၅၊ ၂၂၊ ၃၆၊ ၀၃' အော်လိုက်၏။ ကျန်တစ်ယောက်က '၀၃' က ဘာလဲကွဟု မေးသောအခါ ပထမလူက 'သူ့ဦးနှောက်အတိုင်းအထွာလေ' ဟူသော ကာတွန်းကွက်လေးဖြစ်သည်။

ခေတ်မီပစ္စည်းများ၊ ခေတ်မီနည်းပညာရပ်များကို ဦးနှောက်ထဲက အသိနှင့်ပညာသားပါအောင် အသုံးချတတ်ဖို့မြန်မာအမျိုးသမီးများမှာ လိုအပ်နေပါသေးသည်။ ဘာပဲလုပ်လုပ်၊ ပညာသားပါပါလုပ်ဖို့က အဓိကမဟုတ်ပါလား။ ပညာရေးက အရေးကြီးပါသည်။

လမ်း ၃၀ ပေါ်က အမျိုးသမီး သင်တန်းကျောင်းကိုတော့ ဘတ်စ်ကားတွေက ဘဲခြံမှတ်တိုင်ဟုခေါ်သည်။ ထိုအနားက ရေမြောင်းမှာ ဘဲခြံတွေရှိသည် မဟုတ်ပါလား။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ထိုမြောင်း၏ အနောက်နားဆီက လမ်း ၃၀ တစ်ဖက်တစ်ချက်ရှိ ခြံဝင်းကျယ်ကြီးများနှင့် ရှေးအိမ်ကြီးများကို တသသ သဘောကျဖူးသည်။ အိမ်ကြီးတွေက အုတ်တိုက်နီနီ အဆောင်အခန်းတွေနှင့် ခံ့ခံ့ညားညား။ လူကြီးသူမများက ပြောသည်မှာ မင်းမျိုးမင်းနွယ် အိမ်ကြီးများဟုဆိုတော့ ပို၍ စိတ်ဝင်စားရတော့၏။ မက္ခရာ အဆက်အနွယ်၊ ပျဉ်းမနား ကိုယ်တော်ကြီး အဆက်အနွယ်များဟု ကြားဖူးသည်။ ရှေးနေပြည်တော် မြို့ဟောင်း မန္တလေးမှာက မင်းမျိုးမင်းနွယ်များကို လေးစား ရိုသေကြ၏။ မြို့မိမြို့ဖများအဖြစ် ဦးထိပ်ထားကြ၏။

အခုတော့ မြောက်ဘက် အိမ်တော်ဝင်းကြီးနေရာမှာ ငါးစို့တိုက်မိဘမဲ့ကလေးများ ကျောင်းပိုင် အဆောက်အအုံအသစ်ကြီးတွေ ဟည်းထပေါ်ပေါက်လာသည်။ မြင်ကွင်းတွေက တစ်ဆစ်ချိုးပြောင်းလဲ။

လမ်း ၃၀အတိုင်း အနောက်ဘက်ဆက်ဆင်းလာတော့ အံ့သြဖွယ်ရာ မြင်ကွင်းတွေကို မြင်ရချေဦးမည်။ အထူးသဖြင့် ညအချိန်တွင် မကြုံစဖူး စည်ကားလှသော မြင်ကွင်းများ။ ထိုနေရာရောက်တော့ ယူနန်ပြည်က ရွှေလီကို ရောက်နေသလိုလို၊ ထိန်ချုံးကို ရောက်နေသလိုလို ထင်မှတ်ရမည်။ လမ်း ၃၀ ဝဲယာတစ်လျှောက် ယူနန်အသားကင်နံ့တွေ မိုးလုံးမှိုင်းမျှ။ ဝက်ကင်၊ ကြက်ကင်၊ ငါးကင်၊ ဆိတ်ကင်။ မန္တလေး၏ အသားကင်ယဉ်ကျေးမှု အဓိကရ နေရာကြီးဖြစ်၏။ ညဉ့်ဦးပိုင်းကတည်းက ကားတွေ၊ ဆိုင်ကယ်တွေနဲ့ အသားကင် ဘီယာပွဲကြီး တည်ခင်းကြကာ ညဉ့်နက်သန်းခေါင်အထိပင်။

ယူနန်သူ ပျိုဖြူလေးတွေက မန္တလေးရောက်လာတော့ နေသားမကျသေးတော့ မန္တလေးရာသီဥတုကို သူတို့ချိုင်းပြတ်တီရှပ်ပါးကလေးများ၊ စကပ်တိုလေးများနှင့်သာ မနိုင်နိုင်ကာကွယ်နေရသည်။ ထိုအဝတ်အစားလေးတွေနှင့် ဒေါက်ဖိနပ်ခုံမြင့်နှင့်၊ အသားတုံးလေးတွေ ကုန်းယူလိုက်၊ ကင်ဖိုမှာငုံ့ကင်လိုက်၊ စားပွဲမှာငုံ့ချလိုက်၊ ရေခဲသေတ္တာထဲက ဘီယာဘူးတွေ ခါးကုန်းယူလိုက်။ သူတို့ လှုပ်ရှားမှုလေးတွေက ဝင်းခနဲ၊ လက်ခနဲ၊ အိခနဲ အသည်းတဖိုဖို။

သည်အရသာကို အသားကင်ထက် နှစ်သက်သူ၊ ဘီယာထက် ယစ်မူးသူများက တစ်ညအပြတ်မခံတော့။ ထို့ပြင်တခြားအဆင်ပြေတာက ငွေကုန်ကြေးကျ သိပ်မများဘဲ ယမကာပွဲတော်တည်နိုင်သည်။ ထမင်းဖြူလည်း အဆင်သင့်ရတော့ ညစာစားပွဲလည်း မျက်နှာပန်းလှလှ တည်ခင်းနိုင်သည်။ အချို့တည်းစရာ ပဲနို့လည်းရှိသေးသည်။

ဘီယာယဉ်ကျေးမှုက အိမ်ပေါက်စေ့ဖြစ်လေတော့ ဘီယာနှင့်လိုက်ဖက်သော အသားကင်က မန္တလေး၏ အပြတိုင်းမှာ ရှိနေသည်။ ညရောက်လျှင် နေရာတိုင်းမှာ အသားစိမ်းကင်



မန္တလေးကျုံးတောင်ဘက်ခြမ်း မင်္ဂလာတံခါးနှင့်ရတနာပုံခေတ်ရဲ့လူနေမှုဟန်

အနံ့ မိုးမွှန်နေတာ မန္တလေး၏ အမှတ်အသားလို ဖြစ်နေပေလိမ့်မည်။ အသားကင်နှင့် ဖက်ထုပ်ကြော်နံ့မရလျှင် မန္တလေးသည် အိပ်ပျော်မှာ မဟုတ်။ လေးငါးခြောက်နှစ်အရွယ် မန္တလေးသားမျိုးဆက်သစ်လေးတွေကလည်း မုန့်ဖိုး၅၀လောက် စုမိလျှင်ပင် လမ်းထိပ်က အသားကင်ဆိုင်မှာ ဝယ်စားရတာ အရသာတွေ့နေ၏။

လမ်း၃၀၏ ဝဲယာက အသားကင်ဆိုင်ခန်းများကား ဝန်ထမ်းသက်သာ ဆိုင်ခန်းများဖြစ်သည်။ တစ်ချိန်ကတော့ ထိုနေရာများကား ဝင်းကျယ်ကြီးများ၊ စိန်ပန်းပွင့်များ၊ ထနောင်းပင်များနှင့် အုတ်ကြွပ်မိုးနီနီ ကိုလိုနီခေတ်ရုံး အဆောက်အအုံကြီးများ။ အခုတော့ ဆွတ်ပျံ့ဖွယ် ထိုမြင်ကွင်းအားလုံးကို ဆိုင်ခန်းတွေဖြင့် ကာဆီးကာ ရန်ပုံငွေ ရှာကြရတော့၏။ မြို့ပြ၏ အပြောင်းအလဲများကား ရုတ်ခြည်း၊ ဖျတ်ခနဲ၊ ဖျတ်ခနဲ။

ငြိမ်သက်မှုနှင့် ဆူညံမှု
တိတ်ဆိတ်မှုနှင့် လှုပ်ရှားမှု
ဣန္ဒြေကြီးမှုနှင့်
လျှပ်ပေါ်လော်လည်မှု
မပော်ဂနီရောင် အရာရှိစားပွဲနှင့်
ထိုင်ဝမ်အလူမီနီယံဘားကောင်တာ။
ထို့ပြင်
အစဉ်အလာစောင့်စည်းခြင်းနှင့်
အလုပ်ဖြစ်မှု။

မန္တလေးနှင့် အသားကင်ရန့်ကတော့ တချို့နေရာမှာ အသားမကျချင်သေး။ မိတ်ဆွေတစ်ဦး၏ ဘေးအိမ်မှာ လူသစ်တွေက အသားကင်ဆိုင်ဖွင့်သည်။ လေတင်ကကင်သောကြောင့် သားစိမ်း၊ ငါးစိမ်းနံ့က မိတ်ဆွေ၏ အိမ်ထဲညှော်စာရင်းတိုင် စရာမလိုဘဲ အလုံးအရင်းနှင့်ဝင်၏။ မိတ်ဆွေကတော့ လူငယ်မို့ အကင်ညှော်နံ့တွေ ယဉ်ပါးနေပြီးသား။ သို့သော် အသက် ၇၀ အရွယ် သူ့မိဘတွေက ဘယ်လိုမျှမခံနိုင်။ သူတို့ တစ်သက်နှင့်တစ်ကိုယ် သည်လိုအနံ့မျိုး ရွာဦးဘုန်းတော်ကြီး ဦးသံဝရ ဘုန်းကြီးပျံ မီးသင်္ဂြိုဟ်တုန်းကပဲ ကြုံဖူးသည်။ အခုမခံနိုင်တော့။ ခေါင်းတွေအုံ၊ မျက်နှာတွေအန်း၊ မျက်ရည်တွေကျဖြစ်လာသည်။ စီးပွားရေးဆိုတော့ ညှိမရ၊ နှိုင်းမရ။ မြို့နယ်ကျန်းမာရေးဦးစီးဌာနကို တိုင်ရမလား၊ စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဌာနကို တိုင်ရမှာလား။ မသိ...မသိ။

ကျွန်တော့်မိတ်ဆွေလေးက ၄၂ လမ်း၊ ကျောက်ထိုးရုံကွေ့အနီးမှာ နေပါသည်။ အဘိုးအဘွား လက်ထက်ကတည်းက သည်နေရာလေးမှာ နေထိုင်မွေးဖွားလာကြသောကြောင့် အသားကင်နံ့ကြောင့်ဖြင့် မြို့သစ်လည်း မပြောင်းလို့။ အသက် ၇၀ ကျော် အဘိုးကြီး၊ အဘွားကြီးအသားကင်နဲ့ယဉ်ပါးအောင် လေ့ကျင့်ယူဖို့ပဲရှိတော့သည်။

တရုတ်ပြည်က ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်ကြီး ကွယ်လွန်သူ တိန့်ရှောင်ဖိန် မိန့်ကြားခဲ့သော 'တံခါးဖွင့်တာနဲ့တစ်ပြိုင်နက် ညှော်တွေရောဝင်လာနိုင်တယ်' ဆိုတာ အသားကင်နံ့ကို ပြောလေသည်လားမသိ။ အခုတော့ ညနေစောင်းလျှင် တံခါးလုံအောင်ပိတ်ပြီး နန္ဒင်းမှိုင်းတိုက်နေရတယ်ဟု မိတ်ဆွေလေးက ပြောပြသည်။

အနောက်ဘက်ဆက်လျှောက်တော့ စိန်ပန်းပင်ရိပ်တွေနှင့် ရဲအတတ်သင်သိပ္ပံကျောင်းကြီးကို တွေ့ရပေမည်။ 'ကူညီပါရစေ' ဟူသော ဆောင်ပုဒ်ဖြင့် ပြည်သူတွေ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် ရဲအရာရှိ၊ တပ်သားများကို မွေးထုတ်ပေးနေသည့် အထက်မြန်မာပြည်က အကြီးဆုံးကျောင်းကြီးဖြစ်သည်။ အရင်ကတော့ 'ဆပ်ကျောင်း' ဟု ခေါ်၏။ မန္တလေးသားကြီးတွေကတော့ ဆပ်ကျောင်းကို နှုတ်ကျိုးနေကြသည်။ ပြင်ဦးလွင် ဇီးပင်ကြီးအရပ်မှာ အထက်မြန်မာပြည်ရဲအတတ်သင် သိပ္ပံကျောင်းကြီးတစ်ကျောင်းလည်း တည်ဆောက်နေ၏။ ကုက္ကိုရိပ်စိမ်းရင့်၊ ထနောင်းစိမ်းနု၊ စိန်ပန်းပွင့်နီနီနှင့်အုတ်တိုက်နီနီ၊ မြက်ခင်းစိမ်းစိမ်း၊ ရဲသိပ္ပံကြီးကား မန္တလေး၏ အလှဆုံးနေရာ၊ လွမ်းမောစရာ။

ရဲသိပ္ပံ၏ အနောက်နားမှာ တိုင်းပညာရေးမှူးရုံးရှိသည်။ စက်မှုလက်မှုသိပ္ပံလည်းရှိသည်။ မန္တလေးစက်မှု လက်မှုသိပ္ပံကလည်း အထင်ကရကျောင်းကြီးဖြစ်၏။ ယနေ့မြို့ပြတည်ဆောက်ရေးကဏ္ဍအသီးသီးမှာ တာဝန်ယူနေကြသူတွေ အတော်များများကား မန္တလေး ဂျီတီအိုင်ဆင်းများက များသည်။

ကျွန်တော်ကတော့ မန္တလေးဂျီတီအိုင်ကို မှတ်မိနေတာက အင်္ဂလန်ဆောင်းဒါး ရေဆေးစက္ကူတစ်ချပ် ၁၀ ကျပ်နှင့်လို သလောက်ဝယ်ခဲ့ရသော ကာလများကိုပဲဖြစ်ပါသည်။ ဝါတာကာလာကျူဘူးတွေနှင့်ရေဆေးရေးဖြစ်ခဲ့သော ကာလများဆီက ဆောင်းဒါးစက္ကူတွေကို ဖောဖောသီသီသုံးပြီး တွေ့ကရာရေးဖြစ်ခဲ့သည်။ ဟုတ်ဟုတ်ညားညားမလုပ်ဖြစ်ခဲ့တာကိုပဲ အပြစ်တင်ရမလို။

အကယ်၍ ဆရာကောင်းနှင့်စနစ်တကျရေးဆွဲဖြစ်ပါက ရန်ကုန် G.V လို၊ ထရေးရှားလို၊ Mr. Guitar လို နေရာတွေမှာ ကျွန်တော့်ပန်းချီကားတွေ ဈေးကောင်းရနေမလား မပြောတတ်။ အခုတော့ စုတ်တံကိုပင် ဖြောင့်အောင်မကိုင်တတ်။ ဟိုမရောက်သည်မရောက်နှင့်၊ စာရေးဆရာယောင်ယောင်၊ ဒီဇိုင်းဆရာယောင်ယောင်နှင့် ဟိုနားမော့မော့၊ သည်နားမော့မော့နှင့်အချိန်တွေ ကုန်လှချေပြီ။ အလုပ်ဖြစ်လှသော တိုက်ဆေးသုတ်လောက်ပင် မစွမ်း။

မန္တလေးဂျီတီအိုင်မျက်နှာစာမှာတော့ ကွန်ပျူတာစာစီနှင့် မိတ္တူကူးလုပ်ငန်းကြီးတွေရှိလာသည်။ ယခင်ကမရှိ။ သည်ကနေ့ခေတ်က ကွန်ပျူတာစာစီခေတ်။ မိတ္တူ ချုံ့ ချဲ့ခေတ်။ သူမပါလျှင် ဘာမှအလုပ်မဖြစ်။ လျှောက်လွှာမှာလည်း ကွန်ပျူတာစာစီ၊ ပုတီးစိပ်ဂါထာမှာလည်း ကွန်ပျူတာစာစီ၊ လိပ်စာကတ်မှာလည်း ကွန်ပျူတာစာစီ၊ အရေးပေါ်လုပ်ငန်း အစီရင်ခံစာ၊ လပတ်အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းအားလုံး ကွန်ပျူတာစာစီနှင့်မှပဲ မျက်လုံးတွေအမြင်မှာ ဖတ်လို့ရနေကြပုံပေါ်သည်။ 'ညတွင်းချင်းလုပ်ပေးပါ၊ ၁၅ အုပ်ပဲလိုချင်ပါတယ်' ဟု ဆိုလျှင် ကွန်ပျူတာစာစီနှင့်မိတ္တူကိုအသုံးချလိုက်တော့ လိုချင်သည့်အတိုင်း စိတ်ကြိုက်ရနိုင်သည်။ ကိစ္စမရှိ။ အသုံးကျတာ မကျတာ အသာထား၊ လန်းဆန်းမျက်နှာသုတ်ပဝါဝေပြီးလျှင် ထိုစာအုပ်လေးလက်ထဲထည့်နိုင်လျှင် ပြီးပြီ။

ကွန်ပျူတာစာစီနှင့်မိတ္တူယဉ်ကျေးမှုကလည်း သည်ကနေ့ခေတ်မှာ မရှိမဖြစ်။ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ဖွားစာရင်း မိတ္တူ၊ မြေစလစ်မိတ္တူ၊ မြေပုံမိတ္တူမှသည် မှတ်စုစာအုပ်မိတ္တူ၊ ရှားပါးစာအုပ်မိတ္တူ၊ အိတ်ဆောင်စာရွက် စာတမ်းမိတ္တူ၊ အရာအားလုံးမိတ္တူခေတ်ကြီးကိုကျော်ဖြတ်နေကြရ၏။

လေးတန်းကျောင်းသားကလည်း မိတ္တူသိသည်။ မြေပွဲစားကလည်း မိတ္တူသုံးသည်။ နိုင်ငံခြားသွားမည့်သူကလည်း မိတ္တူနှင့်မကင်း၊ ဘွဲ့လွန်တက်ကျောင်းသားတွေက မိတ္တူနှင့်မရှိမဖြစ်။ ဒီဇိုင်းဆရာပုံစံငယ်ကို မိတ္တူနှင့်ချဲ့သည်။ လိပ်စာကတ်အတွက် ပုံနှိပ်ဆရာက လိုဂိုတံဆိပ်ကိုမိတ္တူနှင့်ချုံ့၏။ ကျောင်းအပ်ဖို့အတွက်မိခင်သည် ဖွားစာရင်းကိုမိတ္တူကူးရသည်။ ကမ္ဘာ့ဖလားပွဲ၊ ပွဲစဉ်ဇယားမိတ္တူတွေကလည်းပလူပျံ။ သာမည ဆရာတော်ကြီးဂါထာမိတ္တူ။ အန္တရာယ်ကင်းဂါထာ မိတ္တူ။ မိတ္တူကူးစက်အသုံးချနိုင်မှုက အလုပ်တွေအများကြီးဖြစ်၊ အချိန်ကုန်အများကြီးသက်သာသွားသည်မဟုတ်လား။

ထို့ကြောင့်လမ်း ၃၀ မှာကွန်ပျူတာစာစီနှင့် မိတ္တူကူးစက်တွေအများဆုံးရှိသည်။ ထိုအနားမှာ တိုင်းပညာရေးမှူးရုံးရှိသည် မဟုတ်လော။ ဆေးတက္ကသိုလ်ရှိသည်မဟုတ်လော။ ဂျီတီအိုင်ရှိသည်မဟုတ်လော။ ထို့ပြင် ဂျီတီအိုင်နှင့်မျက်နှာချင်းဆိုင်မှာ မန္တလေး ရုံးပေါင်းစုံ(ရုံးကြီး)လည်းရှိသည်မဟုတ်လော။

ရုံးကြီးရှေ့က ပလက်ဖောင်းကျောက်ပြားပေါ်မှာတော့ စိန်ပန်းပွင့်ဖတ်နီတချို့ကျဲပြန့်စွန်းထင်နေ၏။ ခေါင်းပေါင်းဘူးကိုင်ထားသောရှေ့နေတစ်ဦးက လမ်းတစ်ဖက်ကိုကူးသွားသည်။ 'ကက' ကားတစ်စီးက ရုံးဝင်ပေါက်မှာရပ်တန့်ပြီးကားရပ်နားခဆောင်သည်။ လမ်း ၃၀ ပေါ်မှာ ၁၀၀ ဒီဂရီဖာရင်ဟိုက်အနည်းဆုံးရှိသည့် နေရောင်ခြည်ကပြေးလွှားမြူးပျော်...။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဧပြီ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးစန္ဒကူးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသ၏ ရေ၊ မြေ၊ တော၊ တောင် သဘာဝအခြေအနေများကို မူလအခြေအနေထက် ပိုမိုမပျက်စီးအောင်၊ အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ခုနှစ်မှ ၂၀၂၆-၂၀၂၇ခုနှစ်အထိ ဆောင်ရွက်မည့် မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်းအရ နှစ်စဉ်သစ်တောစိုက်ခင်းဧက ၇၀၀၀ နှင့် သဘာဝတောကျန် ထိန်းသိမ်းကာကွယ်ခြင်း ဧက ၅၀၀၀၀ ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီးတိုင်းဒေသကြီး သုံးခုမှ တာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဦးစီးရုံးချုပ်မှ ညွှန်ကြားရေးမှူးတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂရိတ်ဝေါလ် ကုမ္ပဏီလီမိတက်သို့ရောက်ရှိရာ ကုမ္ပဏီပြခန်း၌ ခင်းကျင်းပြသထားသည့် ယူကလစ်၊ ရော်ဘာသစ်များအား အသုံးပြု၍ နေအိမ်အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ထားရှိမှု၊ ယူကလစ်နှင့် ရော်ဘာသစ်မျိုးတို့မှ သစ်ပါးလွှာနှင့် အထပ်သားထုတ်လုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး ခတ်ခွဲခန်း၌ ယူကလစ်တစ်သျှူးနည်းဖြင့်မျိုးပွား၍ ပျိုးပင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်ကို လေ့လာကြည့်ရှုခဲ့သည်။ ထို့နောက် ရှင်းလင်းဆောင်၌ ဂရိတ်ဝေါလ်ကုမ္ပဏီလီမိတက်က စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော ယူကလစ်စိုက်ခင်းများ၊ စိုက်ခင်းတည်ထောင်ခြင်းကုန်ကျစရိတ်နှင့် အကျိုးအမြတ်၊ ကုမ္ပဏီ၏သစ်အခြေခံစက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအတွေ့ကြုံများအား ကုမ္ပဏီဥက္ကဋ္ဌကရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဗေဒါပင်မှ လက်မှုနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ကာ ပြည်ပသို့တင်ပို့နိုင်ရေးကြိုးပမ်းမည်

**ရန်ကုန် မေ ၂**

ဗေဒါပင်မှ လက်မှုထည်နှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ကာ ပြည်ပဈေးကွက်တင်ပို့နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းကပြောသည်။

"ဗေဒါပင်မှ လက်မှုထည်နဲ့ ပရိဘောဂပစ္စည်းထုတ်လုပ်ရေးကိုစခဲ့တာက ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်က နေပြည်တော်မှာကျင်းပတဲ့ မြန်မာနိုင်ငံစီးပွားရေးမူဝါဒ ရှင်းလင်းပွဲမှာ ကျွန်တော်က အသင်းရဲ့ကိုယ်စားတက်ရောက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော်တို့အသင်းကို ဗေဒါပင်မှ လက်မှုထည်နဲ့ ပရိဘောဂပစ္စည်းထုတ်လုပ်နိုင်အောင်ကြိုးပမ်းဖို့ လမ်းညွှန်ခဲ့ပါတယ်။ အဲဒါနဲ့ ဗေဒါပင်အခြေခံသင်တန်းတွေ ဖွင့်လှစ်ခဲ့တာ ခုဆိုရင် ငါး ကြိမ်မြောက်ရှိသွားပါပြီ။ လူပေါင်း ၂၀၀ ကျော် ဗေဒါနဲ့ပတ်သက်တဲ့ ထုတ်ကုန်တွေ လုပ်နိုင်ဖို့ သင်တန်းတွေပို့ချပြီးခဲ့ပြီး ဖြစ်ပါတယ်" ဟု ဦးစိုးဝင်းက ပြောသည်။

ဗီယက်နမ်နိုင်ငံသည် ဗေဒါပင်မှ လက်မှုထည်နှင့် ပရိဘောဂထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နှစ်စဉ်ဥရောပနှင့် အမေရိကသို့ ဗေဒါထုတ်ကုန်များ တင်ပို့ခြင်းဖြင့် ဒေါ်လာသန်းပေါင်းများစွာ ဝင်ငွေရရှိနေကြောင်း သိရသည်။



မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူခြောက်ဦးမှာ မကြာသေးမီက ဗီယက်နမ်နိုင်ငံသို့ သွားရောက်ကာ ဗေဒါပင်မှ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို သွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌက ဗေဒါထူးချွန်သူငါးဦးကို ဦးဆောင်ကာ ဗီယက်နမ်နိုင်ငံသို့ ဗေဒါထုတ်ကုန်များ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး သင်တန်းတက်ရောက်လျက်ရှိကြောင်း၊ အသင်းဥက္ကဋ္ဌအနေဖြင့် ဈေးကွက်သစ်ရရှိရေး၊ နည်းပညာများရယူနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ဗေဒါပင်များသည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိပြီး ယင်းတို့ကို အခြောက်လှန်း၊ ကြိုးကျစ်ပြီးကြိမ်ကဲ့သို့ လက်မှုထည်နှင့် ပရိဘောဂများ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း၊ ယနေ့ခေတ်တွင် ဟိုတယ်ကြီးများ၌ဗေဒါနှင့် ထုတ်လုပ်ထားသော လက်မှုထည်နှင့် ပရိဘောဂပစ္စည်းများကို ကျယ်ပြန့်စွာ အသုံးပြုနေပြီဖြစ်ကြောင်း၊ ဗေဒါပင်မှအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်းဖြင့် သဘာဝအရင်းအမြစ်များ အလဟဿ မဖြစ်စေဘဲ အသုံးချနိုင်မည်ဖြစ်သည့်အပြင် သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်ရာရောက်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# တွံတေးမြို့နယ်တွင် နှမ်းစပါးစံကွက်ရိတ်သိမ်း

**တွံတေး မေ ၂**

ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် တွံတေးမြို့နယ် တလုတ္ထော် ကျေးရွာအုပ်စု တောင်သူ ဦးကျော်ငွေး၏ ညှော်မထအထွက်ကောင်းမျိုးလယ်မြေနှင့် ထော်သိုကျေးရွာအုပ်စု၊ တောင်သူ ဦးစိုးအောင်၏ ညှော်မထအထွက်ကောင်းမျိုးလယ်မြေများတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဖြိုးဝေကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေထွန်း၊ မြို့နယ်စိုက်ပျိုး ရေးဒုတိယဦးစီးမှူးနှင့် တောင်သူများ (ညှော်မထအထွက်ကောင်းမျိုး) နှမ်းစပါးစံကွက် ရိတ်သိမ်းခဲ့ကြကြောင်းသိရသည်။ ဦးကျော်ငွေး၏လယ်တွင် အထွက်နှုန်း ၆ ဒသမ ၉၁ တင်းနှင့် ဦးစိုးအောင်၏လယ်တွင် အထွက်နှုန်း ၇၀ ဒသမ ၄၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ (၀၁၂)

# အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃) ဖွင့်

**မင်းပြား မေ ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ်မြောက်ဦးခရိုင် မင်းပြားမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှ ဦးဆောင်၍ မင်းပြားမြို့နယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာလုပ်ငန်းကျောင်းတွင် ဧပြီ ၂၇ ရက်က အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃) အဆင့်မြင့် အပ်ချုပ်သင်တန်းကိုဖွင့်လှစ်ရာ သင်တန်းသူ ၅၂ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါက်တာလှိုင်ကျော်ဦးက တိုင်းရင်းဆေးပညာနှင့် ဆက်စပ်၍ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာကြသောသင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (၁၅၇)

# အင်းလေလံပွဲကို သက်ဆိုင်ရာမြို့နယ်အတွင်း၌ ပြုလုပ်ပေးရန် အင်းသမားများလိုလား

**ညောင်လေးပင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ အင်းများကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် မြို့နယ်အတွင်းရှိအင်းများကို သက်ဆိုင်ရာမြို့နယ်အတွင်း၌သာလေလံပွဲပြုလုပ်ပေးရန် အင်းသမားများက လိုလားလျက်ရှိကြောင်းသိရသည်။

ယခင်ကအင်းလေလံပွဲကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် သက်ဆိုင်ရာမြို့နယ်အတွင်း၌ ပြုလုပ်ခဲ့ပြီး ယခုအခါ တိုင်းရုံးစိုက်ရာ ပဲခူးမြို့၌ ပြုလုပ်သောကြောင့် အင်းသမားများအနေဖြင့် လေလံပွဲစတင်မည့်နေ့ကို အချိန်မီသိရှိရန် ခက်ခဲခြင်း၊ သွားလာရေးခက်ခဲခြင်းများ ကြုံတွေ့ကြရ၍ လေလံပွဲတက်ရောက်ရန် အဆင်မပြေဖြစ်ရသောကြောင့် တစ်ဆင့်ပြန်လည်ပြီး ဈေးကြီးပေးဝယ်ယူလုပ်ကိုင်ရသောကြောင့် အဆင်မပြေကြောင်းသိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အင်းလေလံရောင်းချမည့်ရက်ကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများကိုအသိပေးစေပြီး မြို့နယ်အတွင်း၌သာ လေလံပွဲပြုလုပ်စေလိုကြောင်း၊အမှန်တကယ်အင်းလုပ်ကိုင်လိုသည့်လူတစ်ဦးလျှင် အင်းတစ်အင်းသာကောက်ယူလုပ်ကိုင်ခွင့်ပြုရန်လိုကြောင်း ညောင်လေးပင်မြို့နယ်ရှိ အင်းလုပ်ကိုင်သူများက ပြောသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**




**ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြတ်မွန်စေတနာလူမှုကူညီရေး (နာရေး) အသင်းမှ တည်ဆောက်လျက်ရှိသည့် ငွေကျပ်သိန်း ၃၀၀ ကျော်ကုန်ကျမည့် မီးသင်္ဂြိုဟ်စက်အတွက် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ကျော်က အလှူငွေကျပ် ၂၅၇၀၀၀ ကို မြတ်မွန်စေတနာလူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးစိုင်းခင်မောင်ဝင်းထံ ဧပြီလနောက်ဆုံးပတ်က အသင်းရုံး၌ သွားရောက်လှူဒါန်းခဲ့စဉ်**

စိုင်း(သီပေါ)

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့များကြီးကြပ်ညှိနှိုင်းရေးကော်မတီ ညှိနှိုင်းဆွေးနွေး

**ပြည် မေ ၂**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၏ ညှိနှိုင်းဆွေးနွေးသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ သရေခေတ္တရာရှေးဟောင်းဇုန်အတွင်းမှ ရှေးဟောင်း သုတေသန နည်း ပညာသင်တန်းကျောင်းတွင် ဧပြီ ၂၉ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပျူမြို့ဟောင်းသုံးမြို့သို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမတိုင်မီ ပေးပို့ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ UNESCO နှင့် Lerici Foundation မှ ပညာရှင်များက ပျူမြို့ဟောင်းများတွင် လက်ရှိဆောင်ရွက်မှုလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခြင်း၊ ပျူရှေးဟောင်းမြို့သုံးမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဟန်လင်းဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဗိဿနိုးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် သရေခေတ္တရာဌာနစုမှ ဒုတိယညွှန်ကြားရေးမှူးတို့က ရှင်းလင်းတင်ပြခဲ့သည်။



အဆိုပါ ပျူရှေးဟောင်းမြို့သုံးမြို့ကို ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် အစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ကြေညာခဲ့သည့် နောက်ပိုင်း၌ ရှေးဟောင်းဇုန်များအတွင်းရှိ အဆောက်အအုံများ တူးဖော်ခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကိုပါတွဲဖက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၇ အထိမ်းအမှတ်အခမ်းအနား

## ဒေါက်တာ မိုးမိုးသွယ်

ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ကြီး (WIPO)၏ အဖွဲ့ဝင်အသီးသီးတွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် ဧပြီလ ၂၆ ရက်နေ့ရောက်တိုင်း ကျင်းပကြသည်။

ခရစ် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင်ပြုလုပ်သော ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ကြီး၏ အထွေထွေညီလာခံကဧပြီလ ၂၆ ရက်နေ့ကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၂၀၀၁ ခုနှစ်မှ စတင်၍ WIPO ၏အဖွဲ့ဝင်နိုင်ငံများတွင် ယင်းနေ့ရောက်တိုင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့နှင့် စပ်လျဉ်းသည့်ဟောပြောပွဲများ၊ တီထွင်ဖန်တီးမှုများ ခင်းကျင်းပြသခြင်းနှင့် ပြိုင်ပွဲများကျင်းပခြင်း၊ ကုန်ပစ္စည်းအတုများနှင့် ခိုးကူးခွေများ ဖျက်ဆီးခြင်းစသည့် လှုပ်ရှားမှုများကို ပြုလုပ်ကြသည်။

WIPO က နှစ်စဉ်ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ရောက်တိုင်း မူပိုင်ခွင့်လှုံ့ဆော်သည့် ဆောင်ပုဒ်တစ်ခုကို ချမှတ်ပေးသည့်အပြင် WIPO ညွှန်ကြားရေးမှူးချုပ်၏ အသိဉာဏ်ပစ္စည်းနေ့အတွက် အဖွဲ့ဝင်နိုင်ငံများသို့ ပေးလိုသည့် သတင်းစကားကို WIPO ၏ website မှတစ်ဆင့်ပေးပို့လေ့ရှိသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် WIPO မှချမှတ်သော ဆောင်ပုဒ်ကို ယင်းနှစ်တာလမ်းညွှန်ချက်အဖြစ် မှတ်ယူပြီး အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လှုံ့ဆော်မှုများ၊ လှုပ်ရှားမှုများကို ပြုလုပ်ကြသည်။ ယခုနှစ်အတွက် WIPO မှချမှတ်ပေးသော လှုံ့ဆော်ဆောင်ပုဒ်မှာ“ Innovation; improving lives ” “လူမှုဘဝမြှင့်တင်ဖို့ ဆန်းသစ်တီထွင်ဖန်တီးစို့”ဖြစ်သည်။ လူသားများ၏ ဆန်းသစ်တီထွင်ဖန်တီးမှုများသာ ပို၍ကျန်းမာသော၊ လုံခြုံ စိတ်ချရသော၊ ပို၍သက်သောင့်သက်သာရှိသော လူမှုဘဝကို အခက်အခဲပြဿနာများမှ တိုးတက်ထွန်းကားအောင်မည်သို့လုပ်ဆောင်ပေးခဲ့သည်ကို လေ့လာသုံးသပ်နိုင်ကြစေရန် လှုံ့ဆော်ပေးခြင်းဖြစ်ပါသည်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကာကွယ်သည့်စနစ်က တီထွင်ဖန်တီးသူများကို အကျိုးပြုနိုင်ခြင်း၊ တွေးခေါ်ကြံဆမှုအသစ်များဖြစ်ပေါ်အောင်အားပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ နည်းပညာဗဟုသုတများကို လွတ်လပ်စွာ လေ့လာသင်ယူခွင့်ရရှိခြင်းဖြင့် ယနေ့နည်းပညာအသစ်များမှ မနက်ဖြန်၏တီထွင်ဆန်းသစ်မှုများကို တည်ဆောက်နိုင်ခြင်းစသည်တို့ကို လေ့လာနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ ဦးစီးဦးဆောင်ပြု၍ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သည်။ မူပိုင်ခွင့်ဆိုင်ရာ ဟောပြောပွဲများ၊ တက္ကသိုလ်၊ ကောလိပ်များတွင်စာစီစာကုံးပြိုင်ပွဲများ၊ မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ပိုစတာပြိုင်ပွဲများနှင့် ပြပွဲများ၊ မူပိုင်ခွင့်နေ့ကို ဂုဏ်ပြုစပ်ဆိုထားသည့် တေးသီချင်းများအပြင် မူပိုင်ခွင့်နှင့်စပ်လျဉ်းသော လက်ကမ်းစာစောင်များဝေခြင်း၊ အမှတ်တရလက်ဆောင်များပေးခြင်းစသည့်အမျိုးမျိုးသောလှုပ်ရှားမှုများဖြင့် မူပိုင်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးနိုင်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၁၇ ခုနှစ်ဧပြီလ ၂၆ ရက်နေ့တွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားကို ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ပြုလုပ်နိုင်ခဲ့ပါသည်။ ယခုနှစ်အခမ်းအနားတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူများ စုစုပေါင်း ၆၀၀ ခန့်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန၏ ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသွယ်က WIPO ညွှန်ကြားရေးမှူးချုပ်၏ အမှာစကားကို ဖတ်ကြားပေးခဲ့ပါသည်။ ယင်းနေ့အခမ်းအနားဖြစ်မြောက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကူညီပေးခဲ့သည့် အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (USAID) ၏ မြန်မာနိုင်ငံအခြေစိုက် အမေရိကန်သံရုံးမှ သံအမတ်ကြီးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA ) မှကိုယ်စားလှယ်များကလည်း အသီးသီးအမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် ဆန်းသစ်တီထွင်မှုများနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကာကွယ်မှုစနစ်တည်ဆောက်ရေးအတွက် လက်ရှိကြိုးပမ်းဆောင်ရွက်နေမှုများကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန၏ ညွှန်ကြားရေးမှူးဒေါက်တာမိုးမိုးသွယ်က လည်းကောင်း၊ အမေရိကန်နိုင်ငံမူပိုင်ခွင့်ဆိုင်ရာ အတွေ့အကြုံများကို USAID မှ ကိုယ်စားလှယ်က လည်းကောင်း၊ မူပိုင်ခွင့်စနစ်၏ ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများကို JICA မှပညာရှင် Mr.Masanobu Ueda ကလည်းကောင်း၊ ကုန်ပစ္စည်းအတုအပများ၏ ဘေးအန္တရာယ်များကို ဥပဒေပညာရှင်တစ်ဦးဖြစ်သူ ဦးသိန်းအောင်ကလည်းကောင်း၊ စာပေအနုပညာမူပိုင်ခွင့်နှင့် ယင်းနေ့ အနုပညာ လောကအတွေ့အကြုံများကို တေးထုတ်လုပ်သူ KGK နှင့် တေးရေးကိုအရိုးအဖွဲ့ကလည်းကောင်း၊ ၂၀၁၄ ခုနှစ် ASEAN Animation Contest တွင် ဆုရရှိခဲ့သူတစ်ဦးဖြစ်သည့် ဒေါက်တာအောင်ရဲကျော်နှင့်အဖွဲ့က ၎င်းတို့ဖန်တီးထားသည့် Animation လက်ရာများပြသခြင်းကိုလည်းကောင်းအသီးသီး ဟောပြောခဲ့ကြသည်။ ထို့အပြင် မူပိုင်ခွင့် စကားဝိုင်းဆွေးနွေးခန်း တစ်ရပ်အနေဖြင့်“မြန်မာနိုင်ငံတွင် တီထွင်ဖန်တီးမှုများကို မြှင့်တင်နိုင်ရန် မူပိုင်ခွင့်စနစ်၏ အရေးပါပုံ”ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မာရီ၊ အနုပညာရှင်တေးရေး ဦးမြင့်မိုးအောင်၊ SINMA လုပ်ငန်းရှင်နှင့် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ ဥပဒေပညာရှင်ဦးသန်းမောင် (သန်းမောင်-စစ်တွေ)၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်အေးတို့က ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့အထိမ်းအမှတ် အခမ်းအနား၌ မူပိုင်ခွင့်ဆိုင်ရာ ဟောပြောပွဲများအပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသထွက်ကုန်များဖြစ်သည့် ရွှေပြည်နန်း သနပ်ခါး၊ Genius ကော်ဖီ၊ ရွှေရှာင်ကော်ဖီ၊ Ever Win ကော်ဖီ၊ မောရှမ်းလက်ဖက်၊ စောမိုလက်ဖက်၊ ရွှေမြင့်ဖိနပ် ထုတ်လုပ်ငန်း၊ ပယင်းပရုတ်ဆီ၊ ထွန်းရွှေဝါ တိုင်းရင်းဆေး၊ အဘထတိုင်းရင်းဆေး၊ ရွှေရီဝင် ပတ္တမြားတိုင်းရင်းဆေး၊ FAME ဆေးဝါးထုတ်လုပ်ငန်း၊ စပီရှုလိုင်းနားဆေး၊ စိန်တစ်လုံးသရက်၊ ရွှေဘိုမင်းသမီးသနပ်ခါး၊ တောင်ကြီးမောက်မယ် သနပ်ခါး၊ JKL Pakaging စသည်တို့ကို ခင်းကျင်းပြသခြင်းနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန (DRI) မှ သုတေသနပြခန်းများ၊ လှိုင် GTI ကျောင်းသားဟောင်းများအသင်းမှ တီထွင်ဖန်တီးမှုများကို ခင်းကျင်းပြသခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဤအခမ်းအနားဖြစ်မြောက်ရေးအတွက် ခွင့်ပြုပေးသော ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပံ့ပိုးဆောင်ရွက်ပေးပါသော သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ ပူးပေါင်းဆောင်ရွက်၍ ကုန်ကျစရိတ်များ ပံ့ပိုးပေးသော USAID နှင့် JICA၊ တက်ရောက်ချီးမြှင့်ပေးသော ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ SME လုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားစွာ တက်ရောက်လာကြသည့် ပြည်သူများအားလုံးကိုလည်းကောင်း၊ မူပိုင်ခွင့်နေ့ဂုဏ်ပြုသီချင်းကို စပ်ဆိုပေးသော ဆရာမြင့်မိုးအောင်၊ ဂီတမှူး အောင်လီ၊ တေးသံရှင်ဒေးဗစ်လှိုင်၊ တေးသံရှင် ကေကေမိုးတို့ကို ကျေးဇူးအထူးတင်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ ၂၀၁၇ခုနှစ် တစ်နှစ်ပတ်လုံး မြန်မာနိုင်ငံအတွင်းရှိ တီထွင်ဖန်တီးသူများနှင့် ၎င်းတို့၏ တီထွင်ဖန်တီးမှု လက်ရာများကို ထုတ်ဖော်ချီးကျူးဂုဏ်ပြုကြခြင်းဖြင့် “ဆန်းသစ်တီထွင် မြန်ပြည်တစ်ခွင် မူပိုင်ခွင့်ဖြင့်ဒို့မြှင့်တင်” ဆိုသည့် ဆောင်ပုဒ်ဖြင့် လှုံ့ဆော်လိုက်ပါသည်။

**အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကာကွယ်သည့်စနစ်က တီထွင်ဖန်တီးသူများကို အကျိုးပြုနိုင်ခြင်း၊ တွေးခေါ်ကြံဆမှုအသစ်များဖြစ်ပေါ်အောင် အားပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ နည်းပညာဗဟုသုတများကို လွတ်လပ်စွာ လေ့လာသင်ယူခွင့်ရရှိခြင်းဖြင့် ယနေ့နည်းပညာအသစ်များမှ မနက်ဖြန်၏ တီထွင်ဆန်းသစ်မှုများကို တည်ဆောက်နိုင်ခြင်းစသည်တို့ကို လေ့လာနိုင်ကြမည်ဖြစ်**

# မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မြစ်ကြီးနား မေ ၂**

ကချင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ ကြီးမှူးပြုလုပ်သော (၇၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ပြည်နယ်မီးသတ် ဦးစီးမှူး ဦးစိုးဝင်း၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀၀ ခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ခန်းမတွင် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်းပြီး သွေးပုလင်းအမျိုးအစား ၄၀ ခန့်တို့ကို လှူဒါန်းခဲ့ကြသည်။ သွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရ မျိုးတင်နှင့်ဇနီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှရဲမှူးကြီး ထွန်းဦးနှင့်တာဝန်ရှိသူတို့က အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့အတွင်းရှိ ရပ်ကွက်ငါးခုအတွင်းသို့ ကွင်းဆင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**





# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းသုံးသပ်ဆွေးနွေး

**မြင်းခြံ မေ ၂**

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းသုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးကံချွန်နှင့် မြစိမ်းရောင်ကြီးကြပ်ရေးအဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းအပေါ် အားနည်းချက်၊ အားသာချက်၊ တွေ့ကြုံရသောအခက်အခဲ၊ စိန်ခေါ်မှုများ၊ အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ စံပြမြစိမ်းရောင်ကျေးရွာရွေးချယ်ခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာ ၂၂ ရွာအနက် အကောင်းဆုံးဆောင်ရွက်နိုင်သည့် ဆိတ်ကုန်းကျေးရွာအား စံပြမြစိမ်းရောင်ကျေးရွာအဖြစ် ရွေးချယ်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဖလားသုံးလုံးနဲ့ လက်တစ်ကမ်းအကွာ ရောက်ရှိနေတဲ့ ဂျူဗင်တပ်စ်

**— မိုးမြင့်လင်းလက် —**



ဒီနှစ်ဘောလုံးရာသီကုန်ဆုံးချိန် တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်တာမို့ ဥရောပပြည်တွင်းလိဂ် ဘောလုံးပြိုင်ပွဲတွေရဲ့ နောက်ဆုံး ပန်းဝင်ချိန်ရောက်ရှိနေပြီဖြစ်ပါတယ်။ နောက်ဆုံးပွဲစဉ်တွေကုန်ဆုံးချိန်အထိ အားကုန်ထုတ်ယှဉ်ပြိုင်ကြရမယ့် ထိပ်တန်းတွေရဲ့ အနေအထားကိုကြည့်ရင် အီတလီမြေက ဂျူဗင်တပ်စ်အသင်းဟာ ဖလားသုံးလုံး သိမ်းပိုက်ရေး စစ်မျက်နှာကို တစ်ပြိုင်တည်း ဖွင့်လှစ်တိုက်ပွဲဝင်နေရတဲ့ အနေအထားရှိနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေဖလားကို ဂျူဗင်တပ်စ်တို့ ရယူနိုင်ရေးဟာ အခြေအနေကောင်းတွေ ပိုင်ဆိုင်နေပြီး လှမ်းယူဆုပ်ကိုင်နိုင်ဖို့ပဲ ရှိပါတော့တယ်။ ဂျူဗင်တပ်စ်တို့က ပွဲစဉ် ၃၃ ပွဲကစားပြီးချိန်မှာ တန်းစီဇယား ဒုတိယနေရာက ရိုးမားနဲ့ပွဲတူ ရှစ်မှတ်ကွာနေတာမို့ ဒီလိုအခြေနေဟာ ရိုးမားတို့ ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ ဂျူဗင်တပ်စ်ကစားသမားတွေဟာ စီးရီးအေမှာ ၃၃ ပွဲကစားပြီးချိန်မှာ ဂိုးပေါင်း ၆၆ ဂိုး သွင်းယူထားနိုင်သလို ပေးဂိုးကလည်း ၂၀ သာ ရှိထားပါတယ်။

အထူးသဖြင့် ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ်ဘောလုံးရာသီရဲ့ စီးရီးအေပွဲစဉ်တွေမှာ ၃၃ ပွဲကစားပြီးတဲ့အချိန်အထိ အိမ်ကွင်းမှာ သရေပွဲ၊ ရှုံးပွဲမရှိခဲ့ဘဲ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့ပါတယ်။ ကျန်ပွဲစဉ် ခုနစ်ပွဲကို အတိမ်းအစောင်း၊ အမှားအယွင်းမခံအောင် ကြိုးစားမှာဖြစ်ပြီး ခြောက်နှစ်ဆက်တိုက် စီးရီးအေဖလားကို ကာကွယ်နိုင်ခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းကောင်းကို ရေးထိုးတော့မှာ ဖြစ်ပါတယ်။

နောက်ပြီး ဂျူဗင်တပ်စ်အသင်း ဒီနှစ်ဘောလုံးရာသီရဲ့ချန်ပီယံလိဂ်ဖလားပြိုင်ပွဲမှာလည်း အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ထားတဲ့ အခြေအနေကောင်းရရှိနေပါတယ်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ မိုနာကိုနဲ့ တွေ့ဆုံကစားရမှာဖြစ်တာကြောင့် တိုက်စစ်၊ ခံစစ်အကောင်းဆုံး စွမ်းရည်ကို ပိုင်ဆိုင်ထားတဲ့ ဂျူဗင်တပ်စ်အတွက်ကတော့ မိုနာကိုအသင်းကို ကောင်းကောင်းကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နည်းပြ အယ်လီဂရီကတော့ ဖလားသုံးလုံးရရှိနိုင်ရေး တိုက်ပွဲဟာ နောက်ဆုံးအချိန်အထိ မလျှော့သောဇွဲနဲ့ တိုက်ပွဲဝင်ရမှာ ဖြစ်သလို အခုအချိန်မှာ မှတ်ချက်မပေးလိုပါဘူးလို့တော့ ပြောကြားနေပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ လက်ရှိ ခြေစွမ်းအရ ဖလားသုံးလုံးရယူနိုင်တဲ့အနေအထားရောက်နေပြီလို့ အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တာဗက်ချီယိုက ထုတ်ဖော်ပြောကြားနေပါတယ်။

ချန်ပီယံလိဂ်ဖလားအတွက် မိုနာကိုအသင်းကို ဖြတ်ကျော်နိုင်ရေးဟာ အဓိကအခက်အခဲတစ်ရပ်အဖြစ် မှတ်ယူပြီး ကြိုတင်ပြင်ဆင်မှုတွေချိန်ဆမှုတွေကို အချိန်ယူပြီး ကြိုးစားနေခဲ့တာပါလို့လည်း ဂျူဗင်တပ်စ်နည်းပြ အယ်လီဂရီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မိုနာကိုအသင်းဟာ ၂၀၀၄ ခုနှစ်က ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပြီး ပေါ်တိုအသင်းကို ရှုံးခဲ့လို့သာ ဖလားလက်မဲ့ဖြစ်ခဲ့တာမို့ အခုအချိန်မှာ နောက်ဆုံးဗိုလ်လုပွဲအထိ ချီတက်နိုင်ရေး မိုနာကိုတို့လည်း ကြိုးစားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက်ရော၊ နေရာစုံမှာ ကစားသမားတွေ စွမ်းဆောင်ရည်ကို ကြည့်ရင် ဂျူဗင်တပ်စ်တို့က ပိုပြီးအားရစရာကောင်းနေတာတော့ အမှန်ပါပဲ။

ဒါ့အပြင် ဂျူဗင်တပ်စ်တို့က ဒီနှစ် ကိုပါအီတာလီယာဖလားကို လာဇီယိုအသင်းနဲ့ လာမယ့် ဇွန် ၄ ရက်မှာ ကစားဖို့ရှိနေပါတယ်။ ကိုပါအီတာလီယာဖလားဟာ ဂျူဗင်တပ်စ်အတွက် ရယူပိုင်ဆိုင်ဖို့ အခွင့်အရေးကောင်းရှိနေတဲ့ပွဲဖြစ်ပါတယ်။ လာဇီယိုနဲ့ ဆုံတိုင်း ဂျူဗင်တပ်စ်တို့ အသာစီးရယူနိုင်ခဲ့တာများပြီး နိုင်ပွဲတွေ ရရှိခဲ့တာမို့ အခု ကိုပါအီတာလီယာဖလားလုပွဲမှာ ဂျူဗင်တပ်စ်အတွက် ဖြစ်သွားနိုင်တဲ့ ရာနှုန်းများနေတာမို့ အခြေအနေကောင်းတွေဟာ ဂျူဗင်တပ်စ်ဖလားသုံးလုံးအတွက် လက်တစ်ကမ်းအလိုကို ရောက်ရှိနေခြင်းဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နည်းပြ ကွန်တီလက်ထက်မှာ စီးရီးအေဖလားကို သုံးနှစ်ဆက်တိုက်ရယူပေးနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကို လက်ရှိနည်းပြအယ်လီဂရီလက်ထက်မှာလည်း သုံးနှစ်ဆက်တိုက်ရယူနိုင်ဖို့ အခြေအနေကောင်းတွေရရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် လက်တစ်ကမ်းအကွာ ရောက်ရှိနေတဲ့ ဂျူဗင်တပ်စ်ရဲ့ ဒီနှစ်ဖလားသုံးလုံးလမ်းကြောင်းဟာ တိမ်းစောင်းမှုရှိမရှိ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

# ပရီမီယာလိဂ်ဖလားရဖို့ ပွဲတိုင်း သုံးမှတ်ယူသွားမယ်ဆိုတဲ့ ကွန်တီ




ချယ်လ်ဆီးက အဲဗာတန်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရပြီးနောက် ပရီမီယာလိဂ်ဖလားရယူဖို့ ပွဲတိုင်းသုံးမှတ်အပြည့်ရယူသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒီပွဲအပြီးမှာ ချယ်လ်ဆီးက ဒုတိယနေရာမှ စပါးအသင်းကို လေးမှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ အနီးကပ်ပြိုင်ဘက် စပါးကလည်း လန်ဒန်မြောက်ပိုင်း ဒါဘီပွဲမှာ နာမည်ကြီး အာဆင်နယ်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပရီမီယာလိဂ်ဖလားရဖို့ဆိုရင် လက်ကျန်ပွဲလေးပွဲမှာ ပွဲတိုင်းအနိုင်ရပြီး ရမှတ်သုံးမှတ်ရယူသွားနိုင်ဖို့ လိုပါတယ်။ တစ်ဆင့်ချင်း၊ တစ်ပွဲချင်း ကျားကုတ်ကျားခဲကြိုးစားသွားရမှာဖြစ်ပါတယ်။ တစ်ပွဲ မှ ကျွန်တော်တို့ အမှားခံလို့ မဖြစ်ပါဘူး။ ပွဲတိုင်း အနိုင်ကစားသွားဖို့ လိုပါတယ်။ အဲဗာတန်ရဲ့ အဝေးကွင်းမှာ အနိုင်ရလိုက်ခြင်းဟာ ကောင်းမွန်တဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒီကနေ ကျွန်တော်တို့ ဖလားရတဲ့အထိ အပြင်းအထန်ကြိုးစားသွားမှာ ဖြစ်ပါတယ်လို့ နည်းပြကွန်တီက ဆိုပါတယ်။

# ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ဆုံးရှုံးသွားနိုင်တဲ့ အာဆင်နယ်




အာဆင်နယ်အသင်းဟာ စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်လိုက်တဲ့အတွက် ဒီနှစ်ရာသီမှာ နံပါတ် ၄ နေရာဖြစ်တဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ လက်လွတ်ရဖွယ်ရှိနေပါတယ်။ စပါးအသင်းက အာဆင်နယ်ကို နိုင်လိုက်တဲ့အတွက် ၁၉၉၅ ခုနှစ်နောက်ပိုင်း အာဆင်နယ်အထက် ပထမဆုံးရောက်တဲ့နှစ်ဖြစ်လာခဲ့ပါတယ်။ လက်ကျန်ပွဲတွေကစားနေပေမယ့် အာဆင်နယ်အသင်းဟာ စပါးကိုကျော်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် စပါးအသင်းဟာ အာဆင်နယ်အထက် အဆုံးသတ်မှာ ရပ်တည်သွားမယ့်အသင်းဖြစ်လာပါတယ်။ ပွဲစဉ် ၃၄ အပြီးမှာတော့ ထိပ်ဆုံးက ချယ်လ်ဆီးက ၈၁ မှတ်၊ စပါးက ၇၇ မှတ်နဲ့ ဒုတိယနေရာရှိနေပြီး လီဗာပူးနဲ့ မန်စီးတီးက ၆၆ မှတ် မန်ယူက ၆၅ မှတ်ရရှိကာ အာဆင်နယ်ကတော့ ရမှတ် ၆၀ နဲ့ နံပါတ် ၆ နေရာမှာ ရှိနေပါတယ်။




# မန်ယူနဲ့ ဆဲလ်တာဗီဂိုပွဲမှာ စမောလင်းနဲ့ ဖီးလ်ဂျုံး ပါဝင်နိုင်ဖွယ်မရှိ

မန်ယူရဲ့နောက်ခံကစားသမားတွေဖြစ်တဲ့ စမောလင်းနဲ့ ဖီးလ်ဂျုံးတို့ဟာ စပိန်မှာ ကစားမယ့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့မှာ ပါဝင်ကစားနိုင်ဖွယ် မရှိဘူးလို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။ သူတို့ နှစ်ဦးမှာ နိုင်ငံတကာ တာဝန်ထမ်းဆောင်စဉ်အတွင်း ရခဲ့တဲ့ ဒဏ်ရာကြောင့် အနားယူနေခဲ့တာ တစ်လကျော်ရှိသွားခဲ့ပါပြီ။ သို့သော်လည်း မေလလယ်အထိ ပြန်ကစားနိုင်ဖွယ်မရှိဘူးလို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။ လူကီရှောနဲ့ အဲရစ်ဘိုင်လီတို့ဟာလည်း ဆွမ်ဆီးနဲ့ ကစားတဲ့ပွဲမှာ ဒဏ်ရာတွေရရှိထားပါတယ်။ လာမယ့် ကြာသပတေးနေ့မှာ ကစားမယ့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်မှာ မန်ယူရဲ့အဓိက နောက်တန်းကစားသမားတွေ ဒဏ်ရာရထားတဲ့ အနေအထားဖြစ်ပါတယ်။ ဒီအတွက် မော်ရင်ဟိုအနေနဲ့ နောက်တန်းခံစစ်ကို အကောင်းဆုံးပြင်ဆင်သွားရဖွယ်ရှိပါတယ်။ ဖီးလ်ဂျုံးနဲ့ စမောလင်းတို့ဟာ မန်ယူအတွက် အဓိက နောက်ခံကစားသမားတွေ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ရွှေစည်းခုံစေတီတော်ကြီးတွင် ယခုရက်ပိုင်းအတွင်း အလှူငွေ စံချိန်တင်ရရှိ

**ညောင်ဦး မေ ၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် သင်္ကြန်ရက်များမှစ၍ ယခုရက်ပိုင်းအတွင်းထိ ဘုရားဖူးပြည်သူများ အထူးများပြားစည်ကားလျက်ရှိပြီး အလှူခံဖြတ်ပိုင်းဖြင့် အလှူခံရရှိသည့်ငွေမှာလည်း စံချိန်တင်များပြားလျက်ရှိကြောင်း သိရသည်။

ရွှေစည်းခုံစေတီတော်ကြီးတွင် အလှူခံဖြတ်ပိုင်းဖြင့် အလှူခံခြင်းနှင့် အလှူခံပုံးများဖြင့် အလှူခံခြင်းရှိရာ ယခုရက်ပိုင်းအတွင်း ဖြတ်ပိုင်းဖြင့် အလှူခံရရှိမှုမှာ တစ်ရက်လျှင် ပျမ်းမျှ ၃၁ သိန်းကျော် ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ ရွှေစည်းခုံစေတီတော်ကြီးတွင် နှစ်စဉ် သင်္ကြန်ရုံးပိတ်ရက်၊ တန်ဆောင်မုန်းလ ဘုရားကြီးပွဲတော်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နွေရာသီကျောင်းပိတ်ရက်များ၊ ဝါဝင်ဝါကျွတ် အခါကြီးရက်ကြီးများတွင် ပုံမှန်အချိန်ထက် ပိုစည်ကားပြီး ယခင်နှစ်များကလည်း ယခုအချိန်တွင် ဘုရားဖူးပြည်သူများ စည်ကားသော်လည်း အလှူခံရရှိငွေမှာ ယခုနှစ်တွင် ယခင်နှစ်များကထက် ပိုများခြင်းဖြစ်ကြောင်း ဂေါပကရုံးအဖွဲ့မှ သိရသည်။

အလှူငွေရရှိမှုမှာ ဧပြီ ၁၃ ရက်က ကျပ် ၂၁ သိန်းကျော်၊ ၁၄ ရက်တွင် သိန်း ၄၀ ကျော်၊ ၁၅ ရက်တွင် ၄၇ သိန်းကျော်၊ ၁၆ ရက်တွင် ၃၁ သိန်းကျော်ရှိကာ ဧပြီ ၂၅ ရက်တွင် ၃၅ သိန်းကျော်ရှိပြီး ဧပြီ ၁၃ ရက်မှ ဧပြီ ၂၅ ရက်အထိ ကျပ် ၄၀၈ သိန်းကျော် ရရှိသဖြင့် ပျမ်းမျှ တစ်ရက်လျှင် ၃၁၄၅၀၀၀ ကျော် ရရှိခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အလှူခံရရှိလာတဲ့ငွေတွေကို မြန်မာ့စီးပွားရေးဘဏ်မှာ အပ်ထားပါတယ်။ အခုရက်လို အများကြီးရမှသာ မဟုတ်ပါဘူး။ နေ့စဉ် ဘဏ်ဖွင့်တဲ့ရက်တိုင်း သွားရောက်အပ်နှံပါတယ်။ သာမန်ရက် အလှူခံငွေကလည်း သုံးသိန်းအောက် မလျော့ဘူး။ ကျွန်တော်တို့ဘုရားကြီးမှာ ဖြတ်ပိုင်းနဲ့အလှူခံတာ ဘက်စုံအလှူခံဌာနနဲ့ ရွှေသင်္ကန်းကပ်လှူရန်ဌာနဆိုပြီး နှစ်ဌာနရှိပါတယ်။ နေ့စဉ် မနေ့က ၁၂ နာရီ နောက်ပိုင်း ရရှိတဲ့ငွေနဲ့ ဒီနေ့ ၁၂ နာရီ မထိုးခင် ရှိတဲ့ငွေတွေပေါင်းပြီး ဘဏ်မှာ အပ်ပါတယ်။ ပိတ်ရက်တွေကလွဲရင် နေ့စဉ် အလှူခံဖြတ်ပိုင်းကရတဲ့ငွေတွေကို ပုံမှန်အပ်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးလှကြိုင်က ပြောသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် အလှူခံဖြတ်ပိုင်းစာအုပ်နှင့် အလှူခံရငွေကို နေ့စဉ်သိရှိရသော်လည်း အလှူခံပုံးများကို လစဉ် ၂၅ ရက်တွင်သာ တာဝန်ရှိပုဂ္ဂိုလ်အများရှေ့တွင် ဖွင့်ဖောက်ရေတွက်ကြောင်း၊ အလှူခံပုံးပေါင်း ၈၀ ရှိပြီး အချို့လများ၌ ၂ရက်၊ ၃ ရက်ခန့်အထိ ရေတွက်ရကြောင်း၊ ယခုလတွင်လည်း သင်္ကြန်ရက်များနှင့် ကြုံခဲ့သည့်အတွက် အလှူခံပုံးများကို ၂ရက်၊ ၃ ရက် ရေတွက်ရမည်ဖြစ်ကြောင်း သိရသည်။

ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ဝင်များအနေဖြင့် ဖြတ်ပိုင်းဖြင့် အလှူခံရရှိငွေကို ပွင့်လင်းမြင်သာစွာ တစ်ရက်ချင်း၊ တစ်လချင်း ရှင်းလင်းပြီး ကြော်ငြာသင်ပုန်းတွင် ချိတ်ဆွဲပေးထားကြောင်း၊ ဂေါပကအဖွဲ့ဝင်များမှာလည်း ဂေါပကလစာမယူကြဘဲ မိမိစရိတ်ဖြင့်လာ၍ ကုသိုလ်ယူနေကြခြင်းဖြစ်ကြောင်း၊ ယခုလအတွက် အလှူခံပုံးများမှ ရရှိသည့်ငွေကိုလည်း ကြော်ငြာသင်ပုန်းတွင် အများမြင်သာစေရန် ချိတ်ဆွဲအသိပေးသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဝင်းမောင်မြင့်က ပြောသည်။

**ကျော်ဒွေး(ညောင်ဦး)**

# ၁၈ အမ်ဗွီအေ ထရန်စဖော်မာကို ၅၀ အမ်ဗွီအေ ထရန်စဖော်မာသစ်ဖြင့် လဲလှယ်

**မန္တလေး မေ ၂**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်ဓာတ်အားခွဲရုံတွင် ဝန်အားပြည့်လာခြင်းကြောင့် ပြည်သူများ ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်ရန် အတွက်လက်ရှိအသုံးပြုနေသော ၁၈ အမ်ဗွီအေ ထရန်စဖော်မာကို ၅၀ အမ်ဗွီအေ ထရန်စဖော်မာအသစ်ဖြင့် လဲလှယ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဧပြီ ၂၉ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပြည့်ဝစွာ ပြန်လည်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။



ထရန်စဖော်မာသစ် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းခွဲခြင်းလုပ်ငန်းများကို မန္တလေးခရိုင် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဧပြီ ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လဲလှယ်နေစဉ် အတွင်း ခွဲရုံနိုင်နင်းမှုအရ မြို့နယ်များကို လိုအပ်သလို ဓာတ်အားအချိန်ပိုင်းပေး၍ လဲလှယ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဧပြီ ၂၉ ရက်တွင် လုပ်ငန်းများပြီးစီးသဖြင့် ဓာတ်အား ပြည့်ဝစွာ ပြန်လည်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

"၁၈ အမ်ဗွီအေ ထရန်စဖော်မာ အဟောင်းကို ပိတ်ပြီးလုပ်ဖို့အတွက် ၂၆ ရက်လောက်ကစပြီး ၁၁ ကေဗွီ လိုင်းချိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါတယ်။ မြို့နယ်တွေကိုတော့ တတ်နိုင်သလောက် ခွဲရုံနိုင်နင်းမှုအရ ဓာတ်အားအချိန်ပိုင်းပေးခဲ့ရပါတယ်။ ကျွန်တော်တို့ဘက်က ပြည်သူတွေမီးပိုသုံးနိုင်ဖို့အတွက် တခြားခွဲရုံတွေကပေးတဲ့ လိုင်းတွေကနေ လှည့်ပေးတာ၊ ဗို့အားကျနေတဲ့နေရာတွေကို main ခွဲရုံတွေကနေ ဗို့အားမြင့်အောင် tapping တင်ပေးတာတွေဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူတွေ စဉ်ဆက်မပြတ် မီးရရှိရေးအတွက် ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေအားလုံး ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ခရိုင်လျှပ်စစ် မန်နေဂျာ ဦးအေးကျော်က ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ သောက်ရေသန့်များ လှူဒါန်း

**မြောင်းမြ မေ ၂**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှုနှင့် ကြုံနေရသော တောင်ပူဇာကျေးရွာနေပြည်သူများအတွက် မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သောက်ရေသန့်များ ဧပြီ ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ညွန့်ဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်လွင်တို့ ဦးစီးသော ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ ရေသယ်မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး ၂၀ လီတာ ရေသန့်ဘူးကြီး ၂၀၀ ကို ကျေးရွာရှိ အိမ်ထောင်စု ၅၇ စုမှ လူဦးရေ ၂၈၃ ဦးအတွက် ပေးဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လမ်းညွှန်ချက်နှင့်အညီ ရေရှားပါးပြီး အခက်အခဲရှိတဲ့ ကျေးရွာပြည်သူတွေအတွက် သောက်ရေ လာရောက်ပေးလှူခြင်းဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။ ယခု တောင်ပူဇာကျေးရွာသို့ ရေလှူဒါန်းခြင်းသည် မြောင်းမြခရိုင်အတွင်း ယခုနှစ် နွေရာသီအတွက် ပထမဆုံး ရေလှူဒါန်းရခြင်းဖြစ်ကာ ခရိုင်အတွင်းမှ သောက်ရေအတွက် အခက်အခဲရှိနေသော ကျေးရွာများအနေဖြင့်လည်း ဆက်သွယ်အကြောင်းကြားလာပါက ရေသန့်များ ဆက်လက်ပေးလှူသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်လွင်၏ ပြောကြားချက်အရ သိရသည်။ **အောင်မင်း(မြောင်းမြ)**



# ဖားကန့်မြို့ဦးစေတီတော် ရွှေထီးတော်တင်လှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဖားကန့် မေ ၂**
ကချင်ပြည်နယ် ဖားကန့်မြို့မော်ဝမ်းရပ်ကွက်ရှိ ကြက်တစ်ကောင်ကုန်း(ကျောက်စိမ်းတောင်)၌ တည်ထားကိုးကွယ်သော ဉာဏ်တော်အမြင့် ၃၆ တောင်ရှိ ပြည်လုံးအေးချမ်း ဆုတောင်းပြည့် မြို့ဦးစေတီတော်၏ ရွှေထီးတော်ကို ရွှေအစစ်ကပ်လှူပူဇော်ကာ ပြန်လည်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေက အနေကဇာတင်မင်္ဂလာကို မေ ၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စေတီတော်မြတ်ကြီးနှင့် အရံစေတီငယ်ရှစ်ဆူတို့မှ ရွှေထီးတော်များကို မေ ၃ ရက်တွင် မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ပြီး မြို့ဦးကျောင်းအောင်မဟိဒ္ဓိရှုပ်ရှင်တော်ဘုရားတန်းဆောင်း၌ မေ ၆ ရက်အထိ ထပ်မံအပူဇော်ခံမည်ဖြစ်ကြောင်း၊ မေ ၇ ရက်တွင် မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ မြို့ဦးကျောင်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော် အပါး ၇၀ အား ပင့်ဖိတ်၍ ထီးတော်ပြန်လည်တင်လှူပူဇော်ပွဲကို ဆိုင်းဝိုင်းများ၊ ရိုးရာအကများစသည့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းပြီး စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဖားကန့်မြို့နယ် သာသနာရေးဦးစီးဌာနမှူး ဦးရွှေမောင်အေးက ဆောင်ရွက်မည့်အစီအစဉ်များကို ပြောကြားသည်။

ဖားကန့်မြို့ဦးပြည်လုံးအေးချမ်း ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ရွှေထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ခဲ့ကာ ယခုအခါ ၁၇ နှစ် ကြာမြင့်ပြီဖြစ်သည့် ရွှေထီးတော်ကို ဒုတိယအကြိမ် ရွှေအစစ် ကပ်လှူပူဇော်ပြီး ရွှေထီးတော်ပြန်လည်တင်လှူပူဇော်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထီးတော်တင်လှူပူဇော်ပွဲကို အမှတ်(၁၀၁) ခြေမြန်တပ်မမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့က ဦးဆောင်၍ မြို့မိမြို့ဖများ၊ ကျောက်မျက်လုပ်ငန်းရှင်များနှင့် စေတနာအလှူရှင်များ စုပေါင်းလှူဒါန်းမှုများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့်လည်း မြို့နယ်သာသနာရေးဦးစီးဌာနမှူး ဖုန်း-၀၉-၄၀၀၄၄၆၆၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### အသက် ၇၀ ဝန်းကျင် ဆိုင်းဆရာကြီးများအား စုပေါင်းကန်တော့

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာ၌ ဧပြီ ၂၇ ရက်က ကျင်းပခဲ့သည့် ရဟန်းခံရှင်ပြုအလှူပွဲတွင် သက်ကြီးဆိုင်းပညာရှင်များအား ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆိုင်းဆရာများအားလုံးက စုပေါင်းကန်တော့ပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။ "ကန်တော့ခံတာက ဆိုင်းဆရာကြီး စိန်စတင်း၊ ပဲခူးစိန်မြအောင်၊ ဦးပေါက်စ ပါတယ်။ ကျွန်တဲ့ အသက်ခုနစ်ဆယ်နဲ့ ခြောက်ဆယ်ကျော် ဆိုင်းဆရာကြီးတွေလည်း ပါတယ်။ ကန်တော့ပွဲလာကြတာကတော့ များပါတယ်။ စိန်ဒူးဝါး၊ စိန်ဗိုလ်တင့်၊ စိန်ဓူဝံ၊ စိန်လှမြိုင် အတော်များတယ်။ ကန်တော့ပွဲပြီးတော့ စိန်ဗိုလ်တင့်ကစပြီး တစ်ယောက်ကို နာရီဝက်နှုန်းနဲ့ ညှော့ခံတီးတာ နောက်နေ့မနက် သုံးနာရီထိုးသွားတယ်"ဟု ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်နေ ဆိုင်းဆရာ ဦးစိန်တင်မောင်က ပြောကြားသည်။ သက်ကြီးဆိုင်းဆရာကြီးများအား စုပေါင်း ကန်တော့ပွဲကို ကြုံတောင့်ကြုံခဲ ပြုလုပ်နိုင်ခဲ့ခြင်းအတွက် အားလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ကြရကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။ **ကိုလွင်(ဆွာ)**

### နွေစပါးမျိုးစေ့ထုတ်စံပြကွက် ရိတ်သိမ်း

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဂါယ်လောင်းကျေးရွာအုပ်စုရှိ နွေစပါးမျိုးစေ့ထုတ်စံပြကွက် ရိတ်သိမ်းပွဲကို ဧပြီ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး အမ်းမြို့နယ်အုပ်ချုပ်ရေးမှူးဦးကိုကိုမြတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုခဲ့သည်။ အဆိုပါ စံပြကွက်မှာ မျိုးသန့်မျိုးပွားမျိုးစေ့ ရက်ကိုးဆယ်စပါးကို စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ရိတ်သိမ်းရာတွင် တစ်ဧက ၈၃ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလုံးမောင်သိန်းက ဈေးကွက်စီးပွားရေးစနစ်အရ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း ရက်ကိုးဆယ်စပါးမျိုးမှာ ရေငန်ဒဏ်ခံနိုင်ရည်ရှိခြင်း၊ အချိန်တိုအတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းခြင်းကြောင့် စိုက်ပျိုးရက် အချိန်နှောင်းနေးမှုကြုံရလျှင်လည်း အောင်မြင်နိုင်ခြင်းတို့ကြောင့် ရွေးချယ်စိုက်ပျိုးသင့်ကြောင်းနှင့် တောင်သူများ တစ်ပိုင်တစ်နိုင် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်လည်း လိုအပ်ကြောင်း ဒေသခံတောင်သူများအား ပြောကြားခဲ့သည်။ အမ်းမြို့နယ်တွင် ယခုနှစ်အတွင်း မျိုးသန့်မျိုးပွားမျိုးစေ့ ရက်ကိုးဆယ်စပါးကို နွေသီးနှံအဖြစ် ၃၄ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ဖရဲ၊ သခွားမွှေးများ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စနစ်ကျသောစိုက်ပျိုးမှုပညာများ လေ့လာထားရန်လိုအပ်

**သတင်းဆောင်းပါး - မျိုးဝင်းထွန်း(မုံရွာ)**

မြန်မာနိုင်ငံတွင် ဖရဲနှင့် သခွားမွှေးကို လွန်ခဲ့သည့် နှစ် ၂၀ ဝန်းကျင်မှ စတင်စိုက်ပျိုးခဲ့ပြီး တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားမွှေး တန်ချိန် ၅၀၀၀ ခန့်ကို တင်ပို့ခဲ့ရာမှ လက်ရှိအချိန်တွင် တစ်နှစ်လျှင် တန်ချိန်ခြောက်သိန်းနီးပါးအထိ ပေးပို့နေရပြီဖြစ်သည်။ ဖရဲနှင့် သခွားမွှေး စိုက်ပျိုးသည့် တောင်သူဦးရေသည်လည်း တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိသည်။

ထိုသို့ ပြည်ပဝယ်လိုအားများပြီး စိုက်ပျိုးသူဦးရေလည်း တိုးလာချိန်တွင် တောင်သူများအနေဖြင့် ဖရဲ၊ သခွားမွှေးများ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စနစ်ကျသောစိုက်ပျိုးမှုပညာများကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာထားကြရန် လိုအပ်နေကြောင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးနည်းစနစ်များကို တတ်ကျွမ်းသည့်အပြင် စနစ်ကျမှုကို အထူးအလေးထားရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက "မြန်မာနိုင်ငံတစ်ဝန်းမှာ ဖရဲ၊ သခွားစိုက်ပြီး ထုတ်လုပ်တင်ပို့နေတာ လက်ရှိမှာ တန်ချိန်ခြောက်သိန်းကျော် ရှိနေတာနဲ့အတူ စိုက်တဲ့တောင်သူ ဦးရေကလည်း အတော်များလာနေပါတယ်။ ဖရဲ၊ သခွားက မြတ်တယ်မြတ်တယ်ဆိုပြီး တိုက်တွေဆောက်၊ ကားတွေစီးတာ မြင်တိုင်းလည်း အားမကျနဲ့ဦး။ အောင်မြင်နေတဲ့သူတွေသည် ဖရဲ၊ သခွား စိုက်ပျိုးပုံ စိုက်ပျိုးနည်းကို စနစ်တကျ လေ့လာစိုက်ပျိုးလို့ အောင်မြင်တယ်ဆိုတာကို မြင်အောင်ကြည့်ဖို့ သိဖို့တော့ လိုပါတယ်။ မကြာခင် တရုတ်နိုင်ငံတစ်ခုတည်းသွားတဲ့ ဈေးကွက်ကနေ အရည်အသွေးနဲ့ စံချိန်စံညွှန်းကို ဦးစားပေးကြည့်ပြီးဝယ်ယူမယ့် နိုင်ငံတွေကို တင်ပို့တော့မှာဖြစ်တဲ့အတွက် စိုက်နည်းစနစ်ကို နက်နက်နဲနဲ လေ့လာသိရှိပြီးမှ လက်တွေ့စိုက်ကြပါ။ ဒါမှ ဈေးကွက်မျက်နှာပန်းလှပြီး ရေရှည်မှာ အောင်မြင်တဲ့ ပြည်ပပို့ ထုတ်ကုန်ဈေးကွက်ကြီး အဖြစ် အသက်ရှည်မှာပါ"ဟု ပြောသည်။



မုံရွာခရိုင် ချောင်းဦးမြို့နယ် သခွားမွှေးစိုက်ခင်းတစ်ခုမှ ခူးဆွတ်ထားသော သခွားမွှေးများ

ပြည်ပဈေးကွက်သို့ အရည်အသွေးနှင့် စံချိန်စံညွှန်းမီ ဖရဲ၊ သခွားမွှေးများ ပို့ဆောင်နိုင်ရန်အတွက် စိုက်ပျိုးသည့် ဖရဲ၊ သခွားမွှေး မျိုးစေ့များအနေဖြင့် မျိုးကောင်းမျိုးသန့်ဖြစ်ရန် အရေးကြီးလှသည့်အတွက် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းက မျိုးစေ့ဖိုရမ်ကို မန္တလေးမြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ ထိုဖိုရမ်တွင် မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့အနေဖြင့် စိုက်ပျိုးရေးပညာရှင်များနှင့် တိုင်ပင်ကာ တောင်သူများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိစွာဖြင့် မျိုးစေ့ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဖရဲ၊ သခွားမွှေး စိုက်ပျိုးနေကြသော တောင်သူများအနေဖြင့် ကုမ္ပဏီမှဖြန့်သော မျိုးစေ့များကိုဝယ်ယူ၍ စိုက်ပျိုးကြခြင်းဖြစ်ကာ အချို့တောင်သူများမှာ မျိုးစေ့မှား စိုက်ပျိုးမိ၍ အခြေအနေဆိုးသော တောင်သူများလည်းရှိကြောင်း၊ ထိုတောင်သူက မျိုးစေ့ဖြန့်ရောင်းပေးသော ကုမ္ပဏီသို့ သွားရောက်အကြောင်းကြား ပြောပြရာတွင် ကုမ္ပဏီတာဝန်ရှိသူများ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသည့် အဖြစ်များလည်း ရှိနေသောကြောင့် အစုအဖွဲ့အနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဦးနိုင်ဝင်းက ရှင်းပြသည်။

နိုင်ငံတကာသို့ ဖရဲ၊ သခွားမွှေး တင်ပို့နိုင်ရေးတွင် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် GAP လက်မှတ်ရရန်လည်း ဆောင်ရွက်နေသလို နိုင်ငံတကာ GAP လက်မှတ်ရရှိရန်အတွက်လည်း အမေရိကန်နိုင်ငံအခြေစိုက် Winrock International ၏ ကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဖရဲ၊ သခွားမွှေးစိုက် တောင်သူ ၁၅၀၀ ခန့်ကိုလည်း စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAPs)ဆိုသည်မှာ ဘာလဲဆိုသည်ကို သိရှိစေရန် အမြင်ဖွင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် သီးနှံပိုးမွှားကာကွယ်ရေး၊ အရည်အသွေးထိန်းသိမ်းနည်း စသည်များပါဝင်သည့် TOT သင်တန်းကိုလည်း ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းက ဖွင့်လှစ် သင်ကြားခဲ့ပြီးဖြစ်သည်။ ယခု ၂၀၁၇ ခုနှစ်အတွင်းတွင်လည်း အာဆီယံအဆင့် အဆင့်မြင့် GAP သင်တန်းနှင့် အဆင့်မြင့် TOT သင်တန်းများကို ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် မေ ၈ ရက်နှင့် ၉ ရက်တွင်လည်း ဖရဲ၊ သခွားမွှေးစိုက် တောင်သူများနှင့် အစုအဖွဲ့ဝင်ပေါင်း ၃၀၊ မူဆယ်ပွဲရုံမှ ဖရဲ၊ သခွားမွှေးကုန်သည် ၂၀ တို့သည် တရုတ်နိုင်ငံအတွင်း ပြည်နယ်များရှိ ဖရဲ၊ သခွားမွှေး ဝယ်လက်တောင်သူ ၂၂ ဦးနှင့် တွေ့ဆုံကာ စံချိန်စံညွှန်းမီ ဖရဲ၊ သခွားမွှေး ဈေးကွက်ဖော်ဆောင်ခြင်း ဆွေးနွေးမည့် အစည်းအဝေးကို တရုတ်နိုင်ငံ ဝမ်တိန်မြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ॥

## မှူခင်းသတင်းတိုများ

### ထီးချိုင့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဆင်ဖြူဆိပ်ကျေးရွာအနီး နေထိုင်သူတစ်ဦးထံမှ စိတ်ကြွဆေးပြားများ မေ ၂၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ မြတောင်ရဲကင်းမှူး ရဲအုပ်ဇော်မင်းထွန်းနှင့်အဖွဲ့က ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ဆင်ဖြူဆိပ်ကျေးရွာအနီး မြိုင်သာယာကွင်းရှိ ဒေါ်သိန်းကြည်၏ နေအိမ် တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၁၆ ပြားနှင့်အတူ ငွေစက္ကူရောရော ကျပ်တစ်သိန်း၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ရောင်စုံအချိုရည်ပိုက်နှင့် ခဲပြားများကို ဖမ်းဆီးရမိခဲ့၍ ဒေါ်သိန်းကြည် (၇၀ နှစ်)အား ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### တရားမဝင် တမလန်းသစ် ခားရွေတုံးများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရှမ်းတပ်ကျေးရွာအနီး၌ ပိုင်ရှင်မဲ့ တရားမဝင် တမလန်းသစ် ခားရွေတုံးများကို မေ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းညွန့်တင်နှင့် သစ်တောဝန်ထမ်းများ၊ ထန်းကုန်းရဲစခန်းမှူး ရဲအုပ်ဇော်မင်းစိုးနှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သတင်းအရ သွားရောက်ရှာဖွေရာ ရှမ်းတပ်ကျေးရွာ အရှေ့မြောက်ဘက် သုံးဖာလုံခန့်တွင် တရားမဝင် တမလန်းသစ်ခားရွေတုံး ၂၉ တုံး (အလေးချိန် ၂ ဒသမ ၉၉၅၈ တန်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သစ်ပိုင်ရှင်အား စုံစမ်းရှာဖွေလျက်ရှိပြီး ဖမ်းဆီးရမိသော သစ်များကို မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ ပို့ဆောင်သိမ်းဆည်းထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### အမျိုးသမီးတစ်ဦးထံမှ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများဖမ်းမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟဲကျေးရွာ၌ အမျိုးသမီးတစ်ဦးထံမှ ဘိန်းဖြူနှင့် စိတ်ကြွ ဆေးပြားများ မေ ၂၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မော်ဟန်ရဲကင်းစခန်းမှူး ရဲအုပ်စိုးဝင်းနှင့်တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ မော်ဟဲကျေးရွာအတွင်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ စောင့်ဆိုင်းရှာဖွေစဉ် မော်ဟန်ကျေးရွာဘက်မှ နန့်စီးအောင်ကျေးရွာဘက်သို့ လမ်းလျှောက်လာသူ ယဉ်ယဉ်အေး(ခ)နွယ်နွယ်ငြိမ်း(၃၄ နှစ်)အား စစ်ဆေးရာ ၎င်းလွယ်ထားသော ဝါးပလိုင်းအတွင်းပါ ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့် အလေးချိန် ၁၀ ဂရမ်၊ အဖြူရောင်ကော်ဘူးအတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့် အလေးချိန် ၀ ဒသမ ၀၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြားကို ဖမ်းဆီးရမိခဲ့သဖြင့် ယဉ်ယဉ်အေး(ခ)နွယ်နွယ်ငြိမ်းအား မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(ဝ၆၇)**

## ကလေးများအား မှူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ ကွင်းဆင်းဟောပြော

**လောင်းလုံး မေ ၂**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ပန်းဒလဲကျေးရွာရှိ ကလေးငယ်များအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့ဝင်များ မေ ၂၉ ရက်က ကွင်းဆင်းတွေ့ဆုံကာ ကလေးများအား မှူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် အဖွဲ့ဝင်များက လူမှောင်ခို၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာများကို ရည်ရွယ်ချက် (၇) ချက်နှင့်အညီ ကလေးငယ်များ နားလည်သဘောပေါက်သည်အထိ အသိပညာပေး ဟောပြောကြသည်။

တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ရဲမှူးကြီးဒေါ်လှသန်းက မှူခင်းခတ်ပုံများ ပြသ၍ ဆက်လက်ရှင်းလင်းဟောပြောကာ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဒေါ်သူဇာဝင်းကလည်း ကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့သည်။ ထို့နောက် ဟောပြောမှုများနှင့်ပတ်သက်၍ ကလေးသူငယ်များနှင့် စကားဝိုင်းဆွေးနွေးကြပြီး ကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပန်းဒလဲကျေးရွာအတွင်းရှိ သက်ကြီးဘိုးဘွား လေးဦးကိုလည်း အိမ်တိုင်ရာရောက် လက်ဆောင်ပစ္စည်းများဖြင့် သွားရောက်ကန်တော့ကြပြီး လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ဆေးရုံမှ လူနာများနှင့် ကလေးမွေးပြီးစ မိခင်များအား လက်ဆောင်ပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## မိုင်းယုပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ရန်နှင့် စက်ပစ္စည်းများအတွက် အလှူငွေပေးအပ်

**မိုင်းယု မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ရှိ ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် လိုအပ်သော စက်ပစ္စည်းများအတွက် အလှူငွေပေးအပ်ပွဲကို မေ ၂၉ ရက်က ကျင်းပခဲ့သည်။ အလှူငွေပေးအပ်ပွဲတွင် နဂါးနှစ်ကောင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ECG နှင့် Vacuum စက်အတွက် ကျပ် ၂၂ သိန်းကို လှူဒါန်းပြီး ဆေးရုံတွင် ကွန်ကရစ်ခင်း ကြွေပြားကပ်ရန်အတွက် ဒွန်းနွဲ့ကျေးရွာနှင့် ဝမ်တာပေါက်ကျေးရွာမှ ပြည်သူများက ကျပ် ၇၀၃၀၀၀၊ မိုင်းလွေကျေးရွာမှ ပြည်သူများက ငွေကျပ် ၁၃၆၀၀၀၀၊ မြို့မရပ်ကွက်မှ ပြည်သူများက ကျပ် ၁၆၀၉၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မိုင်းယုပြည်သူ့ဆေးရုံကို ၁၉၉၁ ခုနှစ်က စတင်ဖွင့်လှစ်လာခဲ့ရာ ယခုအခါ ဟောင်းနွမ်းပျက်စီးမှုများ ရှိလာသဖြင့် ကျန်းမာရေးဦးစီးဌာန၏ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ ကျပ် ၃၇ သိန်းနှင့် ဒေသခံများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ပြုပြင်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

# အိန္ဒိယ စိုက်ပျိုးရေးသုတေသနတက္ကသိုလ်သို့ လေ့လာရေးခရီးတစ်ခေါက်

**ဆောင်းပါး - ဒေါက်တာမျိုးကြွယ်(AUAA)**

ကျွန်တော်ဦးဆောင်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူး ကိုးဦးပါ ပညာရပ်ဆိုင်ရာလေ့လာရေးအဖွဲ့သည် ဧပြီ ၇ ရက်မှ ၂၁ ရက်အထိအတွင်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ပူစာနယ်မြေရှိ စိုက်ပျိုးရေးသုတေသနတက္ကသိုလ်(Indian Agricultural Research Institute-IARI) သို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် IARI တို့ ပူးတွဲလုပ်ဆောင်မည့် အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (Advanced Centre for Agricultural Research and Education-ACARE) စီမံကိန်းအရ ဘွဲ့လွန်သင်တန်းများဖွင့်လှစ်သင်ကြားရေး သင်ရိုးညွှန်းတမ်းများ ရေးဆွဲရန် လေ့လာရေးခရီး ထွက်ခဲ့သည်။ IARI သည် ဘွဲ့လွန်သင်တန်း (M.Sc, Ph.D in Agriculture) တစ်ခုတည်းကိုသာ ပို့ချပေးနေပြီး အိန္ဒိယနိုင်ငံ အဆင့်မြင့်စိုက်ပျိုးရေးပညာအတွက် အကောင်းဆုံးတက္ကသိုလ် ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့သည် Indian Agricultural Research Institute (IARI)ရှိ အပင်ရောဂါဗေဒဌာန၊ ကိမိလဗေဒဌာန၊ စိုက်ပျိုးရေးဆေးများဌာန၊ ဗီဇပညာဌာန၊ မော်လီကျူးဆိုင်ရာ ဇီဝဗေဒနှင့် ဇီဝနည်းပညာဌာန၊ သစ်သီးနှင့် ဥယျာဉ်ခြံသီးနှံပညာဌာန၊ ဟင်းသီးဟင်းရွက်သိပ္ပံဌာန၊ ပန်းမန်နှင့်မြေယာ အလှပညာဌာန၊ စိုက်ပျိုးရေးအင်ဂျင်နီယာဌာန၊ လယ်ယာသီးနှံဌာန၊ မြေဆီလွှာနှင့် စိုက်ပျိုးရေး ဓာတုဗေဒဌာန၊ အပင်ဇီဝကမ္မဗေဒဌာန၊ ဇီဝဓာတုဗေဒဌာန၊ စိုက်ပျိုးစီးပွားရေးပညာ၊ စိုက်ပျိုးပညာပေးရေးဌာနနှင့် တက္ကသိုလ် စိုက်ပျိုးရေးပညာဖြန့်ဖြူးရေးဌာနများသို့ သွားရောက်လေ့လာခဲ့သည်။

> **မြန်မာနိုင်ငံမှာကဲ့သို့ ဦးစီးဌာနအလိုက် တိုင်းရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံး များစွာမရှိဘဲ စိုက်ပျိုးမွေးမြူရေးပညာ လေ့ကျင့်ပညာပေးရေး(Agricultural Extension Education)ရုံးအနေဖြင့် ခရိုင်အဆင့်တစ်ရုံးသာ ရှိပါသည်။ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ (Subject Matter Specialists)များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးကုသရေး၊ စက်မှုလယ်ယာ၊ ဆည်မြောင်းရေသွင်းအင်ဂျင်နီယာ၊ အိမ်တွင်းမှုစသည်ဖြင့် မိမိတို့၏ ဘာသာရပ်ကျွမ်းကျင်မှုအလိုက် တောင်သူများ၏စိုက်ကွင်းများသို့ တစ်ပတ်လျှင်နှစ်ရက် ကွင်းဆင်းကြပြီး ကျန်ရက်များတွင် ရုံးသို့ တောင်သူများကိုယ်တိုင် လာရောက်၍ မျိုးစေ့ဝယ်၊ မြေဆီလွှာစစ်ဆေး၊ ပြဿနာပေါင်းစုံကိုမေးမြန်း စသည်ဖြင့် တောင်သူနှင့် စိုက်ပျိုးရေးပညာရှင်များ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို တစ်ဖက်နှင့် တစ်ဖက် အမှီသဟဲပြုလျက်ရှိပါသည်။**



IARI စိုက်ပျိုးရေးတက္ကသိုလ်၌ ကိုယ်တိုင် မျိုးစေ့လာဝယ်နေသော တောင်သူများ

အထူးသဖြင့် တက္ကသိုလ် စိုက်ပျိုးရေးပညာဖြန့်ဖြူးရေးဌာန (Agricultural Technology Information Centre (ATIC) သည် စာသင်ကြားပေးသောဌာနမဟုတ်ဘဲ တက္ကသိုလ်နှင့် တောင်သူများကို တိုက်ရိုက် ထိတွေ့ပေးနေသောဌာနဖြစ်သည်။ တောင်သူများက ဖုန်းများဖြင့် မေးမြန်းလာသော ပြဿနာများကို ဘာသာရပ်ဆိုင်ရာဌာနများမှ ကျွမ်းကျင်သူများဖြင့် တိုက်ရိုက်ထိတွေ့စေသော အစီအစဉ်ဖြစ်သည်။ ထို့အပြင် IARI မှထုတ်ဝေသော အထွက်ကောင်း သီးနှံမျိုးများကိုလည်း ATIC ဌာနတွင် တောင်သူများကိုယ်တိုင် တိုက်ရိုက် လာရောက်ဝယ်ယူနိုင်ကြသည်ကိုလည်း တွေ့ရှိလေ့လာခဲ့ရသည်။

ကျွန်တော်တို့အဖွဲ့သည် IARI ရှိ ဘာသာရပ်အလိုက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အသစ်ဖွင့်လှစ်မည့် Postgraduate Curriculum Development in Agriculture နှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ အထူးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများ သင်ယူမှု၊ ဘာသာရပ်ရွေးချယ်မှုကို Post Graduate School Online Management System ဖြင့် ပြုလုပ်နေမှုကိုလည်း IARI တာဝန်ရှိသူများက ကျွန်တော်တို့အား ရှင်းလင်းပြသခဲ့သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်မည့် ဘွဲ့ကြိုသင်တန်းများအတွက် ပန်ဂျပ်ပြည်နယ် လူဒီးယားနားမြို့ရှိ Punjab Agricultural University(PAU) သို့လည်း သွားရောက်လေ့လာခဲ့သည်။ Punjab Agricultural University ရှိ စိုက်ပျိုးရေးအင်ဂျင်နီယာဌာန (Agricultural Engineering)၊ အစားအသောက်သိပ္ပံဌာန(Food Science)၊ ပျားမွေးမြူရေးဌာန (Beekeeping)နှင့် မွေးမြူရေးသိပ္ပံဌာန(Animal Science)များ၌ အတွေ့အကြုံကိုအခြေခံသော သင်ကြားနည်းစနစ်(Experiential Learning)ဖြင့် သင်ကြားပေးနေမှုကို သွားရောက်လေ့လာခဲ့သည်။

Crop Protection, Soil Sciences(Agricultural Economics, Agricultural Extension)၊ Basic Sciences, Horticultural Sciences နှင့် Post Harvest Technology တို့ထဲတွင် ပါဝင်နေသော ဘာသာရပ်အသီးသီး၏ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့အတွက် အဆိုပြုသင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာဘာသာရပ်အဖွဲ့ခေါင်းဆောင်များက ရှင်းလင်းပြောပြကြပြီး မိမိတို့ လေ့လာရေးအဖွဲ့က သိရှိလိုသည့် သင်ကြားမှုအပိုင်းနှင့် သင်ယူမှုအပိုင်း ကဏ္ဍများကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တစ်ဆက်တည်းတွင် အိန္ဒိယတောင်သူလယ်သမားများအတွက် တောင်သူပညာပေးဌာန (KVK- Farmers Knowledge Center)သို့ သွားရောက်လေ့လာခဲ့ရာတွင် တစ်နိုင်ငံလုံး၌ KVK Center ပေါင်း ၇၀၀ ခန့်ရှိကြောင်းနှင့် ဤရုံးတစ်ရုံးတည်းမှာပင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှု၊ အချက်အပြုတ် စသည့် လုပ်ငန်းအမျိုးမျိုး၌ တောင်သူများအား ပညာပေးနေသည်ကို လက်တွေ့လေ့လာမှုများပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံမှာကဲ့သို့ ဦးစီးဌာနအလိုက် တိုင်းရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများစွာမရှိဘဲ စိုက်ပျိုးမွေးမြူရေးပညာ လေ့ကျင့်ပညာပေးရေး (Agricultural Extension Education) ရုံးအနေဖြင့် ခရိုင်အဆင့်တစ်ရုံးသာ ရှိပါသည်။ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ (Subject Matter Specialists)များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးကုသရေး၊ စက်မှုလယ်ယာ၊ ဆည်မြောင်းရေသွင်းအင်ဂျင်နီယာ၊ အိမ်တွင်းမှုစသည်ဖြင့် မိမိတို့၏ ဘာသာရပ်ကျွမ်းကျင်မှုအလိုက် တောင်သူများ၏ စိုက်ကွင်းများသို့ တစ်ပတ်လျှင်နှစ်ရက် ကွင်းဆင်းကြပြီး ကျန်ရက်များတွင် ရုံးသို့ တောင်သူများကိုယ်တိုင် လာရောက်၍ မျိုးစေ့ဝယ်၊ မြေဆီလွှာစစ်ဆေး၊ ပြဿနာပေါင်းစုံကိုမေးမြန်း စသည်ဖြင့် တောင်သူနှင့် စိုက်ပျိုးရေးပညာရှင်များ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို တစ်ဖက်နှင့် တစ်ဖက် အမှီသဟဲပြုလျက်ရှိပါသည်။ အကွဲကွဲအပြားပြားမဟုတ်ဘဲ ခရိုင်တစ်ခုထဲတွင် စုပေါင်းရုံးတစ်ရုံးတည်းဖြစ်နေ၍ ပညာရှင်များအားလုံး စုစည်းထားပြီးသားလည်း ဖြစ်နေသည်ကို မိမိတို့အတွက် အတုယူစရာသင်ခန်းစာတစ်ခုအဖြစ် လေ့လာခဲ့ရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် လုပ်ဆောင်နေသည့် သင်ကြားရေး၊ သုတေသနနှင့် တောင်သူပညာပေးရေး လုပ်ငန်းများကို လေ့လာခဲ့ရသည့်အတွက် အတွေ့အကြုံနှင့် ဗဟုသုတများစွာ ရရှိပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေးတွင် အဆိုပါ လေ့လာရေးခရီးမှ အထောက်အကူ ရရှိနိုင်မည်ဖြစ်ပါသည်။ ဘွဲ့လွန်သင်တန်းများ၏ သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ရေးတွင် လိုအပ်သည့် စာအုပ်စာတမ်းများနှင့် ပစ္စည်းကိရိယာများကို အပြည့်အစုံပေးမည်ဖြစ်သောကြောင့် တက္ကသိုလ်အတွက် များစွာ အကျိုးရှိစေပါသည်။



KVK Center တောင်သူပညာပေးဌာန၌ မြေဆီလွှာစစ်ဆေးပေးနေပုံ

အိန္ဒိယနိုင်ငံရှိ ပြည်နယ်တိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ် တစ်ခုစီရှိပြီး အဆိုပါတက္ကသိုလ်များတွင် တောင်သူပညာပေးရေးလုပ်ငန်းကို ကြီးကြပ်၍ တောင်သူနှင့် တိုက်ရိုက်ထိတွေ့ရသော ပညာပေးဌာန (Agricultural Technology Information Centre)တစ်ခု ရှိသည့်အတွက် တောင်သူပညာပေးလုပ်ငန်းများ အောင်မြင်နေသည်ကို လေ့လာသိရှိခဲ့ရပါသည်။ အိန္ဒိယနိုင်ငံတွင် ပြည်နယ်အလိုက် စိုက်ပျိုးရေးတက္ကသိုလ် ၇၃ ခု ရှိနေပြီး စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် တည်ရှိနေကြောင်းကို လေ့လာတွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာပြည်နှင့် ရေမြေဒေသ ရာသီဥတု တူညီနေပြီး စိုက်ပျိုးနေသောသီးနှံများမှာလည်း တူညီနေကြသည့်အတွက် သင်ကြားမှုအပိုင်း၊ လက်တွေ့ဆောင်ရွက်မှုအပိုင်းနှင့် တောင်သူပညာပေးမှုအပိုင်း စသည်တို့တွင် အိန္ဒိယနိုင်ငံ၏ အားသာချက်များကို လေ့လာသိရှိခွင့်ရခဲ့သော အိန္ဒိယနိုင်ငံ လေ့လာရေးခရီးသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး မွေးမြူရေးကဏ္ဍ တိုးတက်ရေးအတွက် အထောက်အကူပြုမည်မှာ မလွဲဧကန် ဖြစ်ပါတော့သည်။ ။



ကျေးလက်နေ အမျိုးသမီးများ စုပေါင်းကာ အပိုဝင်ငွေရရှိရေးအတွက် မဆလာပြုလုပ်နေစဉ်

## စိန်ဂျူးဗေက်ဓမ္မာရုံသစ် ဖွင့်ပွဲကျင်းပ

**ဒီမော့ဆို မေ ၂**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် သေးဆူလဲရွာသစ်ကျေးရွာ၌ ကျေးရွာပြည်သူလူထုနှင့် အလှူရှင်များထည့်ဝင်ငွေ ကျပ်သိန်း ၄၀၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် အလျား ၁၂၀ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၁၅ ပေ ရှိ စိန်ဂျူးဗေက်ဓမ္မာရုံသစ် ဖွင့်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဆရာတော်များဖြစ်ကြသည့် ဆိုတေးရိုဖားမော့နှင့် စတီးဗင်းတေျးဖဲတို့က စိန်ဂျူးဗေက်ဓမ္မာရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဆရာတော် ဆိုတေးရိုဖားမော့က ကောင်းချီးမင်္ဂလာပေးပြီး ဆရာတော် စတီးဗင်းတေျးဖဲက သြဝါဒမြွက်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးဘာသာပေါင်းစုံရှိရာ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများကို လွတ်လပ်စွာ ကိုးကွယ်နိုင်ကြသည်ကို ကြည်နူးဖွယ်တွေ့မြင်ရကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဓမ္မာရုံအတွက် အလှူငွေ ကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး ကော်မတီဝင်တစ်ဦးက ဓမ္မာရုံသစ်နှင့်သက်ဆိုင်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

**နေပြည်တော် မေ ၂**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာဆောင်ရွက်ကြရေးအတွက် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ Junction Center ရှေ့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးမှုများ ဧပြီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ လှည့်ကင်း(၁)မှ ရဲအုပ်ကျော်ဇောအောင် ဦးစီး၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် မထသ(မြို့တွင်း)မှ ဝန်ထမ်းများက လမ်းအသုံးပြုမောင်းနှင်နေကြသော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ အနေဖြင့် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း မောင်းနှင်ခြင်းရှိ မရှိ ရှောင်တခင်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ **ခင်ဇော်(မင်္ဂလာ)**

## စစ်ကိုင်းဓာတ်ပုံအသင်း ပြိုင်ပွဲဝင်ဓာတ်ပုံများ ဆုရွေးချယ်

**စစ်ကိုင်း မေ ၂**

စစ်ကိုင်းဓာတ်ပုံအသင်းက ဦးစီးကျင်းပသည့် အမှတ်စဉ်(၆)နှင့် အမှတ်စဉ်(၇) ဓာတ်ပုံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သော ဓာတ်ပုံများထဲမှ ဆုရဓာတ်ပုံများ ရွေးချယ်ပွဲကို ဧပြီ ၃၀ ရက်က စစ်ကိုင်းမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဒုတိယထပ်၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲအမှတ်စဉ်(၆) မော်ဒန်ကဏ္ဍကို စောယွန်းမြေက သင်္ကြန်မယ်လေးရဲ့ရေစိုအလှ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် အသင်းသား ဓာတ်ပုံပညာရှင် ၁၁ ဦးက ဓာတ်ပုံပေါင်း ၅၂ ပုံ ရိုက်ကူးယှဉ်ပြိုင်ခဲ့ကြရာ ဇော်ဝင်းအောင်က တတိယ၊ စိုးမင်းကြည်က ဒုတိယနှင့် လွမ်းဝေ(စစ်ကိုင်း)က ပထမဆုများ ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ပြိုင်ပွဲအမှတ်စဉ်(၇)တွင် အသင်းသားဓာတ်ပုံပညာရှင် ရှစ်ဦးက ဓာတ်ပုံပေါင်း ၃၃ ပုံ ရိုက်ကူးယှဉ်ပြိုင်ခဲ့ကြပြီး ကိုတူးတူး(အမရပူရ)က တတိယ၊ အောင်ထွန်းနိုင်(မော်ဒန်)က ဒုတိယနှင့် လွမ်းဝေ(စစ်ကိုင်း)က ပထမဆု ရရှိခဲ့သည်။

ဆုရွေးချယ်ပေးသော အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ဓာတ်ပုံပညာရှင်များဖြစ်သည့် ဦးစစ်သွေးကျော်၊ ဦးစန်းဝင်းမောင်(ပန်)၊ ဦးမောင်မောင်ဝင်း(ဟိန်း)၊ ဦးတင်မြ(နေနွယ်)၊ ဦးသန်းထွန်းဝင်း(စစ်ကိုင်း) တို့က ဆောင်ရွက်ပေးခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် နှစ်သိမ့်ဆု သုံးဆုစီကိုလည်း ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**



## မကွေးတိုင်းဒေသကြီး၌ အခွန်လျာထားချက်ထက် ကျပ်သန်း ၄၀၀၀ ကျော် ပိုမိုကောက်ခံရရှိ

**မကွေး မေ ၂**

မကွေးတိုင်းဒေသကြီးအတွင်း အခွန်ထမ်းပြည်သူများထံမှ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေ အခွန်အရပ်ရပ်အား လျာထားချက်များ ရေးဆွဲကောက်ခံခဲ့ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အခွန်လျာထားချက်ထက် ကျပ် ၄၆၄၈ ဒသမ ၇၇၁ သန်း ပိုမိုကောက်ခံရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

ကုန်သွယ်ခွန်လျာထားချက် ကျပ် ၈၇၃၇ ဒသမ ၀၄၁ သန်းတွင် ကျပ် ၁၃၄၀၈ ဒသမ ၆၅၂ သန်း ကောက်ခံရရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၅၃ ဒသမ ၄၇ ရာခိုင်နှုန်း ရရှိကြောင်း၊ အထူးကုန်စည်ခွန်လျာထားချက် ကျပ် ၃၃ သန်းတွင် ၁၀၂၇ ဒသမ ၅၉၄ သန်း ကောက်ခံရရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၁၁၃ ဒသမ ၉၂ ရာခိုင်နှုန်း ရရှိသည့်အတွက် အများဆုံးရာခိုင်နှုန်းတစ်ခု ဖြစ်ခဲ့ကြောင်း၊ တံဆိပ်ခေါင်းခွန်လျာထားချက် ကျပ်သန်း ၅၆၀ တွင်လည်း ကျပ် ၇၀၈ ဒသမ ၃၁၁ သန်း ကောက်ခံရရှိခဲ့ကာ ရာခိုင်နှုန်းအားဖြင့် ၁၂၆ ဒသမ ၄၈ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်သိန်းက ပြောသည်။

ဝင်ငွေခွန်လျာထားချက်တွင်မူ ကျပ် ၇၄၇၅ ဒသမ ၇၀၆ သန်း လျာထားသည့်အနက် ကျပ် ၆၃၂၂ ဒသမ ၃၃၉ သန်း ကောက်ခံရရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၄ ဒသမ ၅၇ ရာခိုင်နှုန်းသာ ရရှိခဲ့ကြောင်း၊ အောင်ဘာလေတွင်မူ လျာထားချက် ကျပ် ၂၇၄ ဒသမ ၂၅၃ သန်းအနက် ကျပ် ၂၆၁ ဒသမ ၈၇၅ သန်း ကောက်ခံရရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၄၉ ရာခိုင်နှုန်းရရှိခဲ့ကြောင်း အခွန်ဦးစီးဌာနမှူးက ဆက်လက်ပြောကြားသည်။

ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်များတွင် လျာထားချက်ထက် ပိုမိုကောက်ခံရရှိပြီး ဝင်ငွေခွန်နှင့် အောင်ဘာလေတို့တွင် လျာထားချက်အောက် လျော့၍ ကောက်ခံရရှိခဲ့ရာ စုစုပေါင်းအနေဖြင့် အခွန်အရပ်ရပ်အတွက် ကျပ်သန်းပေါင်း ၁၇၀၈၀ လျာထားဆောင်ရွက်ခဲ့ရာတွင် ကျပ်သန်းပေါင်း ၂၁၇၂၈ ဒသမ ၇၇၁ ကောက်ခံရရှိခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၁၂၇ ဒသမ ၂၂ ရာခိုင်နှုန်း ရရှိခဲ့ပြီး အခွန်ငွေအနေဖြင့် ကျပ်သန်းပေါင်း ၄၆၀၀ ကျော် ပိုမိုကောက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

**ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်များတွင် လျာထားချက်ထက် ပိုမိုကောက်ခံရရှိပြီး ဝင်ငွေခွန်နှင့် အောင်ဘာလေတို့တွင် လျာထားချက်အောက် လျော့၍ ကောက်ခံရရှိခဲ့ရာ စုစုပေါင်းအနေဖြင့် အခွန်အရပ်ရပ်အတွက် ကျပ်သန်းပေါင်း ၁၇၀၈၀ လျာထားဆောင်ရွက်ခဲ့ရာတွင် ကျပ်သန်းပေါင်း ၂၁၇၂၈ ဒသမ ၇၇၁ ကောက်ခံရရှိခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၁၂၇ ဒသမ ၂၂ ရာခိုင်နှုန်း ရရှိခဲ့ပြီး အခွန်ငွေအနေဖြင့် ကျပ်သန်းပေါင်း ၄၆၀၀ ကျော် ပိုမိုကောက်ခံရရှိခဲ့**

မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အခွန်ဥပဒေနှင့် အခွန်ရာခိုင်နှုန်းများ ပြောင်းလဲခြင်းအပြင် အခွန်စီမံခန့်ခွဲမှုများကလည်း ပြောင်းလဲနေကြောင်း၊ OAS(Official Assessment System) မှ SAS (Self-Assessment System)သို့ ပြောင်းလဲဆောင်ရွက်နေရာတွင် ကုမ္ပဏီများအား စတင်၍ SAS စနစ်သို့ ပြောင်းလဲနေပြီ ဖြစ်ကြောင်းလည်း တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

## ပြည်သူလူထုထံသို့ အမှိုက်ပုံးများအပ်နှံပွဲကျင်းပ




**ပေါင် မေ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း မြို့ပေါ်နှင့် ကျေးရွာများ သန့်ရှင်းသာယာရေးနှင့် အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်နိုင်ရေးအတွက် ပြည်နယ်အစိုးရမှ ပြည်သူလူထုထံသို့ အများပြည်သူသုံး အမှိုက်ပုံးများ ပေးအပ်ပွဲကို ပေါင်မြို့မင်္ဂလာဈေးကြီးရှေ့၌ မေ ၁ ရက်က ကျင်းပခဲ့သည်။

ပြည်သူလူထုထံသို့ အများပြည်သူသုံး အမှိုက်ပုံးများ ပေးအပ်ပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က အမှိုက်ပုံးများအား ပြည်သူလူထုထံသို့ ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူလူထု ကိုယ်စားလှယ်တစ်ဦးထံသို့ အမှိုက်ပုံး အလုံးပေါင်း ၃၀၀ ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်တို့က လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ **ခင်မောင်ဝေ(ပေါင်)**

## ဖန်းမော်မြို့တွင် ဧရာဝတီမြစ်ရေ ဆက်လက်ကျဆင်းလျက်ရှိ

**ဖန်းမော် မေ ၂**

ကချင်ပြည်နယ် ဖန်းမော်မြို့၌ ဧပြီ ၂၈ ရက်က မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေသည် နောက်ပိုင်းတွင် တဖြည်းဖြည်း ပြန်လည်ကျဆင်းခဲ့ရာ ဧပြီ ၃၀ ရက်အထိ ဆက်လက်ကျဆင်းလျက်ရှိပြီး ရေပြန်ကျနေသဖြင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ဧပြီ ၂၈ ရက် ညနေ ၆ နာရီခွဲအချိန်က တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဖန်းမော်မြို့၌ ၇၂၄ စင်တီမီတာအထိ မြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ကျဆင်းသွားသဖြင့် ဧပြီ ၃၀ ရက် နံနက် ၆ နာရီခွဲတွင် ၆၁၄ စင်တီမီတာအထိ ရောက်ရှိခဲ့ပြီး မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၆၀၇ စင်တီမီတာသို့ ဆက်လက်ကျဆင်းခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့သော်လည်း ပြန်လည်ကျဆင်းသွားကာ ယခုအချိန်အထိလည်း ဆက်လက်ကျဆင်းလျက်ရှိသဖြင့် ဖန်းမော်မြို့နယ်အတွင်း ဧရာဝတီမြစ်ဘေးနှင့် မြစ်အတွင်း သဲသောင်ပြင်များပေါ်၌ စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများတွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း ဖန်းမော်ခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။ **ဆီမီးခုံ-နန်းရီ**



ဖန်းမော်မြို့ ဧရာဝတီမြစ်ကမ်းကို ရေပြန်ကျနေချိန် တွေ့ရစဉ်

## တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

**ရွှေဘို မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က ရွှေဘိုမြို့ရန်ကြီးအောင် မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ ဆုချီးမြှင့်ပွဲတွင် ကျင်းပခဲ့သောပြိုင်ပွဲများဖြစ်သည့် အသက်(၂၀)အောက် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများမှ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ တံခွန်စိုက်ဆုရရှိသော ရွှေဘိုခရိုင်အသင်းကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အင်ကြင်းကျောက်တူးဖော်ခြင်းလုပ်ငန်းကြောင့် စိုက်ပျိုးမြေယာအချို့ ဆုံးရှုံးမှုဖြစ်ပေါ်နေ

**နွားထိုးကြီး မေ ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီး မြို့နယ်အတွင်း၌ အင်ကြင်းကျောက်တူးဖော်ခြင်းလုပ်ငန်းများကြောင့် လုပ်ငန်းရှင်များအဆင်ပြေကာ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာ၍ ဒေသခံပြည်သူအချို့လည်း အဆင်ပြေကြသော်လည်း ကျောက်တူးဖော်ခြင်းများကြောင့် စိုက်ပျိုးသည့်မြေယာအချို့ ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်နေကြောင်း ဒေသခံတောင်သူအချို့၏ ပြောကြားချက်အရ သိရသည်။

နွားထိုးကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး တောင်ယာ စိုက်ပျိုးခြင်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်ကြကာ ယခုနောက်ပိုင်းတွင် အင်းကြင်းကျောက်တူးဖော် အလုဆင်ထုလုပ်သည့် လုပ်ငန်းများရှိလာခြင်းကြောင့် ဒေသခံပြည်သူအချို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း၊ သို့သော် ကျောက်တူးဖော်ရာ ကျေးရွာများရှိ သီးနှံစိုက်ပျိုးသည့် မြေယာအချို့တွင်ပါ စီးပွားရေးလုပ်ငန်းရှင်များက အင်ကြင်းကျောက် တူးဖော်လာကြခြင်းကြောင့် စိုက်ပျိုးသည့်မြေယာအချို့ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း တောင်သူအချို့က ဆိုသည်။

ယခင်က ဤဒေသရှိ စိုက်ပျိုးမြေများပေါ်တွင် တောင်သူတွေများအနေဖြင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြသော်လည်း နောက်ပိုင်းတွင် အင်ကြင်းကျောက်တူးဖော်သည့် လုပ်ငန်းများက မြေယာများ ငှားရမ်းဝယ်ယူခြင်းကြောင့် မြေယာပိုင်ရှင်အချို့ကလည်း စိုက်ပျိုးရေးလုပ်ငန်းထက် ပိုရသဖြင့် မိမိတို့၏မြေယာများကို အင်ကြင်းကျောက်တူးဖော်သည့် လုပ်ငန်းရှင်များထံ ငှားရမ်းကြပြီး အချို့က အပြတ်ရောင်းချကြကြောင်း နွားထိုးကြီးမြို့နယ် ဘုရားကြီးအင်ကြင်းကျောက်ကွင်းအနီး နေထိုင်သူဒေသခံတစ်ဦးက ပြောသည်။

ထိုသို့ မြေယာများ ငှားရမ်း၊ ရောင်းချကာ အင်းကြင်းကျောက်တူးဖော်ကြခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျောက်လုပ်ငန်းများတွင် လုပ်ကိုင်ကြသည့်


အင်ကြင်းကျောက်များ တူးဖော်ထားသဖြင့် ပျက်စီးနေသော လယ်ယာတစ်ကွက်

ဒေသခံများအတွက် အဆင်ပြေကြသော်လည်း စိုက်ပျိုးမြေယာ အချို့ကို ဆုံးရှုံးသွားရကြောင်း ၄င်းက ဆက်ပြောသည်။

ယခုနောက်ပိုင်းတွင် အင်ကြင်းကျောက်များကို တရုတ်နိုင်ငံမှ အင်ကြင်းကျောက်ပွဲစားများက နွားထိုးကြီးမြို့နယ်အတွင်းမှ ဒေသခံများထံသို့ တိုက်ရိုက်လာရောက် ဝယ်ယူနေကြ၍ ကျောက်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များက တူးဖော်ကြရုံသာမက ဒေသခံတောင်သူများကပါ ရိုးရာ စိုက်ပျိုးရေးလုပ်ငန်းကို စွန့်လွှတ်ပြီး မိမိတို့ပိုင်မြေများ၌ အင်ကြင်းကျောက် တူးဖော်မှုများ လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

သဘာဝအလျောက် အင်ကြင်းကျောက်များ ထွက်ရှိနေသော နွားထိုးကြီးမြို့နယ်သည် ကျေးရွာအုပ်စု ၇၂ အုပ်စု ကျေးရွာပေါင်း ၁၈၆ ရွာရှိပြီး လူဦးရေနှစ်သိန်းကျော် နေထိုင်လျက်ရှိကာ ကျေးလက်နေပြည်သူအများစုမှာ တောင်ယာသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသည်။ အင်ကြင်းကျောက်များ တူးဖော်အလုဆင်ကာ ပြည်ပသို့ တင်ပို့ရောင်းချသည့် လုပ်ငန်းကို တရားဝင်လုပ်ကိုင်နေသည့် ကုမ္ပဏီပေါင်းမှာ ၂၀ ခန့်ရှိပြီး ထိုကုမ္ပဏီများအနေဖြင့် အဓိကကုန်ကြမ်းဖြစ်သော အင်ကြင်းကျောက်ရရှိရန်အတွက် နွားထိုးကြီးမြို့နယ်အတွင်းရှိ ဒါပဲ့၊ ဘုရားကြီး၊ ရွာသာအေး၊ တောင်ကုန်း စသည့် အင်ကြင်းကျောက်ကွင်းများမှတစ်ဆင့် ဝယ်ယူကြသည်။

နွားထိုးကြီးမြို့နယ်မှထွက်သော အင်ကြင်းကျောက်များမှာ ရေခဲသား၊ ဇီး၊ အစိမ်း စသည့် အရောင်များရှိပြီး အစိမ်းက တန်ဖိုးအရှိဆုံးဖြစ်ကြောင်း၊ သို့သော် လက်ရှိအချိန်တွင် အင်ကြင်းကျောက် ဈေးကွက်မကောင်းတော့သလို ကျောက်တူးဖော်ခဲ့သည့် ကျောက်ကွင်းများတွင်လည်း ဒါပဲ့ကျောက်ကွင်းတစ်ခုသာ ယခုအချိန်အထိ တူးဖော်နေကြပြီး ကျန်ကျောက်ကွင်းများက အလုပ်မလုပ်တော့ကြောင်း အင်ကြင်းကျောက်တူးဖော် အလုဆင်ထုလုပ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **(ဝ၁၃)**

# ဒေါက်တာလှဘေ ပညာပါရမီစာကြည့်တိုက် ဖွင့်လှစ်

**မော်လမြိုင် မေ ၂**
မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်၌ ကွယ်လွန်သူ အငြိမ်းစား မြန်မာစာပါမောက္ခ ဒေါက်တာလှဘေ အထိမ်းအမှတ် ပညာပါရမီစာကြည့်တိုက်ဖွင့်ပွဲနှင့် အခမဲ့ ကွန်ပျူတာသင်တန်း ဖွင့်ပွဲကို ဧပြီ ၃၀ ရက်က သမိန်ဗရမ်းလမ်းရှိ အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ဒေါက်တာလှဘေ ပညာပါရမီစာကြည့်တိုက် ဥက္ကဋ္ဌ ဒေါက်တာတင်စိုးက အမှာစကားပြောကြားပြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူး ဦးညွန့်လွင်က အခမဲ့ ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက စာကြည့်တိုက်ကြီးအတွက် ကွန်ပျူတာများ၊ စာအုပ်များ၊ စကိုင်းနက်ရုပ်သံဖမ်းစက်များကို ပေးအပ်လှူဒါန်းခဲ့ကြပြီး စာကြည့်တိုက်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဒေါက်တာလှဘေ ပညာပါရမီစာကြည့်တိုက်ကို ဆရာကြီးမကွယ်လွန်မီက ပေးအပ်ခဲ့သော အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ယခင်က မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း အခက်အခဲများကြောင့် စာကြည့်တိုက်လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရကြောင်း၊ ယခုအခါ မြို့နယ်အတွင်းမှ စာပေဝါသနာရှင်များ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မွန်ပြည်နယ်)နှင့် ဒေသတွင်းမှ လုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ကူညီမှုကြောင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်ဆက်တည်းတွင် မြို့နယ်အတွင်းမှ လူငယ်များ ကွန်ပျူတာပညာရပ်များကို တတ်မြောက်စေရန်အတွက် အခမဲ့ ကွန်ပျူတာအခြေခံသင်တန်းကိုလည်း စာကြည့်တိုက်တွင် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူးက ပြောသည်။ အခမဲ့ ကွန်ပျူတာအခြေခံသင်တန်းကို မေ ၂ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(မော်လမြိုင်)**

# စလင်းမြို့နယ်တွင် တိရစ္ဆာန်ဈေး စတင်ဖွင့်လှစ်ရောင်းချ

**စလင်း မေ ၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ထူးပေါက်ကျေးရွာလမ်းခွဲအနီး၌ တိရစ္ဆာန်ဈေး (နွားဈေးပွဲ)ကို စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဧပြီ ၃၀ ရက်မှစ၍ ဖွင့်လှစ်ရောင်းချပြီး ယခုနှစ်တွင်မှ စတင်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ဈေး(နွားဈေးပွဲ)မှာ ငါးရက်လျှင်တစ်ကြိမ် ဖွင့်လှစ်မည့် ငါးရက်ဈေးဖြစ်သည်။ ဧပြီ ၃၀ ရက်က ဈေးစဖွင့်ခဲ့ရာတွင် စလင်းမြို့နယ်အတွင်းမှ နွားရောင်းလိုသူ၊ ဝယ်လိုသူ၊ အလဲအထပ်လုပ်လိုသူများ လာရောက်ကြကာ စုစုပေါင်း ဈေးသို့ နွားအရွယ်မျိုးစုံ အကောင် ၈၀ ခန့် ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ယင်းနွားပွဲဈေးတွင် အရောင်းအဝယ်ဖြစ်လျှင် ဈေးတာဝန်ခံကို နွားတစ်ကောင်လျှင် ၃၀၀၀ ကျပ်နှုန်း ပေးဆောင်ရကြောင်း၊ အများစုမှာ သားသတ်လုပ်ငန်းအတွက် ဝယ်ယူကြပြီး အချို့က လယ်ယာလုပ်ငန်းခွင်တွင်သုံးရန် နွားများကို ပြန်ဝယ်ကြကြောင်း၊ လုပ်ငန်းခွင်သုံးနွားများမှာ တစ်ကောင်လျှင် ကျပ် ခုနစ်သိန်းနှင့်အထက်ရှိကြောင်း သိရသည်။

အဆိုပါ နွားပွဲဈေးသို့ နွားရောင်း၊ ဝယ်လိုသူများ၊ အလဲအထပ်လုပ်လိုသူများ လာရောက်ကြပြီး ယခုကဲ့သို့ တစ်နေရာတည်းတွင် နွားများကို မိမိစိတ်ကြိုက် ရောင်း၊ ဝယ်၊ လဲနိုင်ကျသဖြင့် ဒေသခံများ ကျေနပ်လျက်ရှိကြောင်း သိရသည်။ ဧပြီ ၃၀ ရက်က စတင်ဖွင့်လှစ်သည့် နွားပွဲဈေးနေ့တွင် ဈေးဖွင့်ချိန် နံနက် ၇ နာရီမှ ဈေးကွဲချိန် ၁၁ နာရီခန့်အတွင်း နွားအကောင် ၃၀ ကျော် အရောင်းအဝယ်၊ အလဲအထပ် ဖြစ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



# ရန်ကုန်ဈေးကွက်ဝယ်လိုအားကောင်း၍ သရက်သီးစိမ်းအများအပြားတင်ပို့နေရ

**ရေတာရှည် မေ ၂**
နွေရာသီ အပူချိန်မြင့်တက်လျက်ရှိသည်နှင့်အမျှ ရာသီစာဖြစ်သော မချစ်စုသရက်သီးအစိမ်းကို ရန်ကုန်ဈေးကွက်မှ နေ့စဉ်ဝယ်ယူမှု မြင့်တက်နေသောကြောင့် ရေတာရှည်မြို့နယ်အတွင်းမှ ထွက်ရှိသော သရက်သီးစိမ်းများကို အများအပြား တင်ပို့ရောင်းချနေရကြောင်း သိရသည်။



ရေတာရှည်မြို့နယ် ဆွာမြို့ ထောက်ကြန့်ကွင်းကျေးရွာတွင် သရက်သီးအဝယ်ဒိုင် ဖွင့်လှစ်ထားသူတစ်ဦးက "ရန်ကုန်ပွဲစားက မှာမှ ဒီကပို့ပေးရတာ။ မဟုတ်ရင် ရှုံးတယ်။ ဟိုရောက်တော့ သရက်သီးကို စားချင်စဖွယ်လုပ်ထားတော့ ရောင်းအားလည်းကောင်းတယ်။ အမှည့်ချိန်ရောက်ရင်တော့ ရင်ကွဲသရက်ကို မန္တလေးဘက်က ပိုဝယ်တယ်"ဟု ပြောပြသည်။

ရေတာရှည်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသော မချစ်စုသရက်သီးအစိမ်းများကို ဆွာမြို့ပေါ်သို့ မြို့အရှေ့ဘက်ခြမ်းရှိ ကျေးရွာများမှ နေ့စဉ် အမြောက်အများ လာရောက်တင်သွင်းရောင်းချလျက်ရှိကာ လက်ရှိဈေးနှုန်းမှာ သရက်သီးတစ်ပိဿာလျှင် ကျပ် ၂၅၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။ စုဆောင်းဝယ်ယူပြီးသော သရက်သီးစိမ်းများကို ကုန်တင်ယာဉ်များဖြင့် ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချကြပြီး လက်ရှိအချိန်တွင် နေ့စဉ် သရက်သီးအိတ်ပေါင်း ၅၀၀ ခန့် တင်ပို့ပေးနေရကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

# မြို့နယ်အဆင့်စည်ပင်သာယာရေးကော်မတီ ပြန်လည်ဖွဲ့စည်းရေးစည်းဝေး

**လက်ပံတန်း မေ ၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရေးအတွက် မူဘောင်နှင့်အညီဖွဲ့စည်းရန် လုပ်ထုံးလုပ်နည်း၊ မူဘောင်သတ်မှတ်ခြင်းဆိုင်ရာ အစည်းအဝေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဧပြီလနောက်ဆုံးပတ်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဖုန်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးကျော်စွာလင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သစ္စာမျိုးအောင်နှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်စွာလင်းက ရွေးချယ်ပွဲလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးပြီး စည်ပင်သာယာရေးကော်မတီရွေးချယ်ရန်အတွက် နေ့ရက်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သတ်မှတ်ဆွေးနွေးခဲ့ကာ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျွန်းကလေးကျေးရွာအုပ်စုတို့မှ ကော်မတီဝင်လောင်းသုံးဦးစီ ရွေးချယ်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် နှစ်ဦးသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

**မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ပုဗ္ဗသီရိမြို့နယ်ရှိ အငြိမ်းစားဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့် ဝန်ထမ်းများ၊ နဝဒေးရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် ဆင်ဖြူရှင်ရပ်ကွက်မှ ဒေသခံပြည်သူများ ပူးပေါင်း၍ မေ ၁ ရက်က ဆောင်ရွက်စဉ်။**
မင်းမင်းလတ်(ရုပ်ဗေဒ)



# ကိုးသုံးလုံးမှတ်တိုင်ကို ပြန်လည်သတ်မှတ်ပေးရန် ဒေသခံများလိုလားလျက်ရှိ

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ YBS စနစ်သစ် ယာဉ်လိုင်းအဖြစ်သို့ ပြောင်းလဲပြီး နောက်ပိုင်း၌ ရွှေပြည်သာ မြို့နယ် အမှတ် ၉ရပ်ကွက် မဟာမြိုင်လမ်းမပေါ်ရှိ ယခင်ရှိပြီးသား ကိုးသုံးလုံး မှတ်တိုင်ပျောက်ဆုံးကာ ခရီးသည်များနှင့် ခရီးသည်တင်ယာဉ်တို့ မှတ်တိုင်ရှိမှု မရှိမှုကို အကြောင်းပြု၍ မကြာခဏ ဆိုသလို ခိုက်ရန်ဖြစ်ပွားလျက်ရှိရာ အဆိုပါမှတ်တိုင်ကို ပြန်လည်သတ်မှတ်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိသည်ဟု သိရသည်။

ယခင်က မဟာမြိုင်ယာဉ်သွားလမ်းမကြီးပေါ်တွင် ယာဉ်ရပ်မှတ်တိုင်များမှာ ၃ ထိပ်၊ ဆင်နှစ်ကောင်၊ ကိုးသုံးလုံး၊ ရုံးရှေ့ "ဏ" ကွေ့ဟူ၍ တည်ရှိခဲ့ရာ YBS စနစ်သစ်ယာဉ်လိုင်း ပြောင်းလဲလိုက်ပြီးမှ ကိုးသုံးလုံးမှတ်တိုင် တစ်ခုတည်းသာ ပျောက်ဆုံးကျန်ရစ်ခဲ့ကြောင်း သိရသည်။

"ဒီမှတ်တိုင်က မကြာခင်က ပေါ်ပေါက်လာတဲ့ မှတ်တိုင်မဟုတ်ပါဘူး။ ဟိုယခင်ကတည်းက နှစ်ရှည်ကြာတည်မြဲလာတဲ့ မှတ်တိုင်တစ်ခုပါ၊ အခုခရီးသွားပြည်သူတွေက ရှိရင်းစွဲမှတ်တိုင်ကိုပဲ အားကိုးပြီး စောင့်စီးတဲ့အခါ YBS စနစ်သစ်ပြောင်းလဲလိုက်တဲ့ ခရီးသည်တင်ယာဉ်တွေက ခရီးသွားပြည်သူတွေကို အတက်ဆိုရင် ကားရပ်ပြီး ခရီးသည်တင်တယ်။ အဆင်းကြတော့ မှတ်တိုင်မရှိဘူးလို့ ငြင်းပယ်ပြီး ရုံးရှေ့မှတ်တိုင်မှာ ရပ်တယ်။ အဲဒီမှာပဲ ခရီးသွားပြည်သူနဲ့ ခရီးသည်တင်ယာဉ်တို့ လုပ်ရပ်တွေ မညီကြတော့ မကြာခဏဆိုသလို ခိုက်ရန်ဖြစ်ပွားနေတာကြောင့် ကိုးသုံးလုံးမှတ်တိုင်ကို ယခင်အတိုင်းပြန်လည် သတ်မှတ်ပေးစေလိုပါတယ်" ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါမှတ်တိုင်ကို ဖြတ်သန်းသွားသော YBS ခရီးသည်တင် ယာဉ်လိုင်းမှာ ၆၅၊ ၄၀၊ ၆၈၊ ၇၃၊ ၄၂ တို့ ပြေးဆွဲလျက်ရှိပြီး ရပ်ကွက်အတွင်းရှိ ခရီးသွားပြည်သူများအားကိုးအားထားပြု စောင့်ဆိုင်းစီးနင်းရာမှတ်တိုင်တစ်ခု ဖြစ်သည်ဟု သိရသည်။

**မြင့်သန်းကြည် (ရွှေပြည်သာ)**






# မြောင်မြို့နှင့် မရိုးကုန်းကျေးရွာ ချောင်းကူး အဓိပတိ တံတားဖွင့်

**မြောင် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မရိုးကုန်းကျေးရွာတွင် မြောင်မြို့နှင့် မရိုးကုန်းချောင်းကူးအဓိပတိတံတားဖွင့်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးမြို့ အနောက်ခင်မကန် ကျောင်းတိုက် တိုက်အုပ်ဆရာတော်ဘဒ္ဒန္တက္ကန္ဒာ အဓိပတိကိုယ်စား အနောက်ခင်မကန်ကျောင်းတိုက်၊ မြကုန်းကျောင်းတိုက်ဂိလာနပါလအသင်းနာယက ဆရာတော်ဘဒ္ဒန္တတိလောကက မင်္ဂလာရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

"တံတားက သံကူကွန်ကရစ်တံတားဖြစ်ပြီး အမြင့် ၁၈ ပေ၊ အကျယ် ၁၃ ပေ၊ အရှည်ပေ ၁၀၀ ရှိပါတယ်။ ဒီတံတားကြီးကို ၁-၁-၂၀၁၄ ရက်က ပန္နက်တင်ခဲ့ပါတယ်။ မိုးတွင်းကာလမှာ ချောင်းရိုးအတွင်း ရေဝင်ရေကြီးတဲ့အခါ ကျောင်းသားကျောင်းသူတွေ၊ ကျေးရွာသူ ကျေးရွာသားတွေ ကူးတို့လှေနဲ့ မြောင်မြို့ ကိုသွားရပါတယ်။ တစ်ခါတလေ လှေနစ်တာမျိုး ကြုံတွေ့ရပါတယ်။ အခုတော့ အန္တရာယ်ကင်းစွာ ဖြတ်သွားလို့ရပြီပေါ့ဗျာ။ကျွန်တော်တို့ရွာက မိုးတွင်းကာလ ရေဝတီမြစ်ရေ တက်ချိန်မှာ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် မြင်းခြံမြို့နယ်မှာရှိတဲ့ ကျေးရွာတွေက ရေယာဉ်တွေလာ ရောက်ဆိုက်ကပ်ပြီး မုံရွာမြို့သို့ လွယ်ကူစွာသွားနိုင်ပါပြီ" ဟု မရိုးကုန်းကျေးရွာနေဦးသိန်းလင်းက ပြောပြသည်။

**(မြို့နယ် ပြန် / ဆက်)**

# သုံးခွမြို့နယ်တွင်မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပ

**သုံးခွ မေ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းသုံးသပ် ဆွေးနွေးပွဲကို ဧပြီ ၂၃ ရက်က ကျင်းပရာ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဇော်အောင်တို့က အမှာစကားပြောကြားသည်။

ထို့နောက်မြစိမ်းရောင် စီမံကိန်းကျေးရွာ ၁၈ ရွာမှ ကော်မတီဝင်များက စီမံကိန်းနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များ၊ တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြရာ ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် စံပြဆုရရှိသော အိဿယကျေးရွာနှင့် နံယောကျေးရွာတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (Hydroquinone & Azelaic Acid) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ကိုယ်တွင်းအင်္ဂါများထိခိုက်ခြင်းနှင့် ရေရှည်သုံးစွဲပါက အရေပြားကင်ဆာရောဂါများ ဖြစ်ပွားနိုင်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | White Seoul Perfect (24 Stop Acne Cream+Write Face Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone (+) Azelaic Acid (+) |

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




# မူလတန်းဆရာစာပေးစာယူသင်တန်းအမှတ်စဉ်(၃၅) သဃ်န်းကျွန်းပညာရေးကောလိပ်၌ဖွင့်

**ရန်ကုန် မေ ၂**

မူလတန်းဆရာဖြစ်လက်မှတ်မဲ့ ဆရာ၊ ဆရာမများပပျောက်စေရေးနှင့် သင်ကြားသင်ယူမှု အရည်အသွေးပြည့်ဝသော ဆရာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာဦးစီးဌာနရှိ လက်မှတ်မဲ့ မူလတန်းပြများအတွက် မူလတန်းဆရာအတတ် စာပေးစာယူ သင်တန်း အမှတ်စဉ် (၃၅)ကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်း ပညာရေးကောလိပ် ပညာနေခြည်ခန်းမ၊ အောင်တေဇခန်းမနှင့် အ.ထ.က(၃)ကျောင်းခန်းမတို့၌ ဧပြီလနောက်ဆုံးပတ်က တစ်ပြိုင်တည်း သင်တန်းများပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းသို့ စာရင်းသွင်း အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၁၂၇၈ဦး အပါအဝင် စုစုပေါင်း ၁၃၄၇ ဦးအနက်မှ အမျိုးသား၁၁ဦး နှင့်အမျိုးသမီး ၁၂၇၈ ဦးတို့ ဆရာဖြစ်သင်တန်းသို့ တက်ရောက်ကြကာ ယင်းသင်တန်းကို သဃ်န်းကျွန်း ပညာရေးကောလိပ် ကျောင်းအုပ်ကြီးဒေါ်ရွှေရွှေတိုးနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ ဌာနများမှ ဆရာ၊ ဆရာမပေါင်း ၅၄ဦးတို့က သင်ပြနည်း၊ စာပေတို့နှင့် ဖွံ့ဖြိုးရေး သင်ကြားနည်းစနစ်များကို ဧပြီ၂၄ ရက်မှ မေ ၂၇ရက်အထိ သင်တန်းများပို့ချဖွင့်လှစ်လျက်ရှိကြောင်း သဃ်န်းကျွန်းပညာရေးကောလိပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စုရှိ ပဒါးညေးကျေးရွာ၊ သပြေကုန်းကျေးရွာနှင့်ကျောက်ကြီးကျေးရွာများသို့ ခရိုင်ရဲတပ်ဖွဲ့ရုံးမှ ဒုတိယ ရဲမှူးကြီးစိုးသိန်းနှင့် ခရိုင်မီးသတ်တပ်ဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်းတို့ ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သပြေကုန်းကျေးရွာနှင့် ကျောက်ကြီးကျေးရွာတို့အားရေဂါလန် ၄၈၀၀နှင့် သောက်ရေသန့်ဘူး ၂၀၀၊ ပဒါးညေးကျေးရွာအား ရေဂါလန် ၈၀၀ နှင့် သောက်ရေသန့်ဘူး ၁၇၀ တို့ကို မေ ၁ ရက်က သွားရောက်လှူဒါန်းခဲ့စဉ်

ကိုစိုင်း(လွိုင်ကော်)

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာလွန်စွာပူအေး၊ ဥတုဘေး။**

## ပဋ္ဌာနိကာယ်ကျောင်းတိုက် စာအောင်သံဃာပူဇော်ပွဲ
## ဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ ပဋ္ဌာနိကာယသာသန ဗိမာန်ကျောင်းတိုက်၌ တိပိဋက ဝိနယဓရအောင် အရှင်ဉာဏဗလာလင်္ကာရနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော သာသနာနုဂ္ဂဟအသင်း စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့ (၁၀-၅-၂၀၁၇) ဗုဒ္ဓဟူးနေ့ နံနက် ၈း၃၀ နာရီတွင် ပဋ္ဌာနိကာယ ဓမ္မသဘာ၌ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်များ**
**ပဋ္ဌာနိကာယသာသနာနုဂ္ဂဟအဖွဲ့**
ဖုန်း-၀၉-၂၅၀၀၁၄၇၆၇၊ ၀၉-၂၅၀၀၁၇၈၅၆

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သီးခြားငွေထုတ်စာရင်းခေါင်းစဉ်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-1(T)/MESC/2017-2018 | မန္တလေးတိုင်းဒေသကြီးအတွင်းမြို့နယ်များ၌ လိုအပ်သော အိမ်သုံးမီတာ၊ လုပ်ငန်းသုံးမီတာ၊Transparent Box & Accessories များနှင့် မီတာဆီးလ်များ ဝယ်ယူရန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၄-၂၀၁၇ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး၁၁-၅-၂၀၁၇ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်မည် ဖြစ်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၉၁၂၁၊ ၀၂-၇၃၈၀၁**

## မုံရွာစီးပွားရေးတက္ကသိုလ်
## စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)နှင့်
## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့(MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်းများကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) MBA သင်တန်းအတွက် စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုအဆင့်အလိုက်လုပ်ကိုင်နေသူများနှင့် MPA သင်တန်း အတွက် ဌာနဆိုင်ရာနှင့် လူမှု/စီးပွားရေးအဖွဲ့အစည်းများ ကုလသမဂ္ဂလက်အောက်ခံနိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။
၂။ MBA သင်တန်း၊ MPA သင်တန်းတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ သတ်မှတ်ထားသောလျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် ဘောဂဗေဒဌာနတို့တွင် MBA သင်တန်းအတွက် ၂၅-၄-၂၀၁၇ ရက်မှစတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၆-၅-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရန်ဖြစ်ပါသည်။ MPA သင်တန်းအတွက် ၂၅-၄-၂၀၁၇ရက်မှစတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၇-၅-၂၀၁၇ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။
၃။ MBA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၈-၅-၂၀၁၇ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၅-၅-၂၀၁၇ ရက်တို့တွင်လည်းကောင်း၊ MPA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၉-၅-၂၀၁၇ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၆-၅-၂၀၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်။
၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ်သင်တန်းရေးရာဌာန ရုံးချိန်အတွင်း အောက်ပါဖုန်းများသို့ စုံစမ်းနိုင်ပါသည်။
ဖုန်း-၀၇၁-၂၃၆၅၈၊ ၂၂၆၇၂ (လိုင်းခွဲ-၁၀၃-၁၀၄)
စီမံခန့်ခွဲမှုပညာဌာန (MBA) ဖုန်း-၀၉-၄၄၂၉၃၄၂၂၅
ဘောဂဗေဒဌာန (MPA) ဖုန်း-၀၉-၇၈၉၉၅၁၀၁၉

**ယဉ်မင်းသန့်**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

ကြည်စိုး စာအုပ်များ I.C 09 510 4041
Book Street နှင့် သင်တန်းကျောင်းမှာဝယ်ပါ။

## ရွှေဘုန်းပွင့်စေတီတော်
## ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲနှင့်
## ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ၁၃၇၉ခုနှစ် ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)၊ ၂၀၁၇ခုနှစ် မေ ၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် စေတီတော် ဩဝါဒါစရိယဆရာတော်များဦးဆောင်၍ ဆရာတော်၊ သံဃာတော် အပါး ၅၀ကျော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲတို့ကို ဆောင်ရွက်တော်မူကြမည်ဖြစ်ပါသည်။

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ဗုဒ္ဓဟူးနေ့တွင် စေတီတော်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများစိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်း/အဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ည ၉ နာရီအထိ စီစဉ်ပေးထားမည်ဖြစ်ပါသည်။

စတုဒိသာအလှူရှင်များနှင့် လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅၊ ၀၉-၂၉၄၀၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

**သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ ဘိုကလေးမြို့နယ်ရှိ ပုံစံ(၈)ဝင် လှေအစင်း(၂၀)၊ဟွန်ဒါစက်(၁)စုံနှင့် လက်တွန်းခုံ(၂)ခုံတို့အား ရောင်းချရန်**
## လေလံကြော်ငြာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ဘိုကလေးမြို့နယ်မှ ပုံစံ(၈)ဝင် လှေအစင်း(၂၀)၊ ဟွန်ဒါစက်(၁)စုံနှင့်၊ လက်တွန်းခုံ(၂)ခုံတို့အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့၌ ၉-၅-၂၀၁၇ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **အထက်ပါ ပုံစံ(၈)ဝင် လှေအစင်း(၂၀)၊ ဟွန်ဒါစက်(၁)စုံနှင့် လက်တွန်းခုံ(၂)ခုံတို့အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။**
၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၈-၅-၂၀၁၇ ရက်အထိ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၅-၄၅၅၆၆၊ ၀၉-၉၇၃၉၄၅၁၄၂၊ ၀၉-၄၂၂၄၇၈၇၆၆ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။
(က) လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်ဝင်းအတွင်း (၆၆/၁၁-၆.၆) ကေဗွီ၊ (၃၀)အမ်ဗွီအေနှင့် 66kV GIS ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၅-၂၀၁၇ ရက်
(၂) **တင်ဒါပိတ်မည့်ရက်** - ၉-၆-၂၀၁၇ ရက်
(၃) **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**
**တတိယအကြိမ်မြောက်အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ**
## အသိပေးကြေညာခြင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ တတိယအကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲအား ရွေးချယ်တင်မြှောက်ရေးကော်မရှင်မှ ၂၀၁၇ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။

အရွေးချယ်ခံမည့်သင်္ဘောသားကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်အရွေးချယ်ခံလိုပါက ရွေးချယ်တင်မြှောက်ခြင်းခံနိုင်ရန် အမည်စာရင်းတင်သွင်းလွှာပုံစံအား ကော်မရှင်ရုံးတည်ရှိရာ အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

သင်္ဘောသားကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံနိုင်ရန် လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) အသက်(၂၁)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
(၃) အနည်းဆုံး အခြေခံပညာအထက်တန်း (၁၀)တန်းအထိ သင်ကြားဖူးသူ (သို့မဟုတ်)အရာရှိ ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ရမည်။
(၄) အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြထားသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
(၅) အဖွဲ့ဝင်သက်တမ်း တစ်နှစ်ရှိရမည်။
(၆) Seafarer's Identification And Record Book (သို့မဟုတ်) CDC တွင်ဖော်ပြထားသည့်အတိုင်း ပင်လယ်ပြင်လုပ်သက် (၃)နှစ်ရှိရမည်။
(၇) အလုပ်အမှုဆောင်အဖြစ်ပါဝင်မည့်သူသည် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အမည်စာရင်းတင်သွင်းလွှာပုံစံအား ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှစတင်၍ လာရောက်ထုတ်ယူနိုင်ပြီး ၂၀၁၇ခုနှစ် ဇွန် ၂၂ရက် ညနေ ၅း၀၀နာရီ နောက်ဆုံးထား၍ ကော်မရှင်ရုံးတည်ရှိရာ အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လည်တင်သွင်းပေးပို့ပေးပါရန် အသိပေးကြေညာအပ်ပါသည်။ **မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၊ ရွေးချယ်တင်မြှောက်ရေးကော်မရှင်**

## ခြံနှင့် တိုက် ရောင်းရန်ရှိသည်

အကျယ်(၅၅×၄၄)ပေ၊ ဂရန်မြေ တစ်ထပ်တိုက်တစ်လုံးပါ ဈေး၊ ကျောင်းအနီး အချက်အချာကျ၍ လူစည်ကားသောနေရာ၊ Ruby Mart နှင့် ၅ မိနစ်ခန့် လမ်းလျှောက်သွားလျှင် ရောက်နိုင်ပါသည်။

**ထုံးဘို၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ညှိနှိုင်းဈေး**
**ဖုန်း-၀၉-၄၄၄၅၁၄၄၉၀**

## တိပိဋကစာအောင်သံဃာတော် အရှင်မြတ်တို့အား
## ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပါမည်

(၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ရွေးချယ်ရေးစာမေးပွဲတွင် မင်းကွန်းတိပိဋကကျောင်းတော်မှ **တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ (၁၄)ပါးမြောက် ဘဒ္ဒန္တဝီရိယာနန္ဒ (နောင်ချိုဆရာတော်)**အမှူးပြုသော စာအောင်သံဃာတော် (၂၉)ပါးတို့အား အောက်ပါအစီအစဉ်အတိုင်း ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပပါမည်။

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်
၁၉-၅-၂၀၁၇ ရက်
**ကျင်းပမည့်အချိန်** - ညနေ ၄ နာရီ
**ကျင်းပမည့်နေရာ** - မင်းကွန်းတိပိဋကကျောင်းတော် ရွှေရတုခန်းမ
(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်

**ဧည့်ပရိသတ်များအား ညနေစာဖြင့် ဧည့်ခံကျွေးမွေးပါမည်။**

**တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့**
**ဖုန်း-၀၁-၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၇၃၁၉၇၉၉၅**

## ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ


ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ မြို့မ(၁)လမ်းနေ
(ဦးကာတုံ-ဒေါ်ခင်လှ)တို့၏မြေး၊ ဦးလှကြည်-(ဒေါ်ကြင်ရီ)တို့၏သား
**ဒေါက်တာပြည့်မိုးကြွယ် B.D.S(Ygn)**
**(ဦးကာတုံ သင်္ကန်းပရိက္ခရာ၊ ပရိဘောဂတိုက်)**
**နှင့်**
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊
(၁၇)ရပ်ကွက်၊ အမှတ် ၃၂၈ နေ
အရာခံဗိုလ်(ချစ်ဆွေ)ငြိမ်း-ဒေါ်ဟန်တင့်တို့၏ မြေး၊
ဗိုလ်ကြီးသန်းဇော်(ငြိမ်း)-ဒေါ်ရွှေရွှေမြိုင်တို့၏ သမီး
**မနှင်းဝေဖြိုး B.A(Myanmar), Dip-T.E.C**
**အလက(၄) ဒဂုံတောင်**

တို့၏ ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့)တွင် Chatrium Hotel ၌ ကျင်းပသော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကိုမင်းကိုဦး(မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး)နှင့် ဇနီး ဒေါက်တာကေသီစိုး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကိုသူရအောင် (ငွေမိုး စိန်/ရွှေရတနာဆိုင်)နှင့်ဇနီး မခင်ခင်မော်၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော မိတ်ဆွေများအားလုံးကို လှိုက်လှဲခင်မင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာပြည့်မိုးကြွယ်-မနှင်းဝေဖြိုး**

## စက်မှုလက်မှုလုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာချက်

နမ့်စန်မြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးမျိုးကျော်ကျော် ၁/ဒမစ(နိုင်)၀၃၁၂၈၈ သည် အောက်ပါ ဝပ်ရှော့အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။




အထက်ပါ ဝပ်ရှော့အမှတ်တံဆိပ်အမှတ်အသားဖြင့် စက်မှုလက်မှုလုပ်ငန်းစာရွက်စာတမ်း ဆိုင်းဘုတ်ကြော်ငြာ၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါတံဆိပ်အမှတ်အသားကိုရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး အသုံးပြုသွားမည်ဖြစ်ပါသည်။ ၂၀-၃-၂၀၁၇ရက်တွင် နမ့်စန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၇/၂၀၁၇ ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။ ဦးမျိုးကျော်ကျော်၏ ခွင့်ပြုချက်မရရှိဘဲ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းများ ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးမျိုးကျော်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုင်းသူရကိုကို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၄၈၄)**
**၂/၄၅၃၊ တပင်ရွှေထီးလမ်း၊ နမ့်စန်မြို့**
**ဖုန်း-၀၉-၄၅၈၀၃၁၄၀၈၊ ၀၉-၉၆၄၅၈၀၃၁၄**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်ဆန်း (သုခိအောင်)

**အသက်(၉၅)နှစ်**

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမိုးမိုးဆန်း၏ဖခင် ဒု-ဗိုလ်မှူးကြီး(ငြိမ်း) ဦးကျော်ဆန်း (ယခင်လူငယ့်ရေးရာ/မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီ)သည် ၂၉-၄-၂၀၁၇ရက်က ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း) ကြည်း-၆၇၃၁

**ဒုတိယတပ်မတော်စစ်ဆေးရေးအရာရှိချုပ်(ငြိမ်း)**
**ဥက္ကဋ္ဌ(ငြိမ်း)၊ ဗဟိုသမဝါယမအသင်း**
**နာယက (CB Bank)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ် ၂၉၃နေ(ဦးဖေစိန်-ဒေါ်မမကြီး)တို့၏သား၊ (ဒေါ်သိန်းသိန်း)၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း)၊ နာယက(CB Bank)သည် ၃၀-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**CB Bank (PLC)**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးခင်ဇော် (ငြိမ်း)

**B.A (Philosophy) က/၁၀၁၉၀**
**ကလေးဝကောင်စီ(ဥက္ကဋ္ဌ)၊ ကွန်ဟိန်း မဝတ(ဥက္ကဋ္ဌ)(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၃၇၊ လေးလွှာနေ ဒေါ်ခင်မြတ်ဇော်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးခင်ဇော်(ငြိမ်း)သည် ၃၀-၄-၂၀၁၇ရက် ည ၁၁း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (30) သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ခင်အေးမြင့် (ထင်ပေါ်-ပလတ်စတစ်)

**အသက်(၆၀)**

ဗိုလ်မှူးမျိုးသူဝင်း-ဒေါ်စုစုဝင်းတို့၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး ဒေါ်ခင်အေးမြင့် အသက်(၆၀)သည် ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မောင်မောင်မြင့်-ဒေါ်ခင်ဆွေဝင်း**
**မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ခင်အေးမြင့် (ထင်ပေါ်-ပလတ်စတစ်)

**အသက်(၆၀)**

ဗိုလ်မှူးမျိုးသူဝင်း-ဒေါ်စုစုဝင်းတို့၏မိခင် ဘုရား၊ရဟန်း၊ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး ဒေါ်ခင်အေးမြင့် အသက်(၆၀)သည် ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးညီညီထွန်း-ဒေါ်ဖြူသက်ခိုင်**
**မိသားစု**

---

**ကျေးဇူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှဲ့လှဲ့ဝင်း

**B.A (History)**
**အသက်(၅၂)နှစ်**

၂၈-၄-၂၀၁၇ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားသော ဒေါ်လှဲ့လှဲ့ဝင်း၏နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ ဆေးကုသမှုခံယူနေစဉ်အချိန်အတွင်း အစစအရာရာ အကူအညီပေးခဲ့သော ဘန်ကောက်ဆေးရုံ (ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရောဂါဝေဒနာ သက်သာအောင်ကုသပေးပါသော ဘန်ကောက်ဆေးရုံမှ တာဝန်ရှိဆရာဝန်ကြီးများ၊ ဒေါ်လှဲ့လှဲ့ဝင်း၏ နောက်ဆုံးအချိန်ထိ ဂရုတစိုက်ဆေးကုသပေးပါသော ဆရာကြီး ဦးစိုးအောင်၊ ဆရာကြီး ဦးမောင်မောင်ခင်၊ ဆရာကြီး ဦးဝင်းစိန်၊ ဆရာကြီး ဦးဝင်းနိုင်၊ ဆရာကြီး ဦးမြင့်စိုးဝင်းနှင့် အာရှတော်ဝင် CCU မှတာဝန်ကျ ဆရာဝန်၊ ဆရာမများနှင့် ဦးစန်းလွင်(မဟာမြိုင်ဆေးရုံ)နှင့် မဟာမြိုင်ဆေးရုံမှ တာဝန်ကျ ဆရာဝန်၊ ဆရာမ များ MBDA(Maternal Blood Donan Association)နှင့် လူတစ်ဦးချင်းသွေးလှူပေးကြသော သွေးလှူရှင်များ၊ CSL Shipping Line မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စိတ်ဓာတ်ခွန်အားအမြဲပေးကြသော ဆွေမျိုး၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကြည်ကြည် လ/ထညွှန်မှူး(ငြိမ်း) (ပြန်/ဆက်)

**နေပြည်တော်**
**အသက်(၈၇)နှစ်**

အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထက်-ဗိုလ်မှူးကြီးဒေါ်သန်းသန်းရီတို့၏မိခင် ဒေါ်ကြည်ကြည် အသက်(၈၇)နှစ်သည် ၂၉-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်အောင်မြင့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ခင်ပြုံး မိသားစု**

---

## ဒေါ်သန်းသန်း

**အသက်(၈၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နေ (ဦးစံရွှေ-ဒေါ်စိန်ပို)တို့၏သမီး၊ (ဦးတင်ရင်-ဒေါ်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ သဇင်လမ်းသွယ်(၁)၊ အမှတ် ၁၅/၁၁၅နေ (ဦးအောင်သောင်း)(ထွေ/ဂျာ၊ လယ်စိုက်ရှင်း)၏ဇနီး၊ (ဦးမြင့်ဆွေ-ဒေါ်စန်းစန်းအေး)၊ (ဦးသန်းထွန်းအောင်)-ဒေါ်စီစီနှစ်၊ ဦးသာထွန်းဦး-ဒေါ်ခင်သန်းမော်၊ ဒေါ်အေးအေးတို့၏အစ်မသည် ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွှေပြည်သာနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဆရာကြီးဒေါ်ခေမာစာရီ

**(ကံဦးကျောင်းတိုက်မဟာစည်ရိပ်သာ)ပျဉ်းမနားမြို့ (ခ)**

**ဒေါ်ခင်မမရီ (မြို့နယ်ပညာရေးမှူး၊ ငြိမ်း၊ ကွတ်ခိုင်၊ အထက်တန်းကျောင်းအုပ်(ပင်လောင်း)၊ ကျည်တောင်ကန်၊ အလယ်တန်းကျောင်းအုပ်၊ သတ်ပုတ်ပင်(အလက)၊ သပြေပင်(အလက) အထက်တန်းပြဆရာမ အထက(၁)ပျဉ်းမနား၊ အထက(အေလာ) (B.A.Ed, B.Ed)**
**အသက်(၈၂)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကံဦးမဟာစည်ရိပ်သာ၊ ငွေတောင်ရပ်၊ ဗိုလ်တာရာလမ်း၊ အမှတ် ၁၀/၄၉နေ (ဦးအောင်ဖေ-ဒေါ်ကျင်အိ)တို့၏တစ်ဦးတည်းသောသမီး၊ ဦးမြင့်လွင်(မြို့နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ဦးမိုးအောင်၊ဒေါက်တာမိမိလွင်၊ ဒေါ်မိုမိုလွင်(အလက၊ ကန်းနား)၊ ဒေါက်တာအောင်မျိုးကျော်လွင်(လ/ထညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)-ဒေါ်ညီညီ(အထက-ခွဲ၊ ရှောက်ကုန်း)၊ ဦးကျော်စိုးသန်း(နဝရတ်ရွှေဆိုင်)၊ ဒေါ်လွင်မမလွင်(အထက၊ လယ်ဝေး)၊ ဦးမြဦး(မြန်မာ့မီးရထား)၊ ဒေါ်ခေးခေးအိလွင်၊ ဦးဇင်မျိုးကျော်လွင်-ဒေါ်ခိုင်စိန်စိန်၊ဦးဟန်ပိုင်မျိုးကျော်လွင်(U.C.L)၊ဒေါ်သော်တာအောင်(OXFAM)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၇ရက် ညနေ ၆း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂-၅-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်၊ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းနီ

**အထက်တန်းပြ(ငြိမ်း)**
**လေ့ကျင့်ရေးကျောင်း၊ ပညာရေးတက္ကသိုလ်**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ချစ်ရိပ်မွန်လမ်းသွယ်နေ (ဦးကြွက်နီ-ဒေါ်ကြင်လှ)တို့၏သမီး၊ ဒေါက်တာကိုကိုအောင်-ဒေါက်တာသွယ်သွယ်ဌေးတို့၏မိခင်၊ ဦးကိုကိုလေး၏ချစ်လှစွာသောဇနီးသည် ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၅-၂၀၁၇ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာသိန်းအောင်(ဒိုက်ဦး)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကဖြစ်သော ဆရာကြီးဒေါက်တာဦးသိန်းအောင်သည် ၁-၅-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**
**အမှုဆောင်အဖွဲ့**

---

## ဦးမျိုးမင်း(ခ)ကိုအေး(မုဒုံ)

**အသက်(၆၅)နှစ်**

မုဒုံမြို့၊ မင်းတန်းရပ်နေ ဦးကြူမင်း(တိုင်စင်း) - ဒေါ်သိုက်ဌေးတို့၏သား၊ ဦးထွန်းအောင်-ဒေါ်အေးအေးလှိုင်၊ ဒေါ်သီသီမော်(ရာမညနည်းပြ)၊ ဒေါ်မိမိနိုင်-Dr. ဦးမြင့်လွင် (Hong Kong)၊ ဦးမျိုးဝင်း-ဒေါ်သင်းသင်းရီတို့၏ ညီ/မောင်၊ ဦးမျိုးနိုင် @ဦးခင်မောင်ချစ်-ဒေါ်ကြူကြူလွင်၊ ဒေါ်လီလီမော်၊ ဒေါ်မိုးမိုးထွေး(Golden OK Pte Ltd)-ဦးကျော်ကျော်လှိုင် (OK Myanmar Co., Ltd)တို့၏အစ်ကို၊ အမှတ် ၂၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးမျိုးမင်းသည် ၂-၅-၂၀၁၇ရက် နံနက်တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစိုးလှိုင်

**ကြီးကြပ်ရေးမှူး(မြန်မာ့မီးရထား)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ မင်းကြီးလမ်း၊ အင်းစိန်ရွာမအရှေ့ရပ်ကွက်၊ အမှတ် ၃၀၄နေ (ဦးကျော်လှိုင်-ဒေါ်မမကြီး)တို့၏သား၊ (ဦးအုန်းမောင်) - ဒေါ်စိန်ကြည်တို့၏သားသမက်၊ ဒေါ်ချိုချိုထွေး၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းထက်၊ ဒေါက်တာမင်းသက်တို့၏ ချစ်လှစွာသောဖခင်သည် ၂-၅-၂၀၁၇ရက် နံနက် ၀၀း၂၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမဒေါ်အုန်းကြည်(ခ) ဟာဂျီမဒေါ်အမီနာဘီဘီ

**နေပြည်တော်၊ လယ်ဝေးမြို့**
**အသက်(၈၃)နှစ်**

လယ်ဝေးမြို့၊(၄)ရပ်ကွက်နေ (ဟာဂျီဦးပု)၏ဇနီး၊ (ဦးကျော်မြင့်)၊ ဟာဂျီဦးရွှေကို - ဟာဂျီမ ဒေါက်တာဒေါ်မြင့်မြင့်ကြည်တို့၏မိခင်၊ ဟာဂျီမ မမေသီလွင်၊ ဒေါက်တာမောင်မောင်နိုင်-မစောနီလာဆွေ၊ ဟာဂျီမောင်မောင်လွင်-မညီမီလွင်တို့၏အဘွားသည် ၁-၅-၂၀၁၇ရက်တွင် ဇဟိုရ်နမာဇ့်အပြီးတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် လယ်ဝေးမြို့ ကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်နှင်းကြိုင် (အမိုး)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်၊ ဗညားဒလလမ်း၊ အမှတ် ၄၀၆နေ ဦးမောင်မောင်လတ်(ဘဏ္ဍာအခွန်ဝန်ကြီးရုံး၊ ငြိမ်း)၏ဇနီး၊ စောမျိုးလင်း - မသွယ်သွယ်လတ်၊ ကိုတင်ထွဋ်-မယဉ်ယဉ်လတ်၊ ကိုကျော်ဦး-မမျိုးမျိုးလတ်၊ ကိုကျော်ကျော်လတ် (ဖိုးခွား) - နော်အယ်မူးနာတို့၏မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၁-၅-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ကယ်တင်ခြင်းတပ်(တာမွေ) ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ပါမည်။ (တာမွေဘုရားကျောင်းမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [အောက်မေ့ဖွယ်ဝတ်ပြုခြင်းအစီအစဉ်ကို ၇-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွန်း

**အထပြ(ငြိမ်း)၊ အထက(၁၂)**
**အလက(၅)ဘုံကျော်**
**အသက်(၇၂)နှစ်**

ရေနံချောင်းမြို့နေ (ဦးထွန်းရင်-ဒေါ်လှအုန်း)တို့၏သား၊ ဒေါ်လှမြင့်၊ ဒေါ်ပေါက်စ၊ ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးနေထွန်းလင်း(ငြိမ်း)(လက်ထောက်အထွေထွေမန်နေဂျာ၊ စက်ရုံမှူး၊ ငွေပင်လယ်အအေးခန်းစက်ရုံ၊မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်ထက်ထက်လှိုင်၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်၊နဝရတ်ရိပ်သာ၊တိုက်(L-1)၊အခန်း ၁နေ ဗိုလ်မှူးရည်မွန်(ခလရ-၂၇၀)-ဒေါ်ခိုင်သွယ်ထွန်း (အမက-၂၀)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်ဌေးဌေး(အလပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင်အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၅-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ နဝရတ်ရိပ်သာနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်မြင့် (ရန်ကုန်)

**အသက်(၆၇)နှစ်**

(ဦးကျော်ခ - ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးခင်ကြည်)၊ ဒေါ်သန်းစော၊ ဒေါ်သန်းအုန်း၊ ဦးအေးကို၊ ဒေါ်သန်းရီတို့၏ညီ/မောင်၊ ဦးသိန်းလွင်-ဒေါ်စန်းစန်းဝေ၊ ဦးတူး(ခ)ဦးစိုးလွင်၏အစ်ကို၊ ဒေါ်ခင်ယုဇန၏ခင်ပွန်းသည် ၁-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ဖားရွှေကျော်လမ်း၊ အမှတ် ၃၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဇာဂရ

**မြို့မပဝါရဏာဂိုဏ်းချုပ်ဆရာတော်**
**မြို့နယ်သံဃနာယကအဖွဲ့ကိုယ်စားလှယ်**
**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူးမြို့၊ ဘုရားလမ်းရပ်ကွက်၊ မဟာဝိဇ္ဇောဒယကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၄ရက်) ၂၉-၄-၂၀၁၇ရက် (စနေနေ့) ည ၈း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။

**တပည့်များနှင့်ဒါယကာ၊ ဒါယိကာမများ**
**မဟာဝိဇ္ဇောဒယကျောင်းတိုက်**
**ကော့မှူးမြို့**

---

## ဦးမင်းဟန် (ကျောင်းကုန်း/ကျုံပျော်)

**လွှတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်**
**ဆောက်/လျှပ်၊ ကုန်သွယ်ရေး(၁၅)ငြိမ်း**
**ဒ·ဘ·ဗ(မွမ်းမံ)၊ တိုင်းရင်းဆေးဆရာကြီး**
**အသက်(၉၅)နှစ်**

(ဦးဘိုး(ငြိမ်း-ဒေါ်သင်း)တို့၏သား၊ (ဒေါ်သိန်းရီ)၏ခင်ပွန်း၊ ဦးမင်းဇော်[အထက(၂)လှိုင်၊ ငြိမ်း]-ဒေါ်မြမြ[အထက(၂)လှိုင်၊ ငြိမ်း]၊ (ဦးဇော်ထွန်း)-ဒေါ်မေရီခင်ဖြူဖြူ၊ (ဦးသိန်းဇော်)-ဒေါ်ယဉ်ယဉ်လှ၊ (ဦးဇော်သင်း)၊ ဦးကျော်ဝင်း-ဒေါ်ခင်နှင်းဦး၊ ဒေါ်ခင်ဇော်ထွေး(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဌေးဇော်(လုပိုပိုအလုပြင်ခန်းမ)၊ (ဦးခိုင်ဇော်)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် အမှတ် ၈၀၊ မြေညီ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြစိန်

**အသက်(၈၇)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အမတော်ဝင်းနေ ဒေါက်တာဦးညွန့်ဝေ(တိရစ္ဆာန်ဆေးကု၊ မျိုးဝေဝေ တိ/ဆေးကု)၊ ဒေါ်အမာဝေ(အထ က-၁)၊ ဒေါ်အမာဆွေ၊ ဦးတင်ဦး-ဒေါ်သန္တာ၊ ဒေါ်မော်မော်ဝေ(အထက-၈)၊ ကိုအောင်မြင့်တို့၏ဖခင်၊ ကိုသူရဦး-မနန္ဒာလှိုင်၊ ကိုဝဏ္ဏဦး-မဇွန်ဇွန်မိုးတို့၏အဘိုး၊ မနန်းသီရိလှိုင်၏အဘေးသည် ၂-၅-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မန္တလေးဆေးတက္ကသိုလ်သို့ လှူဒါန်းသွားပါမည်။ ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဟန်(ခ)ဦးသောင်း (ရွှေကျင်မြို့)

**မြို့နယ်မှူး(ငြိမ်း)၊ စား/ဖျော်လုပ်ငန်း၊ တောင်ဥက္ကလာပ**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ ၁၃လမ်း၊ အမှတ် ၃၁၉နေ (ဦးအောင်ဘွင်း-ဒေါ်ဒေါ်မြင့်)တို့၏သား၊ (ဦးစံအေး-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဦးသန်းမြင့်-ဒေါ်တင်တင်ဦး)၊ ဦးစောဟန်-(ဒေါ်ခင်စောလှိုင်)တို့၏ညီ/မောင်၊ (ဦးကျော်စိန်)-ဒေါ်ရီရီ၊ ဒေါက်တာလှမြင့်-ဒေါ်နန်းနှင်းမှုံတို့၏အစ်ကို၊ ကျောက်ဆည်မြို့နေ(ဦးတင်ရွှေ)-ဒေါ်ခင်ညွန့်တို့၏မောင်၊ (ဦးဖုန်းကျော်)-ဒေါ်ခင်စု၊(ဦးမြသန်း)-ဒေါ်အုန်းကြည်(မန္တလေး)၊ ဦးစံဌေး-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်မြင့်-ဒေါ်လှလှအေးတို့၏အစ်ကို၊ ဦးကိုကို(ဂျပန်သံရုံး)-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်မိုး(ဓာတ်မှန်ကျွမ်းကျင်)-ဒေါ်အေးအေးမိုး(ကထိက၊ အင်္ဂလိပ်စာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဦးစိုးလွင်တို့၏ချစ်လှစွာသောဖခင်၊ မအိသဥ္ဇာကို၊ မသန္တာဆွေဇင်[အထက(၂)ရန်ကင်း]၊ မောင်ရဲမိုးအောင်[အထက(၂)ရန်ကင်း]တို့၏ဘိုးဘိုးကြီး၊ ဒေါ်နုနုအေး၏ချစ်လှစွာသောခင်ပွန်းသည် ၁-၅-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်ငြိမ်း

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ (ဦးကျင်စိန်-ဒေါ်အေးမှီ)တို့၏သား၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းကြီးကျေးရွာနေ (ဦးထွန်း-ဒေါ်ဆေး)တို့၏သားသမက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၅)ရပ်ကွက်၊ ပုလဲသွယ်လမ်း၊ အမှတ် ၂၁၄နေ ဒေါ်ချစ်၏ခင်ပွန်း၊ ကိုစန်းဦး၊ ကိုစန်းလွင်၊ (ကိုခင်မောင်ဦး)-မခင်မြတ်ကြူ၊ ကိုစန်းဇော်-မဇာခြည်ဝင့်၊ ကိုမိုးဇော်၊ မအေးအေးကြူ၊ ကိုတိုးတိုးဇော်၊ မခင်သီတာအေး၊ မခင်စန္ဒာထွေးတို့၏ဖခင်၊ကိုနိုင်လင်းဦး-မခိုင်ရွှေဝါ၊မမေဖြူဦး၊မယဉ်နွယ်ဦး၊ မပြည့်ပြည့်တို့၏အဘိုး၊ မဆောင်းကျွန်ဦး၊ မောင်သူရလင်းထက်တို့၏အဘိုးသည် ၁-၅-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဇော်မင်းဦး(ခ)ဆန်နီ အသက်(၅၆)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း ၁၁၀၊ အမှတ် ၉နေ [ဦးသိန်းအောင်(ခ)မောင်မောင်သွင်-ဒေါ်ရင်ရင်နု]တို့၏သား၊ ဦးမြကြီး(ဆေး/ကုန်သွယ်၊ ငြိမ်း)-ဒေါ်အေးအေးမူ(M.F.T.B) (ငြိမ်း)၊ ဒေါ်ဌေးဌေးမူ(မင်္ဂလာတောင်ညွန့် ထွေ/အုပ်)(ငြိမ်း)၊ (ဦးခင်မောင်ဇော်)-ဒေါ်ဇင်မာအောင်(R.T.C)(ငြိမ်း)၊ ဒေါ်ခင်ထွေးကြူ(ခ)ဘက်တီ(အထက-၃၊ မင်္ဂလာတောင်ညွန့်)တို့၏မောင်၊ ဦးညီညီအောင်-ဒေါ်နီလာအောင်(စက်မှု-၁၊ ငြိမ်း)တို့၏အစ်ကို၊ ကိုအောင်ကြည်ထွန်း-မယင်းမာဟိန်း(ခ)ပုံ့ပုံ့၊ ကိုသန့်ဇင်ဖြိုးဝင်း-မခိုင်သူသူဇော်(ခ)ဂျူဂျူး(M.E.C)တို့၏ ဦးလေး၊မဟန်သီရိအောင်၊ မယွန်းထည်ဝါလင်းတို့၏အဘိုးသည် ၂-၅-၂၀၁၇ရက် မွန်းလွဲ ၁၂း၅၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဦးတည်ချက်ဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာ

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေး ၂၁ ဈေး အဆင့်မြှင့်တင်မည်



ဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ဘိုကလေးဈေးအား တွေ့မြင်ရစဉ်

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

**ရန်ကုန် မေ ၂**

ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေးပေါင်း ၂၁ ဈေးကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဈေးများဌာနမှ သိရသည်။

ဈေးများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဒီဇိုင်းတင်ဒါရွေးချယ်ခြင်းနှင့်ပတ်သက်၍ ဈေးများဌာနမှ လက်ထောက်ဌာနမှူး ဦးသန့်ဇင်ထွန်းက "ကျွန်တော်တို့က မြန်မာနိုင်ငံ ဗိသုကာအသင်းချုပ်ကို ဒီဇိုင်းတင်ဒါလိုချင်ပါတယ်လို့ အပ်လိုက်ပါတယ်။ အသင်းချုပ်ကလည်း ဈေးတွေနဲ့ ပတ်သက်ပြီး ဒီဇိုင်းတင်ဒါပြိုင်ကြဖို့ခေါ်လိုက်တယ်။ ခုလောလောဆယ်တော့ အဲဒီဈေး ၂၁ ဈေးထဲကနေပြီး ဈေးသုံးဈေးဖြစ်တဲ့ ရန်ကင်းမြို့မရယ်၊ ဘိုကလေးရယ်၊ မြရတနာဈေးတွေကိုတော့ ဒီဇိုင်းတင်ဒါယှဉ်ပြိုင်ဖို့ သတင်းစာထဲက

*စာမျက်နှာ ၆ ကော်လံ ၁* ✻



## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

စာမျက်နှာ - ၄

## သဘာဝဘေးမုန်တိုင်းအန္တရာယ် သတိပေးချက်အပေါ် ပြည်သူများ ပြန်လည်တုံ့ပြန်မှု ကြိုတင်သရုပ်ပြလေ့ကျင့်

စာမျက်နှာ - ၅